# မော်တော်ယာဉ်ဥပဒေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ရထား·ပို့ဆောင်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန

# ၁၉၆၄ မော်တော်ယာဉ်ဥပဒေ
# ၁၉၈၉ မော်တော်ယာဉ်နည်းဥပဒေများ
# နှင့်
# လမ်းညွှန်းများ လမ်းအမှတ်အသားများနှင့်
# အချက်ပြများ

# မာတိကာ


| အကျွရာစဉ် | စာမျက်နှာ |
|---|---|
| ၁။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ | ၃ |
| ၂။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၃ |
| ၃။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ | ၂၇ |
| ၄။ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ | (သီးခြားနောက်ဆက်တွဲ) |

# ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ။

(၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇။)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁

### စကားချီး

**အမည်တိုနှင့် စတင်အာဏာတည်ခြင်း**

၁။ ။ (၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အခန်း ၃ မှတစ်ပါး အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

(၃) အခန်း ၃ သည်၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သီးခြားသတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ။ ဤဥပဒေတွင် အခြား အဓိပ္ပာယ်ကောက်ယူရန်မလိုလျှင်–

(က) "မော်တော်ယာဉ်" ဆိုသည်တွင် စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ အချို့အဝက်မျှသော်လည်းကောင်း အသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့်၊ သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ယာဉ်များပါဝင်သည်။

(ခ) "နောက်တွဲ" ဆိုသည်မှာ၊ မော်တော်ယာဉ်ဖြင့်ဆွဲသည့်၊ သို့မဟုတ် ဆွဲရသည့် ယာဉ်တစ်ခုခုကို ဆိုလိုသည်။

(ဂ) "ယာဉ်မောင်းလိုင်စင်" ဆိုသည်မှာ၊ အခန်း ၄ အရ၊ အခွင့်ရအာဏာပိုင်က၊ သီးခြားဖော်ပြထားသည့်သူအား၊ မော်တော်ယာဉ်

ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား၊ သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကာ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုလိုသည်။

(ဃ) "လိုင်စင်ထုတ်ပေးသည့်အာဏာပိုင်" ဆိုသည်မှာ၊ ဤဥပဒေအရပြုသည့်နည်းဥပဒေများဖြင့်၊ အစိုးရကခန့်ထား၍၊ လိုင်စင်များထုတ်ပေးရန်အာဏာအပ်နှင်းထားသောအာဏာပိုင်ကိုဆိုလိုသည်။

(င) "မှတ်ပုံတင်သက်သေခံလက်မှတ်" ဆိုသည်မှာ၊ မော်တော်ယာဉ်ကို၊ အခန်း ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ နည်းလမ်းတကျမှတ်ပုံတင်ပြီးကြောင်းဖြင့်၊ အခွင့်ရအာဏာပိုင်ကထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုလိုသည်။

(စ) "မှတ်ပုံတင်အာဏာပိုင်" ဆိုသည်မှာ၊ အခန်း ၂ အရ၊ မော်တော်ယာဉ်များ မှတ်ပုံဝင်ရန် အာဏာအပ်နှင်းခြင်းခံရသည့် အာဏာပိုင်ကို ဆိုလိုသည်။

(ဆ) "သတ်မှတ်သည်" ဆိုသည်မှာ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်သည်ကို ဆိုလိုသည်။

(ဇ) "ပြည်သူတို့ဆိုင်ရာနေရာ" ဆိုသည်မှာ၊ ဥဒဟိုသွားလာရန် လမ်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြည်သူတို့ ဝင်ထွက်သွားလာပိုင်ခွင့်ရှိသောလမ်း၊ လမ်းသွယ်၊ လမ်းကြောင်း၊ သို့မဟုတ် အခြားနေရာတစ်ခုခုကို ဆိုလိုသည်။

(ဈ) "လမ်းအဲသွားအလာ အထိမ်းအမှတ်များ" ဆိုသည့် စကားရပ်တွင်၊ မော်တော်ယာဉ် မောင်းသူများအားလည်းကောင်း၊ လမ်းအသုံးပြုသော အခြားသူများအားလည်းကောင်း လမ်းညွှန်ခြင်း၊ စည်းမျဉ်းသတ်မှတ်ခြင်း၊ သို့မဟုတ် ကြိုးကြပ်ခြင်းပြုရန် တီထွင်ထားသော အချက်ပြ၊ အထိမ်းအမှတ်၊ အမှတ်အသား၊ သို့မဟုတ် အခြားကိရိယာအားလုံး ပါဝင်သည်။

(ည) "ပိုင်ရှင်" ဆိုသည့်စကားရပ်တွင်၊ မော်တော်ယာဉ် လက်ရှိဖြစ်သူသည်၊ အရွယ်မရောက်သေးသူဖြစ်လျှင်၊ အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ထို့ပြင် ငှားဝယ် သဘောတူစာချုပ်အရ လက်ရှိထားသည့်မော်တော်ယာဉ်နှင့်စပ်လျဉ်း၍၊ ထိုသဘောတူစာချုပ်အရ၊ မော်တော်ယာဉ်လက်ရှိဖြစ်သူလည်း ပါဝင်သည်။

## အခန်း ၂

### မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း

**မှတ်ပုံတင်ရန်လိုအပ်ခြင်း။**

၃။ ။ မည်သည့်မော်တော်ယာဉ်မဆို၊ ဤအခန်းနှင့်အညီ မှတ်ပုံတင်မထားသော မော်တော်ယာဉ်ဖြစ်လျှင် လည်းကောင်း၊ မှတ်ပုံတင်ထားပြီးနောက်၊ မှတ်ပုံတင် သက်သေခံလက်မှတ် ခေတ္တရပ်စဲထားသော၊ သို့မဟုတ် ဖျက်သိမ်းထားသော၊ သို့မဟုတ် သက်တမ်း ကုန်ဆုံးပြီးသော။ ထို့ပြင် မှတ်ပုံတင် သက်သေခံ လက်မှတ်ကို၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားသော မော်တော်ယာဉ်ဖြစ်လျှင်လည်းကောင်း၊ ထိုမော်တော်ယာဉ်ကို ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မည်သူမျှ မမောင်းနှင်ရ။ ထို့ပြင် မော်တော်ယာဉ်ပိုင်ရှင် တစ်ဦးဦးကလည်း၊ မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

**ယာယီမှတ်ပုံတင်ခြင်း။**

၄။ ။ (၁) မော်တော်ယာဉ်ပိုင်ရှင်သည်၊ မော်တော်ယာဉ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း၊ ယာယီမှတ်ပုံတင် သက်သေခံလက်မှတ်နှင့် ယာယီ မှတ်ပုံတင် အမှတ်အသားထုတ်ပေးရန်လည်းကောင်း၊ မှတ်ပုံတင်အာဏာပိုင် တစ်ဦးဦးထံ လျှောက်ထားနိုင်သည်။

(၂) ဤပုဒ်မအရ ပြုလုပ်သည့် မှတ်ပုံတင်ခြင်းမှာ၊ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်သာ အတည်ဖြစ်စေရမည်။ ထိုသို့မှတ်ပုံတင်ခြင်းကို အသစ်တစ်ဖန်ပြုလုပ်ပိုင်ခွင့် မရှိစေရ။

၅။ **တည်ဆောက်မှုနှင့် လည်းကောင်း၊ ပြုပြင်ထားရှိမှုနှင့်လည်းကောင်း သက်ဆိုင်သည့် ယေဘုယျပြဋ္ဌာန်းချက်။**

။ မော်တော်ယာဉ်ဟူသရွေ့ကို၊ အခါခပ်သိမ်း မော်တော်ယာဉ်မောင်းသူ ထိရောက်စွာ ထိန်းနိုင်အောင် တည်ဆောက်၍ ပြုပြင်ထားရှိရမည်။ ယင်းသို့တည်ဆောက်၍ ပြုပြင်မထားလျှင် မည်သူ၊ သို့မဟုတ် မည်သူတို့၏တာဝန်ဖြစ်ရမည်ကို သတ်မှတ်ရမည်။

၆။ **မှတ်ပုံတင်ခွင့်မပြုခြင်း။**

။ မည်သည့်မော်တော်ယာဉ်မဆို၊ စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက၊ ထို မော်တော်ယာဉ်နှင့်စပ်လျဉ်း၍၊ ယခင်က မှတ်ပုံတင်ခဲ့ဘူးသည့် အကြောင်းအရာများကိုဖော်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ၊ မှတ်ပုံတင်အာဏာပိုင်သည်၊ ထိုမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ **ပိုင်ရှင်ပြောင်းလဲခြင်း။**

။ ဤအခန်းအရ၊ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် တစ်ခုခုနှင့် စပ်လျဉ်း၍၊ ပိုင်ရှင်ပြောင်းလဲသည့် ကိစ္စတွင် သတ်မှတ်သည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။

၈။ **မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ချက်။**

။ မည်သည့် မော်တော်ယာဉ်ပိုင်ရှင်မျှ၊ သတ်မှတ်ထားသည့်အတိုင်းမှတစ်ပါး၊ သို့မဟုတ် မှတ်ပုံတင်အာဏာပိုင်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်းကိုမပြုရ။

၉။ **မှတ်ပုံတင်ထားခြင်းကို ခေတ္တရုပ်စဲခြင်း။**

။ မှတ်ပုံတင် အာဏာပိုင်၊ သို့မဟုတ် အခြား သတ်မှတ်ထားသည့် အာဏာပိုင်သည်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်ကို သတ်မှတ်သည့် ကြောင်းခြင်းရာများအရ၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း ခေတ္တရုပ်စဲနိုင်သည်။

၁၀။ ။ မှတ်ပုံတင်အာဏာပိုင်သည်-

**မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို မည်သည့်အခါ ဖျက်သိမ်းရခြင်း။**

(က) မော်တော်ယာဉ်မှာ၊ ထာဝစဉ်သုံးမရနိုင်အောင် ဖြစ်နေလျှင်၊ သို့မဟုတ်

(ခ) မော်တော်ယာဉ်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပ ထာဝစဉ်ထုတ်ယူသွားလျှင်

မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ဖျက်သိမ်းရမည်။

၁၁။ ။ မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရှိသော်လည်းကောင်း၊ ကောင်းမွန်ကြောင်း သက်သေခံလက်မှတ် ထုတ်မပေး၍သော်လည်းကောင်း၊ ပုဒ်မ ၆ အရ ငြင်းဆိုသည့်

**အယူခံဝင်ခြင်း။**

အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၉၊ သို့မဟုတ် ပုဒ်မ ၁၀ အရ ခေတ္တရပ်စဲသည့်၊ သို့မဟုတ် ဖျက်သိမ်းသည့်အမိန့်ကြောင့်ဖြစ်စေ၊ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည်၊ အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ ထိုအမိန့်ကို သတ်မှတ်ထားသည့် အာဏာပိုင်ထံ အယူခံဝင်နိုင်သည်။

# အခန်း ၃

## သူတစ်ပါးထိခိုက်မှု အန္တရာယ်အတွက် မော်တော်ယာဉ်များ အာမခံထားခြင်း

၁၂။ ။ ခရီးသည်မှအပ မည်သူမျှ ဤအခန်းပါ လိုအပ်ချက်များအတိုင်းထားသော အာမခံပေါ်လစီ တည်ဆဲမရှိဘဲ မည်သည့်မော်တော်ယာဉ်ကိုမဆို ပြည်သူတို့ဆိုင်ရာနေရာတွင် အသုံးမပြုရ၊ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

**အာမခံမထားဘဲ မော်တော်ယာဉ်ကို အသုံးမပြုရခြင်း။**

၁၃။ ။ (၁) ဤအခန်းပါ လိုအပ်ချက်များနှင့် ညီညွတ်စေရန် အလို့ငှာ၊ အာမခံပေါ်လစီမှာ-

ပေါ်လစီများအတွက် လိုအပ်ချက်များနှင့် တာဝန် ကန့်သတ်ချက်များ။

(က) ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအာမခံစံနစ်အဖွဲ့က ထုတ်ပေးသည့် ပေါ်လစီဖြစ်စေရမည်။ ထို့ပြင်

(ခ) မော်တော်ယာဉ် အသုံးပြုခြင်းကြောင့် တစ်ဦးတစ်ယောက်သောသူ သေဆုံးမှု၊ သို့မဟုတ် ကိုယ်ခန္ဓာဒဏ်ရာရမှုနှင့်စပ်လျဉ်း၍၊ ၎င်းတို့ကို အာမခံသည့် ပေါ်လစီဖြစ်စေရမည်။

(၂) တည်ဆဲ အခြားတရားဥပဒေတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့မှာ၊ ထိုပေါ်လစီတွင် အကျုံးဝင်သည့်သဘော သက်ရောက်သော တာဝန်တစ်ခုခုအတွက် ငွေပေးလျော်ရန်တာဝန်ရှိစေရမည်။

တရားစွဲဆိုပိုင်ခွင့် ပေါ်တွင် သေဆုံးမှု အကျိုးသက်ရောက်ခြင်း။

၁၄။ ။ တည်ဆဲ သေတမ်းစာ အတည်ပြုမှုနှင့်လည်းကောင်း၊ အမွေထိန်းမှုနှင့်လည်းကောင်း သက်ဆိုင်သည့် တည်ဆဲအခြားတရားဥပဒေ တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ အာမခံထားသူသည်၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ ရထိုက်ခွင့် တောင်းဆိုမှု ဖြစ်ပေါ်စေသည့် အဖြစ်အပျက်တစ်ခုခုဖြစ်ပျက်ပြီးနောက် သေဆုံးလျှင်၊ ထိုသူ သေဆုံးခြင်းမှာ၊ ထိုသူပိုင်ပစ္စည်းအပေါ်တွင်သော်လည်းကောင်း၊ ပြည်ထောင်စု အာမခံစံနစ်အဖွဲ့ ပေါ်တွင်သော်လည်းကောင်း၊ အဆိုပါအဖြစ်အပျက်မှ ဖြစ်ပေါ်လာသော တရားစွဲဆိုပိုင်ခွင့် ဆက်လက်တည်ရှိနေသည်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

# အခန်း ၄

## မော်တော်ယာဉ်မောင်းသူများအား လိုင်စင်ထုတ်ပေးခြင်း

ယာဉ်မောင်းလိုင်စင် လိုအပ်ခြင်း။

၁၅။ ။ (၁) မည်သူမျှ၊ သတ်မှတ်သည့် နည်းလမ်းအတိုင်း မိမိအားထုတ်ပေးထားသည့် ခိုင်လုံသော ယာဉ်မောင်းလိုင်စင် လက်ရှိမထားလျှင်၊ မော်တော်ယာဉ်ကို၊ ပြည်သူတို့ဆိုင်ရာနေရာ တစ်ခုခုတွင် မမောင်းနှင်ရ။ ထို့ပြင် မည်သည့်မော်တော်ယာဉ် ပိုင်ရှင်၊ သို့မဟုတ် ထိန်းသိမ်းသူမျှ၊ ထိုမော်တော်ယာဉ်ကို၊ ထိုသို့ လိုင်စင်ထုတ်ပေးမထားသည့် သူတစ်ဦးဦးအား မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

(၂) အစိုးရသည်၊ မော်တော်ယာဉ် အမောင်းသင်သူအား၊ ပုဒ်မခွဲ (၁) နှင့် မသက်ဆိုင်စေရန် စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်၌၊ ယာဉ်မောင်းလိုင်စင် မထုတ်ပေးလိုခြင်းဆိုနိုင်သော၊ သို့မဟုတ် ရုပ်သိမ်းနိုင်သော၊ သို့မဟုတ် တစ်ဦးတစ်ယောက်သောသူအား ယာဉ်မောင်းလိုင်စင် လက်ရှိ ထားရန် အရည်အချင်း ပျက်ပွင်းကြောင်း ပြဋ္ဌာန်းနိုင်သော အာဏာရှိခြင်း။

၁၆။ ။ (၁) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သည်၊ တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍-

(က) ရောဂါ၊ သို့မဟုတ် မသန်မစွမ်းမှု တစ်ခုခုကြောင့်၊ မော်တော်ယာဉ်မောင်းနှင်ရန် မသင့်တော်သူဟူ၍ ယုံကြည် ကျေနပ်လျှင်သော်လည်းကောင်း၊

(ခ) မော်တော်ယာဉ် မောင်းနှင်ရေးနှင့် စပ်လျဉ်း၍ ပြစ်မှု မကြာခဏကျူးလွန်တတ်သူ၊ သို့မဟုတ် သေရည်သေရက် အလွန်အကြူး အမြဲတစေ သောက်စား မူးယစ်တတ်သူ ဟူ၍ ယုံကြည် ကျေနပ်လျှင်သော်လည်းကောင်း၊

(ဂ) ရဲအရေးယူပိုင်သော ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင်၊ မော်တော်ယာဉ်ကို အသုံးပြုလျက်ရှိသူ၊ သို့မဟုတ် အသုံးပြုခဲ့သူဟူ၍ ယုံကြည် ကျေနပ်လျှင်သော်လည်းကောင်း၊

(ဃ) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ် မောင်းနှင်ခြင်းမှာ ပြည်သူတို့အား ဘေးအန္တရာယ် ဖြစ်စေတန်ရာသည် ဟူ၍ ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊

(င) ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက်၊ သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ကျူးလွန်သော ပြစ်မှုအတွက်၊ ပြစ်မှုထင်ရှားစီရင်၍၊ ထိုသို့ ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင် ထုတ်မပေးရန်၊ သို့မဟုတ် ရုပ်သိမ်းရန်၊ သို့မဟုတ် ရပ်ဆိုင်းရန် အဆိုပြုခြင်းခံရသူ ဖြစ်လျှင်သော်လည်းကောင်း၊

ယာဉ်မောင်းလိုင်စင်ကို မထုတ်ပေးလို ငြင်းဆိုနိုင်သည်၊ သို့မဟုတ် ရုပ်သိမ်းနိုင်သည်၊ သို့မဟုတ် ထိုသူအား၊ ယာဉ်မောင်းလိုင်စင် လက်ရှိထားရန်သော်လည်းကောင်း၊ ရရှိရန်သော်လည်းကောင်း၊ မော်တော်ယာဉ်တစ်မျိုးမျိုး မောင်းနှင်ခွင့်လိုင်စင် လက်ရှိထားရန်သော်လည်းကောင်း၊ သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွက် အရည်အချင်း ပျက်ယွင်းကြောင်း ပြဋ္ဌာန်းနိုင်သည်။ ထိုသို့ ငြင်းဆိုရခြင်း၊ သို့မဟုတ် ရုပ်သိမ်းရခြင်း၊ သို့မဟုတ် ပြဋ္ဌာန်းရခြင်းအကြောင်းများကို၊ စာဖြင့်ရေးမှတ်ထားရမည်။

(၂) ဤပုဒ်မအရ လိုင်စင်ထုတ်ပေးသော အာဏာပိုင်ချမှတ်သည့် အမိန့်တစ်ခုခုကြောင့် နစ်နာသူတစ်ဦးဦးသည်၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်။

# အခန်း ၅
## ယာဉ်အသွားအလာကြီးကြပ်ခြင်း

၁၇။ ။ မည်သူမျှ၊ ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အများဆုံး အမြန်နှုန်းထက် ပို၍မမောင်းနှင်ရ၊ သို့မဟုတ် မမောင်းနှင်စေရ၊ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

**အမြန်နှုန်းကန့်သတ်ချက်**

၁၈။ ။ မော်တော်ယာဉ်ကြောင့် မတော်တဆ ထိခိုက်မှုဖြစ်ပွား၍၊ တစ်ဦးတစ်ယောက်သောသူ ဒဏ်ရာရသည့်အခါ၊ ထိုမော်တော်ယာဉ်မောင်းသူ၊ သို့မဟုတ် ထို မော်တော်ယာဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားမှာ သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

**မတော်တဆ ထိခိုက်မှု ဖြစ်ပွား၍ တစ်ဦးတစ်ယောက်သောသူ ဒဏ်ရာရလျှင် ယာဉ်မောင်းသူ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား။**

၁၉။ ။ မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှုတစ်ခုခု ဖြစ်ပွားသည့်အခါ၊ ဤကိစ္စအလို့ငှာ အစိုးရက အာဏာအပ်နှင်းထားသော သူတစ်ဦးဦးသည်၊ မိမိအား၊ အာဏာအပ်နှင်းသည့် စာလွှာကို၊ ထုတ်ပြရန် လိုအပ်လျှင် ထုတ်ပြ၍၊ ထိုယာဉ်ကို ကြည့်ရှု စစ်ဆေးနိုင်သည့်ပြင် ထိုကိစ္စအလို့ငှာ၊ ထိုယာဉ်ရှိရာ ဥပစာတစ်ခုခုသို့လည်း၊ သင့်လျော်သည့်အချိန်ဟူသရွေ့တွင် ဝင်ရောက်နိုင်သည်။ ထိုယာဉ်ကိုလည်း စစ်ဆေးရန် ရွှေ့ပြောင်းနိုင်သည်။

**မတော်တဆ ထိခိုက်မှု ဖြစ်ပွားရာတွင် ပါဝင်သည့် မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးခြင်း။**

သို့ရာတွင် ထိုသို့ ယာဉ်ရွှေ့ပြောင်းသည့်နေရာကို၊ ယာဉ်ပိုင်ရှင်အား အကြောင်းကြားရမည့်ပြင် ယာဉ်ကိုလည်း၊ အကြောင်းမဲ့ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ပြန်ပေးရမည်။

# အခန်း ၆

## ပြစ်မှုများ၊ ပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းနည်းလမ်းများ

၂၀။ ။ မည်သူမဆို–

ပြစ်မှုများ

(က) အခွင့်အမိန့်ရ လိုင်စင်မရှိဘဲ၊ လက်မှတ် ရောင်းသူ၊ သို့မဟုတ် စပယ်ယာအဖြစ် ဆောင်ရွက်လျှင်သော်လည်းကောင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ၊ မော်တော်ယာဉ်ကို မောင်းနှင်ရန်၊ သင့်တော်ခြင်းမရှိသည့်အခါ၊ မောင်းနှင်လျှင်သော်လည်းကောင်း၊

(ဂ) ခွင့်ပြုနိုင်သည့် အလေးချိန်ထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်လျှင်သော်လည်းကောင်း၊

(ဃ) မြေလျှင်လမ်းကူးနေရာနှင့် သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊

(င) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ၊ သို့မဟုတ် လုံလောက်သော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို အနေအထားပျက်အောင် ပြုလုပ်လျှင်သော်လည်းကောင်း၊

ဤဥပဒေကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများကိုဖြစ်စေ၊ ဆန့်ကျင်သည့်ပြစ်မှု ကျူးလွန်သည်ဖြစ်၍၊ ကျပ်တစ်ရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။ ယခင်ပြစ်မှု ကျူးလွန်ပြီးနောက် သုံးနှစ်အတွင်း ဤပုဒ်မပါပြစ်မှုတစ်ခုခု နောက်ထပ်ကျူးလွန်လျှင်၊ ထိုသို့နောက်ထပ် ကျူးလွန်သည့်ပြစ်မှုအတွက်၊ ကျပ်ငါးဆယ်အောက်မနည်း ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

၂၁။ ။ မည်သူမဆို၊ ပုဒ်မ ၃၊ ၁၂၊ ၁၅၊ သို့မဟုတ် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊

ပြစ်ဒဏ်များ

ယာဉ်ကို အရမ်းမဲ့၊ သို့မဟုတ် ဘေးအန္တရာယ်

ဖြစ်အောင် မောင်းနှင်လျှင်သော်လည်းကောင်း၊ သေရည်သေရက်၊ သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးသောက်စား၍ မော်တော်ယာဉ်ကို ကောင်းစွာ မထိန်းနိုင်လောက်အောင် မူးယစ်နေစဉ် မောင်းနှင်လျှင်သော်လည်းကောင်း၊ ပထမအကြိမ် အဆိုပါ ပြစ်မှုကျူးလွန်သည့်အတွက်၊ သုံးလထိထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။ ထို့ပြင် ယခင်ပြစ်မှုကျူးလွန်ပြီးနောက် သုံးနှစ်အတွင်း ဤပုဒ်မပါ ပြစ်မှု တစ်ခုခု နောက်ထပ်ကျူးလွန်လျှင် ထိုသို့နောက်ထပ်ကျူးလွန်သည့် ပြစ်မှု အတွက် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာအောက်မနည်း ကျပ် တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်း ခံရမည်။

၂၂။ ။ မည်သူမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ သို့မဟုတ် ဤဥပဒေအရပြု သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင်၊ ထိုပြစ်မှုအတွက် အခြားပြစ်ဒဏ် ပြဋ္ဌာန်းမထားသော် ကျပ်နှစ်ရာထိ ငွေဒဏ်စီရင် ခြင်းခံရမည်။

**ပြစ်မှုများအတွက် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အထွေထွေ ပြဋ္ဌာန်းချက်များ။**

၂၃။ ။ (၁) မော်တော်ယာဉ် တစ်ခုခုနှင့် စပ်လျဉ်း၍ ပြုလုပ်မှု၊ သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့်၊ တစ်ဦးတစ်ယောက်သော သူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈၊ သို့ မဟုတ် ပုဒ်မ ၃၀၄-က အရ၊ ပြစ်ဒဏ်ထိုက်သော ပြစ်မှုထင်ရှားစီရင်ခြင်း ခံရ၍၊ ထိုသို့ပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခု ခုပျက်စီးလျှင်၊ ထိုသူသည်၊ အဆိုပါပြစ်မှုအတွက် စီရင်ခြင်းခံရသည့် ပြစ်ဒဏ် တစ်ခုခုအပြင်၊ အဆိုပါပစ္စည်း ပျက်စီးသည့်အတွက် လျော်ကြေးကိုလည်း၊ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပေးရမည်။

**လျော်ကြေး**

(၂) အစိုးရပိုင်၊ သို့မဟုတ် အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပို ရေးရှင်း၊ ကောင်စီ၊ ကော်မတီ၊ ဘဏ်၊ သို့မဟုတ် အစိုးရ အခြားအဖွဲ့အစည်းပိုင် ပစ္စည်းတစ်ခုခုပျက်စီးလျှင်၊ တရားရုံး

သည်၊ အဆိုပါပစ္စည်းပျက်စီးသည်ကို ပြုပြင်ရန်၊ သို့မဟုတ် လိုအပ်လျှင် ထိုပစ္စည်းအစားထိုးရန် ငွေအလုံအလောက် ပေးဆောင်စေ အမိန့်ချမှတ်ရမည်။

(၃) ပုဒ်မခွဲ (၂) တွင် သီးခြားဖော်ပြထားသည့် ပစ္စည်းများမှတစ်ပါး၊ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင်၊ အဆိုပါသူပေးရမည့် လျော်ကြေးငွေပေါင်းကို၊ သဘောတူမဆုံးဖြတ်နိုင်လျှင်၊ ထိုသူအား အဆိုပါပြစ်မှုထင်ရှားစီရင်သည့် တရားရုံးကဆုံးဖြတ်ရမည်။

(၄) ဤပုဒ်မအရ ပေးရမည့် လျော်ကြေးငွေပေါင်းကို၊ ပေးရန်ပျက်ကွက်လျှင်၊ အဆိုပါသူအပေါ်တပ်ရိုက်သည့် ငွေဒဏ်ကဲ့သို့ အရတောင်းခံရမည်။

(၅) ဤပုဒ်မအရ လျော်ကြေးပေးရန်ချမှတ်သည့်အမိန့်မှာ နစ်နာသူတစ်ဦးဦးအား၊ လျော်ကြေးအတွက် တရားမမှုစွဲဆိုခြင်းမှ တားမြစ်ခြင်းမရှိစေရ။

**ပြစ်မှု ကျူးလွန်ရန် အားပေးကူညီမှုအတွက် ပြစ်ဒဏ်။**

၂၄။ ။ မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်ရန်အားပေးကူညီလျှင်၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်စီရင်ခြင်းခံရမည်။

**ကုမ္ပဏီများကျူးလွန်သည့် ပြစ်မှုများ။**

၂၅။ ။ (၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခု ဆန့်ကျင်သူသည်၊ ကုမ္ပဏီဖြစ်လျှင်၊ ထိုပြစ်မှုကျူးလွန်စဉ်က၊ ထိုကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအတွက် ကုမ္ပဏီကို ကြီးကြပ်တာဝန်ခံသူ အသီးသီးနှင့် ကုမ္ပဏီသည်၊ ထိုသို့ဆန့်ကျင်သည့် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင် ထိုသို့မှတ်ယူသည့်အားလျော်စွာ၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်း ခံရမည်။

သို့ရာတွင် ထိုသူသည်၊ ထိုပြစ်မှုကို၊ မိမိမသိဘဲ ကျူးလွန်ကြောင်းဖြင့်သော်လည်းကောင်း၊ အဆိုပါ ပြစ်မှုမကျူးလွန်ရလေအောင် မိမိလုံ့လပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့်သော်လည်းကောင်း၊ သက်သေထင်ရှားပြလျှင်၊ ဤပုဒ်မ

ခွဲပါစကားကြောင့်၊ ထိုသူအား၊ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့် ပြစ်ဒဏ်ကိုမျှ မစီရင်ရ။

(၂) ပုဒ်မခွဲ (၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သော ပြစ်မှုကို ကုမ္ပဏီက ကျူးလွန်သည့်ကိစ္စတွင်၊ ထိုပြစ်မှုကို၊ ကုမ္ပဏီ၏ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတစ်ဦးဦး၏ သဘောတူချက်ဖြင့် ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့ တစ်ဦးဦးအလိုတူအလိုပါ ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့ တစ်ဦးဦး ပေါ့လျော့မှုတစ်ခုခုကြောင့် ကျူးလွန်ကြောင်း၊ သက်သေထင်ရှား ပြလျှင်၊ အဆိုပါ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိသည်၊ ထိုပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ တရားစွဲဆိုခြင်းလည်းခံရမည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မပါကိစ္စများအလို့ငှာ–

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ တရားဝင် အဖွဲ့အစည်းတစ်ခုခုကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အစုစပ်လုပ်ငန်း၊ သို့မဟုတ် အခြားအသင်းအဖွဲ့တစ်ခုခုလည်း ပါဝင်သည်။

(ခ) "ဒါရိုက်တာ" ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍၊ ထိုအစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူ၊ သို့မဟုတ် အစုရှင်ကို ဆိုလိုသည်။

**၂၆။ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည့် အာဏာ**

၂၆။ ။ (၁) ရဲဝတ်စုံဝတ်ဆင်ထားသော ရဲအရာရှိသည်၊ အရမ်းမဲ့မောင်းနှင်သူ၊ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်အောင် မောင်းနှင်သူတစ်ဦးဦးကိုသော်လည်းကောင်း၊ သေရည်သေရက်၊ သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးသောက်စား၍ မော်တော်ယာဉ်မထိန်းနိုင်လောက်အောင် မူးယစ်နေစဉ် မောင်းနှင်သူတစ်ဦးဦးကို သော်လည်းကောင်း ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

သို့ရာတွင် သေရည်သေရက်၊ သို့မဟုတ် မူးယစ်စေတတ်သော ဆေးဝါးသောက်စား၍ မူးယစ်နေစဉ်၊ မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍

ထိုသို့ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီးနောက်၊ အချုပ်မှလွှတ်ရမည်။

(၂) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည်၊ အောက်ပါသူတစ်ဦးဦးကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ သို့မဟုတ် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများအရ၊ အမည်နှင့် နေရပ်ဖော်ပြစေလိုပါလျက်နှင့် မဖော်ပြလို ငြင်းဆိုသောသူ၊ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟုယုံကြည်ရန်အကြောင်းရှိသော အမည်နှင့် နေရပ်ဖော်ပြသောသူတစ်ဦးဦး၊ သို့မဟုတ်

(ခ) ဤဥပဒေအရဖြစ်သော ပြစ်မှု၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍၊ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သက်သေမကင်းဖွယ်ရာအကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု၊ သို့မဟုတ် သမ္မာန်စာချုပ်ခြင်း မခံရအောင် အခြားနည်းရှောင်ရှားနေမည်ဟု ရဲအရာရှိက ယုံကြည်ရန် အကြောင်းရှိသောသူတစ်ဦးဦး။

(၃) ရဲအရာရှိသည်၊ မော်တော်ယာဉ်မောင်းသူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင်၊ ထိုမော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် အကြောင်းအားလျော်စွာ လိုအပ်ပါက၊ မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည်၊ သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။

**စာတမ်း အမှတ်အသားကို သိမ်းဆည်းနိုင်သည့် ရဲအရာရှိ၏ အာဏာ။**

၂၇။ ။ (၁) အစိုးရက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် ရဲအရာရှိ၊ သို့မဟုတ် အစိုးရက ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် အခြားသူတစ်ဦးဦးသည်၊ မော်တော်ယာဉ်တွင်ပါရှိသော သက်သေခံအမှတ်အသား၊ သို့မဟုတ် မော်တော်ယာဉ်မောင်းသူကဖြစ်စေ၊ မော်တော်ယာဉ် ကြီးကြပ်သူကဖြစ်စေ၊ မိမိထံတင်ပြသော လိုင်စင်၊ မှတ်ပုံတင် သက်သေခံလက်မှတ်၊ အာမခံ သက်သေခံလက်မှတ်၊ သို့မဟုတ်

အခြားစာတမ်းအမှတ်အသားတစ်ခုခုနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၄၆၄ အဓိပ္ပာယ်အရ မဟုတ်မမှန်သော စာတမ်းအမှတ်အသားဖြစ်သည်ဟု မိမိ ယုံကြည်ရန်အကြောင်းရှိလျှင်၊ ထိုအမှတ်အသား၊ သို့မဟုတ် စာတမ်းအမှတ် အသားကို သိမ်းယူနိုင်သည့်ပြင် ထိုမော်တော်ယာဉ်မောင်းသူ၊ **သို့မဟုတ်** မော်တော်ယာဉ်ပိုင်ရှင်အားလည်း၊ မည်သည့်အတွက် ထိုစာတမ်းအမှတ်**အသား** လက်ရှိဖြစ်သည်၊ သို့မဟုတ် ထိုယာဉ်တွင် မည်သည့်အတွက် ထိုအမှတ်**အသား** ပါရှိသည်ကို အကြောင်းပြရန် ဆင့်ဆိုနိုင်သည်။

(၂) ဤကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် ရဲအရာရှိတစ်ဦးဦးသည်၊ ဤဥပဒေအရဖြစ်သောပြစ်မှု၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်း ဥပဒေများအရဖြစ်သော ပြစ်မှုကျူးလွန်သည့် ယာဉ်မောင်းသူလက်ရှိ ထားသော ယာဉ်မောင်းလိုင်စင်တစ်ခုခုကို သိမ်းယူနိုင်သည့်ပြင်၊ ယာဉ် မောင်းလိုင်စင်ပေးအပ်သူအားလည်း၊ ထိုလိုင်စင်သိမ်းယူကြောင်း အသိ အမှတ်ပြု ယာယီလက်မှတ်ပေးရမည်။ အဆိုပါ အသိအမှတ်ပြု ယာယီ လက်မှတ်အရ၊ ထိုလက်မှတ် လက်ရှိဖြစ်သူမှာ၊ မိမိအား ယာဉ်မောင်း လိုင်စင်ပြန်မပေးမီ၊ သို့မဟုတ် တရားရုံးက အခြားနည်းအမိန့်မချမှတ်မီ အတွင်း ယာဉ်မောင်းနှင်ခွင့်ရှိစေရမည်။

**မှတ်ပုံတင် သက်သေခံ လက်မှတ်မပါဘဲ အသုံးပြုသည့် ယာဉ်များ တားဆီးနိုင်သည့် အာဏာ။**

၂၈။ ။ ရဲအုပ်ရာထူးအောက်မနိမ့်သော ရဲအရာရှိ၊ သို့မဟုတ် အစိုးရက ဤ ကိစ္စအလို့ငှာ အာဏာအပ်နှင်းထားသည့် အခြား သူတစ်ဦးဦးသည်၊ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များ ကို ဆန့်ကျင်၍ မော်တော်ယာဉ်အသုံးပြုခဲ့သည်၊ သို့မဟုတ် အသုံးပြုလျက်ရှိသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုယာဉ်ကို သိမ်းယူတားဆီး နိုင်သည်။ ထို့ပြင် ဤကိစ္စအလို့ငှာ၊ ထိုယာဉ်ကိုလုံခြုံစွာ ယာယီထိန်းသိမ်းရန် အတွက် မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင် ရွက်နိုင်သည်၊ သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။

၂၉။ ။ (၁) အစိုးရက ဤကိစ္စအလို့ငှာ အာဏာအထူးအပ်နှင်းထားသော ရဲဝန်ထောက်ရာထူးအောက်မနိမ့်သည့် ရဲအရာရှိ တစ်ဦးဦးသည် ဤဥပဒေကိုဖြစ်စေ၊ ဤဥပဒေ အရပြုသည့် နည်းဥပဒေတစ်ခုခုကိုဖြစ်စေ၊ ကျူးလွန်သော ပြစ်မှုတစ်ခုခုကို၊ အဆိုပါရဲအရာရှိ ပြေငြိမ်းနိုင်သည့်ပြစ်မှုအဖြစ် သတ်မှတ်ထားသည့်အတိုင်း ပြေငြိမ်းနိုင်သည်။

**ပြေငြိမ်းနိုင်သည့်အာဏာ**

(၂) အစိုးရသည်၊ ပြေငြိမ်းနိုင်သည့်ပြစ်မှုများကိုလည်းကောင်း၊ ထိုပြစ်မှုများ ပြေငြိမ်းရန် စည်းကမ်းနည်းလမ်းကိုလည်းကောင်း၊ သတ်မှတ်နိုင်သည်။

၃၀။ ။ (၁) ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုမှာ၊ ပုဒ်မ ၂၁ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုမဟုတ်လျှင်၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ အရေးယူပိုင်ခွင့်ရှိသော တရားရုံးသည် တရားခံအပေါ် ချအပ်သည့် သမ္မာန်စာတွင်-

**အမှုများကို အကျဉ်းနည်းဖြင့် ဆုံးဖြတ်ခြင်း။**

(က) တရားခံမှာ စွဲချက်အတိုင်း အပြစ်ရှိသည်ဟူသော ဖြေကြားစာကို စွဲချက်ကြားနာစစ်ဆေးခြင်းမပြုမီ၊ သီးခြားဖော်ပြထားသည့် နေ့ရက်အရောက်၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း၊ လူစေလွှတ်၍သော်လည်းကောင်း၊ ပေးပို့နိုင်သည့်ပြင်၊ ကျပ်ငါး ဆယ်ထက်မပိုစေဘဲ၊ တရားရုံးက သီးခြားဖော်ပြထားသည့်ငွေ ကိုလည်း၊ တရားရုံးသို့တစ်ချိန်တည်း ပေးပို့နိုင်သည်ဟူ၍သော် လည်းကောင်း၊

(ခ) တရားခံကိုယ်တိုင်မလာရောက်ဘဲ ရှေ့နေကိုလာရောက်စေနိုင် သည်ဟူ၍သော်လည်းကောင်း၊

ဖော်ပြရမည်။

(၂) တရားခံက အပြစ်ရှိသည်ဟုဖြေကြား၍ သီးခြားဖော်ပြထားသည့်ငွေ ကို ပေးပို့သည့်အခါ၊ ထိုပြစ်မှုနှင့်စပ်လျဉ်း၍၊ ၎င်းအပေါ်နောက်ထပ် အရေးမယူရ။

၃၁။ ။ ဒုတိယတန်း ရာဇဝတ်တရားသူကြီးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ၊ ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သော၊ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေ တစ်ခုခုအရ၊ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ခုခုကို စစ်ဆေးစီရင်ခြင်းမပြုရ။

တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာ။

# အခန်း ၇

## အထွေထွေ

၃၂။ ။ အစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့်၊ မည်သည့်မော်တော်ယာဉ်၊ သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တစ်ခုခုအကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

ကင်းလွတ်ခွင့်ပြုနိုင်သည့် အာဏာ

၃၃။ ။ (၁) အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များကို၊ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှာ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေပြုခြင်း

(၂) အထက်ပါ ပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အောက်ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အားလုံးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ နည်းဥပဒေများပြုနိုင်သည်–

(က) မှတ်ပုံတင်အာဏာပိုင်နှင့် အခြားသတ်မှတ်ထားသည့် အာဏာပိုင်များ ခန့်ထားရေးကိစ္စ။

(ခ) လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်နှင့် အခြားသတ်မှတ်သည့် အာဏာပိုင်များ ခန့်ထားရေးကိစ္စ။

(ဂ) မော်တော်ယာဉ်များ မှတ်ပုံတင်ရေးနှင့်သက်ဆိုင်သည့်ကိစ္စ။

(ဃ) ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းနှင့်လည်းကောင်း၊ အမျိုးအစားခွဲခြားခြင်းနှင့်လည်းကောင်း သက်ဆိုင်သည့်စည်းကမ်းချက်များ။

(င) မော်တော်ယာဉ်များနှင့် နောက်တွဲများတည်ဆောက်ရေး၊ ကိရိယာတန်ဆာပလာတပ်ဆင်ရေးနှင့် ပြုပြင်ထားရှိရေးကိစ္စ။

(စ) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းများ၊ သို့မဟုတ် ဌာနများ ကြီးကြပ်အုပ်ချုပ်ရေးကိစ္စ။

(ဆ) လက်မှတ်ရောင်းသူများနှင့် စပယ်ယာများအား လိုင်စင်ထုတ်ပေးရေးကိစ္စ။

(ဇ) အချက်ပြအထိမ်းအမှတ်များနှင့် အချက်ပြကိရိယာများ။

(ဈ) ယာဉ်အသွားအလာ အချက်ပြအထိမ်းအမှတ်များ ပြလုပ်ထားရှိရန်အာဏာနှင့် ၎င်းတို့ကိုလိုက်နာရမည့် တာဝန်ဝတ္တရား။

(ည) မော်တော်ယာဉ်အလေးချိန်နှင့် တင်ဆောင်သည့်ဝန်ကြီးကြပ်ရေး။

(ဋ) ခြေလျင်လမ်းကူးနေရာများ၊ ယာဉ်ဆိုက်ရာနေရာများ၊ ယာဉ်ရပ်ရန်နေရာများ၊ လူသွားလမ်းများနှင့် လမ်းဘေးစင်္ကြံများ။

(ဌ) ဘေးအန္တရာယ်၊ ထိခိုက်ဒဏ်ရာရမှု၊ အနှောင့်အယှက်၊ သို့မဟုတ် ပိတ်ဆို့ထားဆီးရေး။

(ဍ) အာမခံပေါ်လစီများအတွက် လိုအပ်ချက်များနှင့် တာဝန်ကန့်သတ်ချက်များ။

(ဎ) အာမခံပေါ်လစီတစ်ခုခု ဖျက်သိမ်းခြင်း၊ သို့မဟုတ် ရပ်စဲခြင်းကို မှတ်ပုံတင်အာဏာပိုင်ထံ အကြောင်းကြားရန် ပြည်ထောင်စုအာမခံစံနစ်အဖွဲ့၏ တာဝန်ဝတ္တရား။

(ဏ) ဤဥပဒေအရ ထုတ်ပေးရသည့် အာမခံပေါ်လစီများနှင့်စပ်လျဉ်း၍ ထားရှိရမည့်မှတ်တမ်းများ။

(တ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့်သက်ဆိုင်သည့်ကိစ္စ။

(ထ) ဤဥပဒေအရ ပေးဆောင်ရမည့်အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ။

(ဒ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ။

(ဓ) ဤဥပဒေအရ တင်သွင်းနိုင်သည့်အယူခံလွှာများနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များ။

(န) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော၊ သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ။

(ပ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာနေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်အောင် ပြုလုပ်ရေးကိစ္စ။

(ဖ) ယေဘုယျအားဖြင့် ပြည်သူတို့ဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကိုငှားရမ်းခြင်း၊ အခနှင့်မောင်းနှင်သွားလာရာ၌ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့် အခွန်အခများသတ်မှတ်ရန်ကိစ္စ။

(ဗ) သတ်မှတ်ရန်လိုအပ်သည့် အခြားကိစ္စများ။

၃၄။ ။ မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေ (The Burma Motor Vehicles Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ရုပ်သိမ်းခြင်း

# ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၇/၈၉)

၁၃၅၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေတွင်-

(က) ပုဒ်မ ၂၀ တွင်ပါရှိသော "ကျပ်တစ်ရာထိ ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်တစ်ရာမှ အများဆုံး ကျပ်တစ်ထောင်ထိ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "သုံးနှစ်အတွင်း" ဆိုသည့် စကားရပ်ကို "တစ်နှစ်အတွင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ်ငါးဆယ်အောက် မနည်း၊ ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်နှစ်ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မ ၂၁ တွင် ပါရှိသော "သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "သုံးနှစ်အတွင်း" ဆိုသည့် စကားရပ်ကို "တစ်နှစ်အတွင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာအောက်မနည်း ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂ တွင်ပါရှိသော "ကျပ်နှစ်ရာထိ ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

# ၁၉၈၉ ခုနှစ်

# မော်တော်ယာဉ် နည်းဥပဒေများ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန

# အမိန့်ကြော်ငြာစာအမှတ် ၁/၈၉

## မော်တော်ယာဉ်နည်းဥပဒေများ

၁၃၅၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပုဒ်မ ၃၃ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မော်တော်ယာဉ်နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) ဥပဒေဆိုသည်မှာ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေကို ဆိုသည်၊

(ခ) **ဗဟိုမှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၂ (ဃ) အရ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်နှင့် ဥပဒေပုဒ်မ ၂ (စ) အရ မှတ်ပုံတင် အာဏာပိုင်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်သည့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်၊

(ဂ) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဗဟိုမှတ်ပုံတင်က ဤဥပဒေအရ မိမိ၏ လုပ်ပိုင်ခွင့်များအား အပ်နှင်းထားသည့် အဖွဲ့ကိုဆိုသည်၊

(ဃ) **ယာဉ်ထိန်းရဲ** ဆိုသည့်စကားရပ်တွင် ရဲဝတ်စုံဝတ်ဆင်၍ လမ်းပေါ်၌ ယာဉ်အသွားအလာကို ကြီးကြပ်ထိန်းသိမ်းပေးသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်ကိုဆိုသည်၊

(င) **ပိုင်ရှင်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့များတွင် ယာဉ်ကို မော်တော်ယာဉ်ဥပဒေအရ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်ထားသူကို ဆိုသည်။ ယာဉ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မူချပိုင်ဆိုင်သည် မမှတ်ယူရ၊

(စ) **ယာဉ်အတွက် တာဝန်ရှိသူ** ဆိုသည်မှာ ယာဉ်ကိုအသုံးပြုလျက်ရှိနေသူ သို့မဟုတ် ယာဉ်နှင့်သက်ဆိုင်သည့် ယာဉ်မောင်းသူ သို့မဟုတ် လက်မှတ်ရောင်းသူ သို့မဟုတ် စပယ်ယာတို့ ပါဝင်သည်၊

(ဆ) **အုပ်ထိန်းသူ** ဆိုသည်မှာ ဥပဒေပုဒ်မ ၂ (ည) အရ အရွယ်မရောက်သေးသော ယာဉ်ပိုင်ရှင်အား အုပ်ထိန်းသူဖြစ်လျှင် ဆွေမျိုးရင်းချာထဲမှ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်ရမည်ကို ဆိုလိုသည်၊

(ဇ) **မော်တော်ယာဉ်အမောင်းသင်သူ အတတ်သင်ကြားပေးသည့် လုပ်ငန်း** ဆိုသည်မှာ နည်းပြတစ်ဦးတည်းက အခကြေးငွေရယူ၍ဖြစ်စေ၊ အကျိုးကျေးဇူးတစ်ခုခုကို ရယူ၍ဖြစ်စေ တစ်ကြိမ်တည်း

တွင် သင်တန်းသား လေးဦးထက်မများသည့် ယာဉ်မောင်း အတတ်သင်ကြားပေးသောလုပ်ငန်းကို ဆိုသည်၊

( ဈ ) **မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း** ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းမှအပ အခကြေးငွေရယူ၍ဖြစ်စေ၊ အကျိုးကျေးဇူးတစ်ခုခုကို ရယူ၍ဖြစ်စေ ယာဉ်မောင်းအတတ်သင်ကြားပေးသောကျောင်း လုပ်ငန်းကို ဆိုသည်၊

(ည) **မော်တော်ယာဉ်အလုပ်ရုံ** ဆိုသည်မှာ မော်တော်ယာဉ်တည် ဆောက်ခြင်း၊ ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ ကြံ့ခိုင်ရေးပြုလုပ်ခြင်း စသောလုပ်ငန်းများ လုပ်ကိုင်သည့် အလုပ်ရုံကိုဆိုသည်။

( ဋ ) **မော်တော်ဆိုင်ကယ်** ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အနည်းဆုံး ဘီးနှစ်ဘီးဖြင့် မောင်းနှင်သွားလာသော မော်တော်ယာဉ်ကို ဆိုသည်။ မော်တော်ဆိုင်ကယ် အမည်တွင် "မိုပက်" နှင့် "စက်တပ်ခြေနင်းစက်ဘီး" တို့ ပါဝင်သည်။ မော်တော်ဆိုင်ကယ်တွင် ဘေးတွဲပါလျှင် မော်တော် ဆိုင်ကယ်အဖြစ် အသိအမှတ်ပြုရမည်။ မော်တော်ဆိုင်ကယ် တွင် နောက်တွဲပါလျှင် သုံးဘီးယာဉ်အဖြစ် အသိအမှတ်ပြုရမည်၊

( ဌ ) **အငှားယာဉ်** ဆိုသည်မှာ ငှားရမ်းခ၊ သို့မဟုတ် အကျိုးကျေးဇူး တစ်ခုခုကို ရယူ၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော မော်တော်ယာဉ်ကိုဆိုသည်၊

( ဍ ) **တက္ကစီယာဉ်** ဆိုသည်မှာ အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော ယာဉ်မောင်းသူမှအပ စီးနင်းသူ ၅ ဦးထက်ပို၍ မတင်ရသည့် လူစီးမော်တော်ယာဉ်ကိုဆိုသည်၊

( န ) **ဝန်ပါအလေးချိန်** ဆိုသည်မှာ ယာဉ်မောင်းသူ၊ လက်မှတ်ရောင်း/စပယ်ယာ၊ စီးနင်းလိုက်ပါသူများ သို့မဟုတ် ကုန်ပစ္စည်းများ၏ အလေးချိန်နှင့် ယာဉ်၏ ဝန်မပါ အလေးချိန်နှစ်ရပ်ပေါင်းကို ဆိုသည်၊

( ပ ) **လမ်းညွှန်း** ဆိုသည်မှာ လမ်းပေါ်နှင့်လမ်းဘေးများတွင် ဆိုင်းဘုတ်ဖြင့် လမ်းအသုံးပြုသူများ လိုက်နာရန် ဖော်ပြထားသည့် ပုံစံများနှင့် သင်္ကေတများကိုဆိုသည်၊

( ဖ ) **အချက်ပြ** ဆိုသည့် စကားရပ်တွင် လမ်းအသုံးပြုသော ယာဉ်မောင်းသူများ၊ အနေးယာဉ်မောင်းသူ၊ စီးသူ၊ တွန်းသူ၊ ဆွဲသူများ၊ စက်ဘီးစီးသူများ လမ်းပေါ်တွင် သွားလာနေစဉ် လက်ဖြင့်သော်လည်းကောင်း၊ ယာဉ်တွင်တပ်ဆင်ထားသော မီးဖြင့်သော်လည်းကောင်း ပြသသည့်အချက်ပြများ၊ လမ်းပေါ်တွင် ကြီးကြပ်ထိန်းသိမ်းပေးသည့် ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသူက လက်ဖြင့်ဖြစ်စေ၊ ဝီစီသံနှင့် လက်တွဲ၍ဖြစ်စေ၊ အချက်ပြကိရိယာဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သောနည်းဖြင့်ဖြစ်စေ ညွှန်ပြသည့် အချက်ပြများနှင့် လမ်းနယ်တွင် စိုက်ထူထားသော ယာဉ်ထိန်းအချက်ပြမီးများဖြင့် ပြသသည့် အချက်ပြအားလုံးပါဝင်သည်၊

( ဗ ) **လမ်းနယ်** ဆိုသည့် စကားရပ်တွင် မော်တော်ယာဉ်များ၊ ခြေကျင်လျှောက်သူများနှင့် လမ်းအသုံးပြုသော အခြားသူများ အသုံးပြုနိုင်သည့် လမ်းမြေတစ်ပြင်လုံး အောက်ပါတို့ ပါဝင်သည်–

(၁) မော်တော်ယာဉ်သွားလာရေးအတွက် ဆောက်လုပ်ထားသောလမ်းများ၊

(၂) မော်တော်ယာဉ်လမ်းများပေါ်ရှိ ကျွန်းများနှင့် ကျွန်း အမှတ်အသားများ၊

(၃) မော်တော်ယာဉ်လမ်းဘေးရှိ လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းနှင့် စက်ဘီးလမ်းများ၊

(၄) လမ်းပခုံးသားများ၊

(၅) မော်တော်ယာဉ် လမ်းနံဘေးတွင် တည်ဆောက်ထား သော သို့မဟုတ် သတ်မှတ်ထားသော ယာဉ်ရပ်နား ရန်နေရာများနှင့် ဘတ်စ်ကားမှတ်တိုင်နေရာများ၊

(၆) မော်တော်ယာဉ်၏ လမ်းနံဘေးရှိ လမ်းညွှန်း ဆိုင်းဘုတ် များ၊ ယာဉ်ထိန်းအချက်ပြမီးတိုင်များ၊ ဓာတ်မီးတိုင်များ၊ ဓာတ်အားပြောင်းစက်များ၊ ဓာတိုက်ပုံးများ၊ တယ်လီ ဖုန်းတိုင်များနှင့် တယ်လီဖုန်း အဆက်အသွယ်ပုံးများ စသည်တို့ရှိသည့်နေရာများ၊

(ဘ) **နှစ်လမ်းမောင်းလမ်း** ဆိုသည်မှာ ယာဉ်များ မျက်နှာချင်းဆိုင် သွားလာနိုင်သောလမ်းကို ဆိုသည်၊

(မ) **တစ်လမ်းမောင်းလမ်း** ဆိုသည်မှာ ယာဉ်များ မျက်နှာချင်းဆိုင် လုံးဝ သွားလာခွင့် မရှိဘဲ သတ်မှတ်ထားသည့် ဘက်သို့သာ ဦးတည်မောင်းနှင်ရသည့်လမ်းကို ဆိုသည်၊

(ယ) **ယာဉ်ကြော** ဆိုသည်မှာ လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း ရှေ့နောက် ဦးတည်မောင်းနှင်သွားရန် သတ်မှတ်ထားသည့် လမ်းကြောင်းကို ဆိုသည်၊

(ရ) **အမြန်နှုန်း** ဆိုသည်မှာ ယာဉ်သည် တစ်နာရီလျှင် ကီလိုမီတာ ပေါင်း (မိုင်ပေါင်း) မည်ရွေ့မည်မျှဖြင့် ရွေ့လျားနေသည်ကို ဆိုသည်၊

(လ) **ရပ်ခြင်း** ဆိုသည်မှာ ယာဉ်သွားလာမှု စည်းကမ်းအရ ရပ်ရမည့် နေရာများတွင် ယာဉ်မောင်းသူက ယာဉ်ကို ထိန်းသိမ်းလျက် ယာဉ်ခေတ္တရပ်ခြင်းကိုဆိုသည်၊

(ဝ) **ရပ်ဆိုင်းခြင်း** ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်ပစ္စည်း တင်ရန်၊ ချရန်အတွက်သာ ယာဉ်မောင်းသူက ယာဉ်ကိုထိန်း သိမ်းလျက် ယာဉ်ရပ်ဆိုင်းခြင်းကို ဆိုသည်၊

(သ) **ရပ်နားခြင်း** ဆိုသည်မှာ ယာဉ်ရပ်နားရန် သတ်မှတ်သည့် နေရာတွင် စက်သပ်၍ ယာဉ်ရပ်နားထားခြင်းကို ဆိုသည်၊

(ဟ) **ဂကွေ့** ဆိုသည်မှာ နှစ်လမ်းမောင်းတွင် ဦးတည်မောင်းနှင်နေ သည့်ဘက်မှ မျက်နှာချင်းဆိုင် မောင်းနှင်သည့် အခြားတစ်ဘက် သို့ "ဂ" ပုံသဏ္ဍာန်ဖြင့် ကွေ့ဝင်ခြင်းကို ဆိုသည်။

## အခန်း (၂)

### မော်တော်ယာဉ်များမှတ်ပုံတင်ခြင်း

၃။ ဗဟိုမှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်များ မှတ်ပုံတင်လုပ်ငန်းကို တာဝန်ယူရမည်။ ယင်းအဖွဲ့သည် မိမိ၏လုပ်ပိုင်ခွင့်များကို မှတ်ပုံတင်အဖွဲ့ သို့ လွှဲအပ်နိုင်သည်။

၄။ နည်းဥပဒေ ၆ တွင် ဖော်ပြထားသော မော်တော်ယာဉ်များမှတစ်ပါး အခြားမော်တော်ယာဉ်များသည် ဗဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ရမည်။

၅။ (က) ဤအခန်းအရ မှတ်ပုံတင်ထားသော မော်တော်ယာဉ်အတွက် ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မှတ်တမ်းများတွင် မှတ်တမ်းတင်ထားသည့် ပုဂ္ဂိုလ်သည် မှတ်ပုံတင်ထားသောပိုင်ရှင်ဖြစ်သည်၊

(ခ) တစ်ဦးထက်ပိုသော ဖက်စပ်ပိုင်ရှင်များ သို့မဟုတ် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး အသင်းအဖွဲ့များမှလည်း ပိုင်ရှင်အဖြစ် မှတ်ပုံတင်နိုင်သည်၊ ထို မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်ကိစ္စများအတွက် ဖက်စပ်ပိုင်ရှင်များ သို့မဟုတ် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး အသင်းအဖွဲ့များထဲမှ တစ်ဦးတစ်ယောက်အား တာဝန်ပေးနိုင်သည်၊

(ဂ) အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်းအတွက် တာဝန်ယူမည့် အုပ်ထိန်းသူတစ်ဦးရှိရမည်။ အုပ်ထိန်းသူ၏အမည်နှင့် နေရပ်လိပ်စာကို ပိုင်ရှင်နှင့်တွဲ၍ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မှတ်တမ်းများတွင် ရေးသွင်းထားရမည်၊

(ဃ) မှတ်ပုံတင်အဖွဲ့၏ အသိအမှတ်ဖြင့် ဆောင်ရွက်သော မော်တော်ယာဉ်ပိုင်ရှင် ပြောင်းလဲခြင်းသာ အတည်ဖြစ်သည်။

မှတ်ပုံတင်ရန်မလိုသော မော်တော်ယာဉ်များမှာ အောက်ပါတို့ဖြစ်သည်-

(က) တပ်မတော် (ကြည်း/ရေ/လေ) တွင် အသုံးပြုသော မော်တော်ယာဉ်များ၊

( ခ ) မြေတူးစက်၊ မြေထိုးစက်၊ မြေညှိစက်၊ မြေသယ်စက်၊ လမ်းကြိတ်စက် စသည့် စက်ယန္တရားကြီးများ၊

( ဂ ) လယ်ယာလုပ်ငန်း အတွက်သာလျှင် သီးသန့် အသုံးပြုသော ထရက်တာ (လယ်ထွန်စက်) များ၊

(ဃ) ပြည်သူတို့ဆိုင်ရာနေရာများတွင် အသုံးမပြုသော မော်တော်ယာဉ်များ၊ သို့မဟုတ် စက်ယန္တရားများ။

၇။ (က) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ သက်တမ်းကာလ ကုန်ဆုံးရက်သည် ကုန်ဆုံးသည့်လ၏ နောက်ဆုံးရက်ဖြစ်စေရမည်၊

( ခ ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် သက်တမ်းကာလမကုန်ဆုံးမီ သာမန်အားဖြင့် မှတ်ပုံတင်ကုန်ဆုံးသည့်လအတွင်းတွင် ပိုင်ရှင်က သက်ဆိုင်သည့် မှတ်တင်အဖွဲ့၌ မိမိယာဉ်ကို မှတ်ပုံတင်အသစ် လဲလှယ်ရမည်။ သို့ရာတွင် အထူးကိစ္စရပ်များအတွက် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း မှတ်ပုံတင်အသစ် လဲလှယ်ရေးကို ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးနိုင်သည်၊

( ဂ ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် သက်တမ်းကာလကုန်ဆုံးပြီးမှ မှတ်ပုံတင်အသစ်လဲလှယ်ခြင်း ပြုလုပ်လျှင် ပိုင်ရှင်သည် သတ်မှတ်ထားသည့် မှတ်ပုံတင်အခငွေအပြင် ဗဟိုမှတ်ပုံတင်အဖွဲ့က စည်းကြပ်သည့် အချိန်လွန်ကြေးကိုပါ ပေးဆောင်ရမည်၊

(ဃ) မှတ်ပုံတင်အသစ်လဲလှယ်ရန် ပျက်ကွက်နေသည့်ကာလသည် တစ်ဆက်တည်းငါးနှစ်ဖြစ်လျှင် အဆိုပါ မော်တော်ယာဉ်၏ မှတ်ပုံတင် အလိုအလျောက် ပျက်ပြယ်စေရမည်၊

( င ) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တွင် ဖော်ပြထားသော ပိုင်ရှင်၏ နေရပ်လိပ်စာနှင့် သက်ဆိုင်သည့် မှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်အသစ်လဲလှယ်ရမည်၊

( စ ) မော်တော်ယာဉ်မှတ်ပုံတင် အသစ်လဲလှယ်ခြင်းမပြုမီ ပိုင်ရှင်သည် မိမိမော်တော်ယာဉ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံပေးဆောင်ပြီးဖြစ်ရမည်၊

(ဆ) မှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီညွတ်မှသာ မှတ်ပုံတင်အသစ် လဲလှယ်ပေးရမည်၊

( ဇ ) ပိုင်ရှင်သည် မှတ်ပုံတင်အဖွဲ့က အသစ်လဲလှယ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ရှေ့မှထင်ရှားစွာ မြင်စေရန် မိမိယာဉ်၌ တပ်ဆင်ထားရမည်၊

( ဈ ) ဤနည်းဥပဒေအရ မော်တော်ယာဉ်မှတ်ပုံတင် အသစ်လဲလှယ်ပေးသည့် မှတ်ပုံတင်အဖွဲ့သည် အသစ်လဲလှယ်ပေးသော မော်တော်ယာဉ် အကြောင်းအရာများကို ဗဟို မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်သည့်အတိုင်း အစီရင်ခံရမည်။

၈။ (က) ဥပဒေပုဒ်မ ၅ နှင့်အညီ မော်တော်ယာဉ်ကို အခါခပ်သိမ်း ပြုပြင်ထားရှိရန် တာဝန်ရှိသူသည် ပိုင်ရှင်သာဖြစ်သည်၊

( ခ ) ဤနည်းဥပဒေများ၏ အခန်း (၃) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း တာဝန်ရှိသူက မိမိမော်တော်ယာဉ်ကို ပြုပြင်ထိန်းသိမ်းထားရမည်။

၉။ **မော်တော်ယာဉ်စစ်ဆေးခြင်း–**

(က) မော်တော်ယာဉ်ကို မှတ်ပုံတင်မပေးမီ၌လည်းကောင်း၊ မှတ်ပုံတင်အသစ်လဲလှယ်မပေးမီ၌လည်းကောင်း၊ ဥပဒေပုဒ်မ ၅ ပါ လိုအပ်ချက်များအရလည်းကောင်း မှတ်ပုံတင်အဖွဲ့က မော်တော်ယာဉ်ကို စစ်ဆေးရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများတွင် မော်တော်ယာဉ်ကို အရည်အချင်းပြည့်မီသော အင်ဂျင်နီယာများဖြင့် ပြုပြင်ထိန်းသိမ်းနေလျှင် ၎င်းအဖွဲ့အစည်းများ၏ မော်တော်ယာဉ်များကို ၎င်းအင်ဂျင်နီယာများဖြင့် မှတ်ပုံတင်အဖွဲ့ကိုယ်စား စစ်ဆေးရန် ဗဟိုမှတ်ပုံတင်အဖွဲ့က စည်းကမ်းသတ်မှတ်ချက်တို့ဖြင့် ခွင့်ပြုနိုင်သည်၊

(ဂ) မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်ခွင့်ရရှိနိုင်ရေးအတွက် ဤနည်းဥပဒေများ၏ အခန်း (၃) တွင် ပြဋ္ဌာန်းထားသည့် မော်တော်ယာဉ်များ တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်အညီ ရှိ မရှိကို စစ်ဆေးရမည်၊

(ဃ) မှတ်ပုံတင်အဖွဲ့နှင့် မှတ်ပုံတင်အဖွဲ့ကိုယ်စား မော်တော်ယာဉ် စစ်ဆေးရေးအတွက် နည်းလမ်းများကို ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးရမည်။

ကိုယ်ပိုင်မော်တော်ယာဉ်မှ အငှားမော်တော်ယာဉ်သို့ မှတ်ပုံတင်ပြောင်းရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ကိုယ်ပိုင်မော်တော်ယာဉ်အဖြစ် မှတ်ပုံတင်ထားသော ပိုင်ရှင်သည် ငှားရမ်းခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် မိမိယာဉ်ဖြင့် ခရီးသည် သို့မဟုတ် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုပါက အငှားမော်တော်ယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲရန် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း လျှောက်ထားရမည်၊

(ခ) အငှားမော်တော်ယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲလိုသော ပိုင်ရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်၊

(ဂ) အငှားအဖြစ်သို့ ပြောင်းလဲလိုသော မော်တော်ယာဉ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံခြားနားငွေကို ပိုင်ရှင်က ပေးဆောင်ရမည်၊

(ဃ) အငှားမော်တော်ယာဉ်ကို ကိုယ်ပိုင်မော်တော်ယာဉ်နှင့် ခွဲခြား သိရှိနိုင်ရန် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ရမည်၊

(င) အငှားမော်တော်ယာဉ်၏ မှတ်ပုံတင်ကုန်ဆုံးရက်သည် ယခင် ကိုယ်ပိုင် မော်တော်ယာဉ်၏ မှတ်ပုံတင် ကုန်ဆုံးရက်အတိုင်း ဖြစ်စေရမည်၊

(စ) အငှားမော်တော်ယာဉ်အဖြစ်သို့ မှတ်ပုံတင် ပြောင်းလဲခွင့်ရရှိသော ပိုင်ရှင်သည် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ သက်ဆိုင်ရာမှ လုပ်ငန်းလိုင်စင်ကိုရယူရမည်၊

(ဆ) အငှားမော်တော်ယာဉ်များ လိုက်နာရန်စည်းကမ်းများသည် ဤနည်းဥပဒေများ၏ အခန်း (၆) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်၊

(ဇ) မော်တော်ဆိုင်ကယ်ကို ကိုယ်ပိုင်ယာဉ်အဖြစ်သာ အသုံးပြုခွင့်ပြုသဖြင့် အငှားယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲခွင့်မပြု။

၁၁။ အငှား မော်တော်ယာဉ်မှ ကိုယ်ပိုင် မော်တော်ယာဉ်သို့ မှတ်ပုံတင် ပြောင်းလဲရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နည်းဥပဒေ (၁၀)၊ နည်းဥပဒေခွဲ (စ) အရ လုပ်ငန်းလိုင်စင် ရရှိထားသော အငှားယာဉ်ပိုင်ရှင်သည် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်အဖွဲ့သို့ လုပ်ငန်းလိုင်စင် ပြန်လည်အပ်နှံပြီးကြောင်း အထောက်အထား တင်ပြနိုင်လျှင် အဆိုပါ အငှားယာဉ်ကို မှတ်ပုံတင်အဖွဲ့က ကိုယ်ပိုင်ယာဉ်အဖြစ်သို့ ပြောင်းလဲမှတ်ပုံတင်ပေးရမည်၊

( ခ ) အဌားမှ ကိုယ်ပိုင်မော်တော်ယာဉ်သို့ မှတ်ပုံတင်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်အဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့နှင့် သက်ဆိုင်ရာမြန်မာ့အာမခံလုပ်ငန်းသို့ အကြောင်းကြားရမည်။

၁၂။ ပိုင်ရှင်နေရပ်လိပ်စာ ပြောင်းလဲရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပိုင်ရှင်သည် နေရပ်လိပ်စာပြောင်းလဲလိုလျှင် လက်ရှိမှတ်ပုံတင်အဖွဲ့သို့ အကြောင်းကြား၍ လိပ်စာသစ်ကို ရေးမှတ်ရန် မှတ်ပုံတင် စာအုပ်ကို တင်ပြရမည်။ နေရပ်လိပ်စာသစ်သို့ ရောက်ရှိသောအခါ မှတ်ပုံတင်အဖွဲ့သစ်သို့ အကြောင်းကြားရမည်။ မှတ်ပုံတင်အဖွဲ့ဟောင်းသို့ အကြောင်းမကြားဘဲ ပြောင်းရွှေ့သွားသော မော်တော်ယာဉ်ကို မှတ်ပုံတင်အဖွဲ့သစ်က ဆက်လက်မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်၊

( ခ ) နည်းဥပဒေခွဲ (က) အရ ပိုင်ရှင်နေရပ်လိပ်စာ ပြောင်းလဲခြင်းကို မှတ်ပုံတင်အဖွဲ့သစ်နှင့် ဗဟိုမှတ်ပုံတင်အဖွဲ့သို့ လက်ရှိမှတ်ပုံတင်အဖွဲ့က အကြောင်းကြားရမည်၊

( ဂ ) အဌားမော်တော်ယာဉ်ပိုင်ရှင်၏ နေရပ်လိပ်စာ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ဤနည်းဥပဒေများ၏ အခန်း (၆) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

၁၃။ ပိုင်ရှင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကို ပိုင်ရှင်ပြောင်းလဲလိုလျှင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့ နှစ်ဦးစလုံးသည် အမျိုးသားမှတ်ပုံတင်ကတ်ပြားများနှင့် ယာဉ်မှတ်ပုံတင်

စာအုပ်ကိုယူဆောင်၍ မှတ်ပုံတင်အဖွဲ့သို့ ကိုယ်တိုင်သွားရောက်ပြီး ပိုင်ရှင်ပြောင်းလဲရေးအတွက် ဆောင်ရွက်ရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်နှစ်ဦးမှ တစ်ဦးဦးသည် အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်အဖွဲ့သို့ ကိုယ်တိုင် မလာရောက်နိုင်ပါက မော်တော်ယာဉ်လွှဲပြောင်းခြင်း၊ လက်ခံခြင်းကိစ္စအတွက် တရားဝင်မှတ်ပုံတင်ထားသည့် စာချုပ်စာတမ်းကိုလည်းကောင်း၊ တရားဝင်မှတ်ပုံတင်ထားသည့် ကိုယ်စားလှယ်လွှဲစာကိုလည်းကောင်း တင်ပြလျှင် မှတ်ပုံတင်အဖွဲ့က ခွင့်ပြုနိုင်သည်။ အခြားထူးခြားသော ပိုင်ရှင်ပြောင်းလဲမှုအတွက် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ဂ) အငှား မော်တော်ယာဉ် ပိုင်ရှင် ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ဤနည်းဥပဒေများ၏ အခန်း (၆) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်၊

(ဃ) လက်ရှိမော်တော်ယာဉ်ပိုင်ရှင်မှ မော်တော်ယာဉ်ကို ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် ပြောင်းရွှေ့ခြင်း ပြုလုပ်ရန်ရည်ရွယ်ခြင်းကို တစ်ဦးဦးက တားမြစ်လိုပါက အနိမ့်ဆုံးမြို့နယ်အဆင့်ရှိ တရားရုံးမှတားမြစ်ပေးရန် အကြောင်းကြားစာကို ယာဉ်ပိုင်ရှင်အမည်မပြောင်းလဲမီ သို့မဟုတ် ယာဉ်မပြောင်းရွှေ့မီ သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့သို့အရောက် ကြိုတင်၍ ပေးပို့ထားမှသာ မှတ်ပုံတင်အဖွဲ့က တားမြစ်ပေးနိုင်မည်။

၁၄။ (က) မော်တော်ယာဉ်တွင် ပြောင်းလဲမှုများပြုလုပ်လိုလျှင် ပိုင်ရှင်သည်-

(၁) သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သို့ ကြိုတင်လျှောက်ထား ရမည်။ လျှောက်လွှာတွင် ပြောင်းလဲလိုသည့် အချက် များနှင့် ကြာမြင့်မည့်ကာလကို ဖော်ပြရမည်၊

(၂) ၎င်းလျှောက်ထားချက်ကို မှတ်ပုံတင်အဖွဲ့မှ စာဖြင့် ခွင့်ပြုမှသာ ပြုလုပ်ရမည်။

(ခ) မှတ်ပုံတင်အဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ပိုင်ရှင်၏ လျှောက်ထားချက်ကို သဘောတူလျှင် တူကြောင်း၊ သဘော မတူလျှင် မည်သည့်အကြောင်းကြောင့် မတူကြောင်း ပြန်ကြား ရမည်၊

(ဂ) ခွင့်ပြုချက်အရ မော်တော်ယာဉ်တွင် ပြောင်းလဲပြီးလျှင်ပြီးချင်း စစ်ဆေးခံရန် မှတ်ပုံတင်အဖွဲ့သို့ မှတ်ပုံတင်စာအုပ်နှင့်အတူ လာရောက်ရမည်၊

(ဃ) မော်တော်ယာဉ် ပိုင်ရှင်သည် နည်းဥပဒေခွဲ (က) အတိုင်း မလိုက်နာလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့မှ မှတ်ပုံတင်ဖျက်သိမ်းသည် အထိ အရေးယူနိုင်သည်။ ဤနည်းဥပဒေခွဲနှင့် စပ်လျဉ်း၍ ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးရမည်၊

(င) "နိဗ္ဗာန်" ယာဉ်အဖြစ် မှတ်ပုံတင်ထားသော မော်တော်ယာဉ် သည် ယာဉ်သက်တမ်းတစ်လျှောက် နိဗ္ဗာန်ယာဉ်အဖြစ်သာ တည်ရှိစေရမည်။

၁၅။ (က) မှတ်ပုံတင်အဖွဲ့သည် မိမိနယ်မြေအတွင်းရှိ မော်တော်ယာဉ် တစ်စီးစီးနှင့် စပ်လျဉ်း၍ အောက်ပါအချက်တစ်ရပ်ရပ်အရ မှတ်ပုံတင်ခေတ္တရပ်စဲနိုင်သည်-

(၁) ပြည်သူတို့ဆိုင်ရာ နေရာတွင် အန္တရာယ်ဖြစ်စေမည့် အခြေအနေရှိခြင်း၊

(၂) ဤနည်းဥပဒေများ၏ အခန်း (၃) ပါ လိုအပ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း၊

(၃) ဤနည်းဥပဒေခွဲ၏ အပိုဒ် (၁) နှင့် (၂) တွင် ပြဋ္ဌာန်းချက်များမှတစ်ပါး နည်းဥပဒေများပါ မော်တော်ယာဉ် ပိုင်ရှင်မှ လိုက်နာရမည့် အခြားလိုအပ်ချက်များ မလိုက်နာခြင်း၊

(၄) မော်တော်ယာဉ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ရန် ပိုင်ရှင်အား မှတ်ပုံတင်အဖွဲ့မှ ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ လာရောက်ရန်ပျက်ကွက်ခြင်း။

(ခ) မှတ်ပုံတင်အဖွဲ့သည် နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင်ကို ခေတ္တရပ်စဲလျှင် ထိုသို့ ခေတ္တရပ်စဲကြောင်းကို ဗဟိုမှတ်ပုံတင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့သို့ ချက်ချင်း စာဖြင့် အကြောင်းကြားရမည်။

(ဂ) ဤနည်းဥပဒေအရ အရေးယူခြင်းခံရသော ပိုင်ရှင်သည် မှတ်ပုံတင်စာအုပ်နှင့် မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့သို့ ပြန်အပ်ရမည်၊

(ဃ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင် ခေတ္တရပ်စဲထားခြင်း ခံရသော မော်တော်ယာဉ်တွင် လိုအပ်ချက်များ ပြုပြင်ပြီးလျှင် မှတ်ပုံတင်ခေတ္တရပ်စဲထားခြင်းမှ ပယ်ဖျက်၍ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ပြန်ပေးရမည်။

၁၆။ (က) ဗဟိုမှတ်ပုံတင်အဖွဲ့သည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ်ကြောင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်–

(၁) မှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်ကို ပြည်သူတို့ဆိုင်ရာနေရာတွင် အသုံးပြုက အန္တရာယ်ဖြစ်စေနိုင်လျှင် အင်ဂျင်နီယာဖြင့် ထိုမော်တော်ယာဉ်ကို စစ်ဆေးစေရာ၌ အန္တရာယ်ကင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်မရနိုင်ကြောင်း မှတ်ချက်ပြုခြင်းကို အတည်ပြုခြင်း၊

(၂) ပိုင်ရှင်သည် မိမိ၏မော်တော်ယာဉ်ကို မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သို့ ဖြစ်စေ၊ ဗဟိုမှတ်ပုံတင်အဖွဲ့သို့ ဖြစ်စေ စာဖြင့် အကြောင်းကြားခြင်း၊

(၃) ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုကြောင့်လည်းကောင်း၊ မီးလောင်မှုကြောင့်လည်းကောင်း၊ အခြားတစ်စုံတစ်ရာကြောင့် ယာဉ်ပျက်စီးလျှင်လည်းကောင်း မှတ်ပုံတင်အဖွဲ့က အင်ဂျင်နီယာဖြင့်စစ်ဆေး၍ ယာဉ်သည် ထာဝစဉ်သုံးမရနိုင်ကြောင်း မှတ်ချက်ပြုခြင်းကို အတည်ပြုခြင်း၊

(၄) နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပသို့ ထာဝစဉ်ထုတ်ယူသွားခြင်း၊

(၅) မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းကုန်ဆုံး၍ အသစ်လဲလှယ်ရန် ပျက်ကွက်နေသောကာလမှာ တစ်ဆက်တည်းငါးနှစ်ပြည့်မြောက်ခြင်း၊

(၆) မော်တော်ယာဉ်တွင် မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲမှုကြောင့် ယာဉ်အမျိုးအမည်၊ သို့မဟုတ် ခုနှစ် ပုံစံ၊ သို့မဟုတ် တင်အားပြောင်းနေခြင်း၊

(၇) မော်တော်ယာဉ်သည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့် မော်တော် ယာဉ်မှတ်ပုံတင်သက်တမ်း ကျော်လွန်ခြင်း။

(ခ) နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသော မှတ်ပုံတင်ဖျက်သိမ်း ရန် အကြောင်းအရာများကို မှတ်ပုံတင်အဖွဲ့က ဗဟိုမှတ်ပုံတင် အဖွဲ့သို့ တင်ပြလျှင် မော်တော်ယာဉ်မှတ်ပုံတင် ဖျက်သိမ်းခြင်း အမိန့်ကို ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်ရမည်။ ဗဟိုမှတ်ပုံ တင်အဖွဲ့က တိုက်ရိုက်အရေးယူပြီးသောကိစ္စရပ်များကို သက် ဆိုင်ရာမှတ်ပုံတင်အဖွဲ့သို့ အကြောင်းကြားရမည်။ ထိုအမိန့်စာ ကိုပိုင်ရှင်သို့ မိတ္တူပေးရမည်၊

(ဂ) နည်းဥပဒေခွဲ (က) အရ မှတ်ပုံတင် ဖျက်သိမ်းခံရသော မော် တော်ယာဉ်၏ မှတ်ပုံတင်စာအုပ်နှင့် မှတ်ပုံတင်လက်မှတ်ကို ပိုင်ရှင်ထံမှ မှတ်ပုံတင်အဖွဲ့က တောင်းယူရမည်၊

(ဃ) မှတ်ပုံတင်ဖျက်သိမ်းခံရသော မော်တော်ယာဉ်များ စုပေါင်း စာရင်းကို ဗဟိုမှတ်ပုံတင်အဖွဲ့က အမိန့်ကြော်ငြာစာဖြင့် အနည်း ဆုံးတစ်နှစ်လျှင်တစ်ကြိမ် ကြေညာရမည်။

၁၇။ မှတ်ပုံတင်စာအုပ်၊ သို့မဟုတ် မှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်စာအုပ်၊ သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင် ပိုင်ရှင်သည် ပြည်သူ့ရဲစခန်းသို့ တိုင်ကြားရမည်။ ထိုသို့ တိုင်ကြားပြီးကြောင်း အထောက်အထားကို ရယူပြီး ဗဟိုမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ စာအုပ်မိတ္တူ သို့မဟုတ် လက်မှတ်မိတ္တူအတွက် လျှောက်ထားလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့က စာအုပ်မိတ္တူ သို့မဟုတ် လက်မှတ်မိတ္တူ ထုတ်ပေးရမည်။ စာအုပ်မိတ္တူ သို့မဟုတ် လက်မှတ်မိတ္တူကိုရယူပြီးနောက် ပျောက်ဆုံးသောစာအုပ် သို့မဟုတ် လက်မှတ်ကို ပြန်လည်ရရှိလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သို့ ပြန်အပ်ရမည်၊

(ခ) မှတ်ပုံတင်စာအုပ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပျက်စီးနေလျှင် ပိုင်ရှင်သည် ဗဟိုမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ မိတ္တူအတွက်လျှောက်ထားရာ၌ ပျက်စီးနေသော စာအုပ် သို့မဟုတ် လက်မှတ်ကိုပါ ပူးတွဲပေးရမည်။ လျှောက်လွှာနှင့်အတူ ပျက်စီးနေသောစာအုပ် သို့မဟုတ် လက်မှတ်ကိုရရှိလျှင် သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့က မိတ္တူထုတ်ပေးရမည်၊

(ဂ) မှတ်ပုံတင်စာအုပ်မိတ္တူ သို့မဟုတ် မှတ်ပုံတင်လက်မှတ်မိတ္တူကို ထုတ်ပေးရာတွင် "မိတ္တူ" ဖြစ်ကြောင်း ပေါ်လွင်စေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးရမည်။

၁၈။ ပြည်ပမှ ခေတ္တဝင်ရောက်လာသော မော်တော်ယာဉ်နှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်သွားလာမှု ကွန်ဗင်းရှင်းစာချုပ်အရ ပြည်ပမှခေတ္တဝင်ရောက်လာသော မော်တော်ယာဉ်

ကို နည်းဥပဒေခွဲ (ခ) နှင့်ညီညွတ်လျှင် မြန်မာနိုင်ငံအတွင်း အချိန်၊ နေရာကန့်သတ်ချက်ဖြင့် မောင်းနှင်သွားလာနိုင်ရေး အတွက် နည်းဥပဒေပုဒ်မ (၄) အရ ဗဟိုမှတ်ပုံတင်အဖွဲ့က ယာယီမှတ်ပုံတင်ခွင့် ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပြည်ပမှ ခေတ္တဝင်ရောက်လိုသော မော်တော်ယာဉ်သည် အောက်ပါအချက်များနှင့် ညီညွတ်ရမည်-

(၁) နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရရှိသော မော်တော်ယာဉ်နှင့် ယာဉ်မောင်းသူဖြစ်ရမည်။ ထိုယာဉ်မောင်းသူထံတွင် သက်တမ်းရှိ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်ရှိရမည်၊

(၂) ၎င်းမော်တော်ယာဉ်ဖြင့် လိုက်ပါလာမည့် ခရီးသည်များသို့မဟုတ် တင်ဆောင်လာမည့် ကုန်ပစ္စည်းများအတွက်ပါ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရရှိရမည်၊

(၃) ၎င်းမော်တော်ယာဉ်၏ အတိုင်းအတာများနှင့် အလေးချိန်သည် မြန်မာနိုင်ငံအတွင်း ခွင့်ပြုသည့် သတ်မှတ်ချက်များထက် မပိုစေရ၊

(၄) ၎င်းမော်တော်ယာဉ်၏ တည်ဆောက်မှုနှင့် ပြုပြင်ထားမှုအခြေအနေသည် ဤနည်းဥပဒေများ၏ အခန်း (၃) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) နှင့် ညီညွတ်သော မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ပေးရန် ဗဟိုမှတ်ပုံတင်အဖွဲ့သည်-

(၁) ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ထို ခွင့်ပြုလက်မှတ်တွင် လိုအပ်သော စည်းကမ်းချက်များကို ချမှတ်ပေးရမည်၊

(၂) ၎င်းမော်တော်ယာဉ်တွင် တပ်ဆင်ရန်အတွက် ယာယီ မှတ်ပုံတင်အမှတ် ထုတ်ပေးရမည်၊

(၃) ယာယီမှတ်ပုံတင်ခြင်းအတွက် သတ်မှတ်သည့် အခကြေး ကောက်ခံရမည်။

၁၉။ (က) နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချသော အသုံး ပြုပြီး မော်တော်ယာဉ်များကို ဤအခန်းအရ မှတ်ပုံတင်ရေး အတွက် ဤနည်းဥပဒေ၏ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်၊

(ခ) လေလံတင်ရောင်းချရန် မော်တော်ယာဉ်များစာရင်းကို လေလံ တင်ရောင်းချရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင် ၍ ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူက ဗဟိုမှတ်ပုံတင် အဖွဲ့သို့ ပေးပို့ရမည်။ ထိုစာရင်းသည် မော်တော်ယာဉ်များ လေလံတင်ရောင်းချပြီးမှ ဗဟိုမှတ်ပုံတင်အဖွဲ့သို့ ရောက်ရှိပါ က ထိုစာရင်းပါ မော်တော်ယာဉ်များကို မှတ်ပုံတင်ပေးရေး အတွက် ဗဟိုမှတ်ပုံတင်အဖွဲ့က ငြင်းဆိုနိုင်သည်၊

(ဂ) ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူက လေလံတင်ရောင်းချ မည့် မော်တော်တော်ယာဉ်များ စာရင်းကို ပေးပို့ရာတွင် လေလံတင် ရောင်းချခွင့်ပြုသည့် နိုင်ငံတော်အဖွဲ့အစည်း၏ စစ်ဆေးထောက်ခံချက်လည်း ပါဝင်ရမည်။ စစ်ဆေးထောက်ခံ ချက်တွင် မှတ်ပုံတင်ပေးရန် သင့် မသင့်ကို ဖော်ပြရမည်၊

(ဃ) နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၅) သို့မဟုတ် နည်းဥပဒေခွဲငယ် (၆) နှင့် ငြိစွန်းနေသော မော် တော်ယာဉ်သည် လေလံတင်ရောင်းချသော မော်တော်ယာဉ် များတွင် ပါဝင်လျှင် ဗဟိုမှတ်ပုံတင်အဖွဲ့သည် ၎င်းမော်တော်

ယာဉ်မှတ်ပုံတင်ခြင်းကို ခွင့်မပြုရ။ ထိုမော်တော်ယာဉ်တို့ကို ယာဉ်အပိုပစ္စည်းများအဖြစ်သာ လေလံတင်ရောင်းချရမည်၊

( င ) ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိသော ကာကွယ်ရေး ဝန်ကြီးဌာနပိုင် အသုံးပြုပြီး မော်တော်ယာဉ်များကို လေလံ တင်ရောင်းချလျှင် နိုင်ငံတော်အစိုးရမှ ညွှန်ကြားသည့်အတိုင်း ဗဟိုမှတ်ပုံတင်အဖွဲ့က ဆောင်ရွက်ပေးရမည်။ ၎င်းမော်တော် ယာဉ်များအတွက် မှတ်ပုံတင်အမှတ်များကို ဗဟိုမှတ်ပုံတင် အဖွဲ့က သတ်မှတ်ပေးရမည်၊

( စ ) လေလံတင်ရောင်းချသော မော်တော်ယာဉ်ကို ဝယ်ယူသူက ပြန်လည်ပြုပြင် အသုံးပြုရန်အတွက် ၎င်းယာဉ်ကို ပြုပြင်နေချိန် တွင် စမ်းသပ်မောင်းနှင်ရန် စတီအမှတ်ကို တပ်ဆင်အသုံးပြု ရမည်၊

(ဆ) လေလံတင် ရောင်းချသည့်ရက်တွင် နည်းဥပဒေ ၁၆၊ နည်း ဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၅) အရ ငါးနှစ်မပြည့် မြောက်သေးသော မော်တော်ယာဉ်ကိုသာ ဆက်လက်မှတ်ပုံ တင်ခွင့်ပြုရမည်၊

( ဇ ) လေလံတင်ရောင်းချသော မော်တော်ယာဉ်ကို ဝယ်ယူသူက လေလံဆွဲဝယ်ယူသည့်ရက်မှ နှစ်နှစ်မတိုင်မီ မှတ်ပုံတင်ရမည်။ မှတ်ပုံမတင်လျှင် နှစ်နှစ်ပြည့်မြောက်သည့်ရက်မှစ၍ မှတ်ပုံ တင်ခွင့်မရှိစေရ၊

(ဈ) လေလံတင်ရောင်းချသော မော်တော်ယာဉ်ကို ဝယ်ယူသူ၏ အမည်ဖြင့်သာ မှတ်ပုံတင်ခွင့်ပြုရမည်၊

(ည) အငှားမော်တော်ယာဉ်တိုင်းကို ကိုယ်ပိုင်ယာဉ်အဖြစ်သာ လေလံ တင်ရောင်းချရမည်၊

( ဋ ) ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လေလံတင်ရောင်းချသော အဖွဲ့နှင့် လေလံဆွဲဝယ်ယူသူများ သိရှိစေရန် ဗဟိုမှတ်ပုံတင် အဖွဲ့က ဆောင်ရွက်ရမည်။

၂၀။ (က) နိုင်ငံတော်က ဥပဒေအရ သိမ်းဆည်းထားသော မော်တော်ယာဉ်ကို လေလံတင်ရောင်းချလျှင် သို့မဟုတ် အခြားအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးသို့ လွှဲပြောင်းပေးလျှင် ထိုမော်တော်ယာဉ်နှင့်ပတ်သက်၍ သိမ်းဆည်းထားသောအဖွဲ့မှ အောက်ပါအချက်အလက်များကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ စာဖြင့်အကြောင်းကြားမှသာလျှင် မှတ်ပုံတင်ခွင့်ပြုရမည်–

(၁) ယာဉ်မှတ်ပုံတင်အမှတ် (ရှိလျှင်)၊

(၂) မော်တော်ယာဉ်အမျိုးအမည်၊

(၃) မော်တော်ယာဉ်အမျိုးအစား၊

(၄) အောက်ခံထည် သို့မဟုတ် ဖရိမ်အမှတ်၊

(၅) စက်အမှတ်၊

(၆) လေလံဆွဲဝယ်ယူသူ သို့မဟုတ် လွှဲပြောင်းလက်ခံသူ၏ အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊

(၇) လေလံတင်ရောင်းချသည့် ရက်စွဲ၊ သို့မဟုတ် လွှဲပြောင်းပေးသည့်ရက်၊

(၈) မော်တော်ယာဉ်ကို မည်သူ့ထံမှ မည်သို့ရရှိခဲ့ကြောင်း၊

(ခ) နည်းဥပဒေခွဲ (က) အရ၊ လေလံတင်ရောင်းချသော သို့မဟုတ် လွှဲပြောင်းပေးသော မော်တော်ယာဉ်သည် တရားမဝင်သောနည်းဖြင့် နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေလျှင် သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိလျှင် ထိုယာဉ်ကို ဝယ်ယူသူ သို့မဟုတ် လွှဲပြောင်းလက်ခံသူသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အခကို ပေးဆောင်ပြီးမှသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၁။ မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်သည့်အခါ သို့မဟုတ် မှတ်ပုံတင်အသစ်လဲလှယ်သည့်အခါတိုင်း ဥပဒေ အခန်း (၃) အရ၊ ထားရှိရမည့် သူတစ်ပါးထိခိုက်မှု အာမခံထားခြင်းအတွက် အာမခံပရီမီယံကို သက်ဆိုင်ရာ မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် မှတ်ပုံတင်အဖွဲ့သို့ ပေးဆောင်ရမည်။

၂၂။ **ပေးရမည့်အခကြေးငွေများ**

(က) ဤအခန်းအရ ပေးရမည့်အခကြေးငွေများသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများပိုင် မော်တော်ယာဉ်များအတွက် မှတ်ပုံတင်ခကို ချက်လက်မှတ်ဖြင့်လည်း ပေးချေနိုင်သည်။ ချက်လက်မှတ်ဖြင့် ပေးချေသောငွေသည် မှတ်ပုံတင်အဖွဲ့၏ ဘဏ်စာရင်းတွင် သက်ဆိုင်ရာ ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ရက်ကို နောက်ဆုံးထား၍ စာရင်းဝင်ပြီးဖြစ်စေရမည်၊

(ဂ) အောက်ပါမော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ မည်သည့်မှတ်ပုံတင်ခြင်းအတွက်မဆို အခကြေးပေးရန်မလို–

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်းရှိ နိုင်ငံခြားသံရုံးပိုင် မော်တော်ယာဉ်များ၊

(၂) မီးသတ်စက်နှင့် မီးသတ်မော်တော်ယာဉ်များ၊

(၃) သူနာတင်မော်တော်ယာဉ်များ၊

(၄) ပြည်သူ့ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များ၊

(၅) ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ လွတ်ငြိမ်းခွင့်ပြုသည့် မော်တော်ယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနပိုင် မော်တော်ယာဉ်များ။

၂၃။ **အယူခံဝင်ခြင်း**

(က) ဤအခန်းအရ မှတ်ပုံတင်အဖွဲ့က ချမှတ်သည့် အမိန့်ဆုံးဖြတ်ချက်တစ်ခုခုကို အယူခံဝင်လိုလျှင် ပိုင်ရှင်သည် အကြောင်းကြားစာရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုမှတ်ပုံတင်အဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို ဥပဒေပုဒ်မ ၁၁ အရ၊ အယူခံဝင်လိုလျှင် အဆိုပါအမိန့် ချမှတ်သည့် အကြောင်းကြားစာရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်၊

(ဂ) ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

# အခန်း (၃)

## မော်တော်ယာဉ်များ တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၂၄။ ဤအခန်းအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်သော်လည်းကောင်း၊ နည်းဥပဒေများအရ ဗဟိုမှတ်ပုံတင်အဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်သော်လည်းကောင်း မညီညွတ်သော မော်တော်ယာဉ်ကို ပြည်သူတို့ဆိုင်ရာနေရာများတွင် မည်သူမျှအသုံးမပြုရ သို့မဟုတ် အသုံးမပြုစေရ။

။ (က) ညာဘက်အားဖြင့် မော်တော်ယာဉ်တိုင်းတွင် ခြေနင်းဘရိတ် (ယာဉ်မောင်းနှင်သွားလာနေစဉ်သုံးဘရိတ်) နှင့် လက်ဆွဲဘရိတ် (ယာဉ်ရပ်ထားစဉ်သုံးဘရိတ် သို့မဟုတ် အရေးပေါ်သုံးဘရိတ်) စနစ်နှစ်မျိုးကို သီးခြားတပ်ဆင်ထားရှိရမည်။ မော်တော်ယာဉ်ဘရိတ်များသည် ယာဉ်မောင်းနှင်နေသူက လွယ်ကူစွာအသုံးပြုနိုင်သည့် အနေအထားတွင်ရှိရမည်၊

(ခ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့် ခြေနင်းဘရိတ်ကို ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ၊ ဝန်တင်မထားသည်ဖြစ်စေ မြေညီလမ်းပေါ်၌ အသုံးပြုလျှင် စတင်အသုံးပြုသည့်နေရာမှ ယာဉ်ရပ်တန့်ရမည့် မော်တော်ယာဉ် အရှိန်သတ်အကွာအဝေးသည် သတ်မှတ်ချက်အတွင်း ဖြစ်စေရမည်။ မော်တော်ယာဉ် အရှိန်သတ်အကွာအဝေးသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့် လက်ဆွဲဘရိတ်ကို ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ၊ ဝန်တင်မထားသည်ဖြစ်စေ ဆင်ခြေလျှော အတက်အဆင်းလမ်းပေါ်၌ အသုံးပြုလျှင် ယာဉ်သည် လုံးဝရပ်တန့်နေရမည်၊

(ဃ) မော်တော်ယာဉ်တွင် ချိတ်ဆွဲမည့်နောက်တွဲ၌ ဘရိတ်တပ်ဆင်ထားရှိရမည်။ ၎င်းဘရိတ်ကို အသုံးပြုပုံမှာ ယာဉ်ထုတ်လုပ်သူ၏ လမ်းညွှန်မှုအတိုင်းဖြစ်ရမည်၊

(င) မော်တော်ဆိုင်ကယ်တိုင်းတွင် နောက်ဘီးကိုဖမ်းသော ဘရိတ်နှင့် ရှေ့ဘီးကိုဖမ်းသော ဘရိတ်နှစ်မျိုး တပ်ဆင်ထားရှိရမည်။ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူ၏ ပုံစံအရ ရှေ့ဘီးကိုဖမ်းသောဘရိတ် မပါလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူပြီးမှ အသုံးပြုရမည်၊

မီးလုံးများ၏ မီးအလင်းရောင်တန်းများ အောက်စိုက်သွားပြီး ကျန်မီးလုံးများ ပိတ်သွားရမည် သို့မဟုတ် မီးလုံးများအားလုံး၏ မီးအလင်းရောင်တန်းများ တစ်ပြိုင်တည်း အောက်စိုက်သွား စေရမည်၊

(ဂ) မော်တော်ယာဉ်၏ ရှေ့နှင့်နောက် လက်ဝဲလက်ယာ အစွန်း တစ်ဖက်တစ်ချက်တွင် ဘေးမီးငယ်တစ်လုံးစီကို တပ်ဆင်ထား ရှိရမည်။ ရှေ့ဘေးမီးငယ်များ မီးအရောင်သည် အဖြူ သို့မဟုတ် အဝါဖြစ်ရမည်။ နောက်ဘေးမီးငယ်များ၏ အရောင်သည် အနီ ဖြစ်ရမည်။ မီးသီးအားသည် ၇–ဝပ်ထက် မပိုစေရ။ မှောင်မိုက် သည့် ညအချိန်တွင် ယာဉ်ရပ်ထားကြောင်း သိရှိစေရန် ဘေး မီးငယ်များကို ဖွင့်ထားနိုင်ရမည်။ ဘေးမီးငယ်များကို ဖွင့်ထား ချိန်တွင် ရှေ့မီးကြီးများပိတ်နိုင်သော မီးခလုတ်ရှိရမည်။ ပုံစံ ဟောင်းမော်တော်ယာဉ်များတွင် နောက်ဘေးမီးငယ်များ မရှိပါ က မပါရှိခြင်းကိုခွင့်ပြုသည်၊

(ဃ) မော်တော်ယာဉ်၏နောက်၌ လက်ဝဲလက်ယာအစွန်း တစ်ဖက် တစ်ချက်စီတွင် အရောင်ပြန်ပြားအနီတစ်ခုစီကို တပ်ဆင်ထား ရှိရမည်။ ထိုအရောင်ပြန်ပြားသည် မြေပြင်မှ အနိမ့်အမြင့်တူညီ ရမည်။ ဥတုရာသီကြည်လင်သော ညအချိန်တွင် နောက်တွင် ရှိသောယာဉ်၏ ရှေ့မီးကြီးအလင်းရောင်ဖြင့် အရောင်ပြန်ပြား အနီကို ၁၅၀ မီတာ (၅၀၀ ပေ) မှ မြင်နိုင်ရမည်။ ရောင်ပြန် ပြားအနီကို ဘရိတ်မီးတွင် တပ်ဆင်ထားနိုင်သည်၊

(င) မော်တော်ယာဉ်တိုင်း၏ နောက်နံပါတ်ပြားပေါ်ရှိ ယာဉ် မှတ်ပုံတင်အမှတ်ကို ဥတုရာသီကြည်လင်သော ညအချိန်တွင် ၁၅.၂၅ မီတာ (၅၀ ပေ) မှ မြင်နိုင်ရန် မီးတပ်ဆင်ထားရမည်။ ၎င်းမီးအရောင်သည် အဖြူဖြစ်ရမည်။ ယာဉ်၏ ရှေ့မီးကြီးများ

ကိုသော်လည်းကောင်း၊ ဘေးမီးငယ်များကိုသော်လည်းကောင်း ဖွင့်သည့်အခါတိုင်း နောက်နံပါတ်ပြား မီးလင်းနေရမည်၊

( စ ) မော်တော်ယာဉ်၏နောက်ဘက်၌ အရောင်ပြန်ပြားအနီနှင့် ဘေးချင်းယှဉ်၍သော်လည်းကောင်း၊ အထက်အောက်သော်လည်းကောင်း လက်ဝဲနှင့် လက်ယာဘက်တွင် အနီရောင်ဘရိတ်မီးများတစ်လုံးစီ တပ်ဆင်ထားရှိရမည်။ (မှတ်ချက်-ပုံစံဟောင်းမော်တော်ယာဉ်များတွင် ဘရိတ်မီးတစ်လုံးသာ တပ်ဆင်ထားသည်ကို ခွင့်ပြုသည်) ၎င်းမီးသည် ခြေနင်းဘရိတ်ကို အသုံးပြုသည့်အခါမှသာ လင်းရမည်။ ၎င်းမီးကို နေ့အချိန်တွင်သော်လည်းကောင်း၊ ညအချိန်တွင်သော်လည်းကောင်း သာမန်အားဖြင့် ၉၁.၅၅ မီတာ (၃၀၀ ပေ) မှ မြင်နိုင်ရမည်၊

(ဆ) မော်တော်ယာဉ်၏ ရှေ့နှင့်နောက် လက်ဝဲလက်ယာဘက်များတွင် ယာဉ်သွားလာရာဘက်သို့ အချက်ပြနိုင်ရန် မီးများတပ်ဆင်ထားရှိရမည်။ ၎င်းမီးအရောင်များသည် ရှေ့တွင် အဖြူသို့မဟုတ် အဝါ၊ နောက်တွင် အဝါ သို့မဟုတ် အနီဖြစ်ရမည်။ ၎င်းမီးသည် အလိုအလျောက်လင်းသော ပိတ်သောမီးဖြစ်သည်။ မီးရောင်လျှပ်နှုန်းသည် တစ်မိနစ်လျှင် အနည်းဆုံး အကြိမ်ပေါင်း ၆၀ မှ အများဆုံး ၁၂၀ အထိရှိရမည်။ ပုံစံဟောင်း မော်တော်ယာဉ်များတွင် ယာဉ်မောင်းသူအခန်း၏ အပြင်၌ လက်ဝဲ၊ လက်ယာဘက်များတွင် အချက်ပြလက်တံမီးများ (Trafficator Lights) တပ်ဆင်ထားခြင်းကို ခွင့်ပြုသည်၊

( ဇ ) ဆီးနှင်းမီးများကို ဆီးနှင်းဖုံးလွှမ်းသည့် နယ်မြေများတွင်သာ အသုံးပြုလေ့ရှိသည်။ ဤနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းသည့်အချိန်နှင့် မြူနှင်းကျသည့်အချိန်များတွင်သာ ၎င်းမီးများကို

အသုံးပြုနိုင်သော်လည်း သာမန်အားဖြင့် ၎င်းအဝါရောင်မီးများကို မော်တော်ယာဉ်၏ ရှေ့မီးကြီးများအစား အသုံးမပြုရ၊

(ဈ) နောက်ဆုတ်မီးကို မော်တော်ယာဉ်၏နောက်တွင် တပ်ဆင်ထားရှိရမည်။ ၎င်းမီးအရောင်သည် အဖြူ သို့မဟုတ် အဝါဖြစ်ရမည်။ ယာဉ်၏နောက်ဂီယာကို အသုံးပြုမှသာလျှင် နောက်ဆုတ်မီးလင်းရမည်။ ၎င်းမီးသီးအားသည် ၇-ဝပ်ထက် မပိုစေရ၊

(ည) သူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ဆယ်တင်ရေးယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီး ယာဉ်အချို့၏ အမိုးပေါ်တွင် ဦးစားပေးမီးတပ်ဆင်ထားရှိသည်။ ၎င်းမီးသည် ဆုံလည်မီး သို့မဟုတ် အလိုအလျောက်လင်းသော ပိတ်သောမီးဖြစ်ရမည်။ ၎င်းမီးရောင်သည် အနီ သို့မဟုတ် အဝါ သို့မဟုတ် ဗဟိုမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုသည့်အရောင်များဖြစ်ရမည်၊

(ဋ) မော်တော်ယာဉ်ကိုယ်ထည်၏ အမြင့်နှင့် အနံကို ညအချိန်တွင် ဖော်ပြသည့် မီးငယ်များသည် ယာဉ်၏အမိုးပေါ်၌ ရှေ့လက်ဝဲလက်ယာအစွန်း တစ်ဖက်တစ်ချက်တွင် တစ်လုံးစီနှင့် နောက်လက်ဝဲလက်ယာအစွန်း တစ်ဖက်တစ်ချက်တွင် တစ်လုံးစီကို အချို့ယာဉ်ကြီးများတွင် တပ်ဆင်ထားရှိသည်။ သာမန်အားဖြင့် ရှေ့မီးအရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီဖြစ်သည်၊ သို့မဟုတ် ဗဟိုမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုသည့် အရောင်ဖြစ်ရမည်။

မော်တော်ယာဉ်ကိုယ်ထည်၏ အလျားသည် ၇.၃၁ မီတာ (၂၄ ပေ) ထက်ရှည်လျှင် ယာဉ်၏ လက်ဝဲဘက်ကိုယ်ထည်ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း၊ လက်ယာဘက်ကိုယ်ထည် ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း

ညအချိန်၌ ယာဉ်၏အလျားကိုသိရှိရန် မီးငယ်များ တစ်လုံးစီ တပ်ဆင်ထားရမည်။ သာမန်အားဖြင့် ရှေ့မီးအရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီဖြစ်ရမည်၊ သို့မဟုတ် ဗဟိုမှတ်ပုံတင်အဖွဲ့မှခွင့်ပြုသည့် အရောင်ဖြစ်ရမည်၊

( ဌ ) ဘတ်စ်ကားပြေးဆွဲသော ခရီးစဉ် သို့မဟုတ် လိုင်းအမှတ် အသားကို ယာဉ်၏ ရှေ့အမိုးထိပ်တွင် တပ်ဆင်ထားလေ့ရှိသည်။ ညအချိန်တွင် ၎င်းအမှတ်အသားကို မြင်နိုင်စေရန် အဖြူရောင်မီးငယ် တပ်ဆင်ထားရမည်။ ထို့ပြင် ဘတ်စ်ကား အတွင်း၌ ခရီးသည်များအတွက် အဖြူရောင်မီးငယ်များ တပ်ဆင်ထားရမည်။ ထိုမီးငယ်သည် ယာဉ်မောင်းသူ၏ မျက်စိအာရုံကို အနှောင့်အယှက်မပြုစေရ၊

( ဍ ) တက္ကစီယာဉ်၏ ရှေ့အမိုးထိပ်တွင် တပ်ဆင်ထားသော မီးအိမ်ပေါ်တွင် ဆေးနီဖြင့်ရေးသားထားသည့် "တက္ကစီ" သို့မဟုတ် "TAXI" စာကို မြင်နိုင်စေရန် အဖြူရောင်မီးငယ် တပ်ဆင်ထားရမည်၊

( ဎ ) မော်တော်ယာဉ်တွင် တင်ဆောင်သော ပစ္စည်းများသည် ကိုယ်ထည်နောက်ဘက်သို့ ၁.၂၂ မီတာ (၄ ပေ) ထက်ပို၍ အစွန်းထွက်နေလျှင် ညအချိန်၌ အစွန်းထွက်မှုကိုသိရှိရန် ပစ္စည်း၏အဖျားတွင် အနီရောင်မီးတစ်လုံး တပ်ဆင်ထားရမည်။ ၎င်းမီးကို ယာဉ်နောက် ၁၅၀ မီတာ (၅၀၀ ပေ) ခန့်အကွာအဝေးမှ မြင်နိုင်ရမည်၊

(ဏ) ညအချိန်၌ မော်တော်ယာဉ်ကို လမ်းပေါ်တွင် ရပ်ထားပါက ဘေးမီးငယ်များကို ဖွင့်ထားရမည်၊ သို့မဟုတ် သီးခြားတပ်ဆင်ထားသည့် ရပ်တန့်မီးရှိပါက ဖွင့်ထားရမည်။ သို့ရာတွင် လမ်းပေါ်တွင်ရပ်ထားသော မော်တော်ယာဉ်ကို ၃၀၀ မီတာ (၁၀၀၀ ပေ) ခန့် အကွာအဝေးမှ မြင်နိုင်ပါက ရပ်တန့်မီးများကိုဖွင့်ထားရန်မလို၊

(တ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် စပေါ့လိုက်ကို အသုံးပြုသောအခါ ၎င်းမီး၏ အလင်းရောင်တန်းသည် သွားလာနေသော မော်တော်ယာဉ်တို့၏ ရှေ့လေကာမှန်နှင့် လမ်းအသုံးပြုနေသူတို့၏ မျက်နှာကို မထိုးမိစေရန် သတိပြုရမည်၊

(ထ) သုံးဘီးယာဉ်တွင် အောက်ပါမီးများ တပ်ဆင်ထားရှိရမည်-

(၁) ယာဉ်၏အနံသည် ၁.၀၇မီတာ (၃ ပေ ၆ လက်မ) ထက်မပိုလျှင် ယာဉ်၏ ရှေ့ဗဟိုတွင် မီးကြီးတစ်လုံး တပ်ဆင်ထားရှိရမည်။ ယာဉ်၏အနံသည် ၁.၀၇ မီတာ (၃ ပေ ၆ လက်မ) ထက်ကျော်လျှင် ရှေ့မီးကြီးနှစ်လုံး သို့မဟုတ် ယာဉ်၏ရှေ့ဗဟိုတွင် မီးသီးတစ်လုံးတပ်ဆင်ထားရမည်။ ၎င်းမီးမှာ အဖြူရောင်ဖြစ်ပြီး အလင်းရောင်ကို ၄.၉ မီတာ (၁၆၀ ပေ) အထိ ပေးနိုင်ရမည်။ ၎င်းပြင် ဘေးမီးငယ်များပါ တပ်ဆင်ထားရမည်၊

(၂) သုံးဘီးယာဉ်၏နောက်တွင် အရောင်ပြန်ပြားအနီနှစ်ခု၊ နောက်နံပါတ်ပြားမီး အဖြူတစ်လုံးနှင့် ဘရိတ်မီးအနီနှစ်လုံး တပ်ဆင်ထားရမည်၊

(၃) သုံးဘီးယာဉ်၏ ရှေ့နှင့် နောက်တို့တွင် အဝါရောင်အချက်ပြမီးများ တပ်ဆင်ထားရမည်။

(ဒ) မော်တော်ဆိုင်ကယ်တွင် အောက်ပါမီးများ တပ်ဆင်ထားရှိရမည်-

(၁) မော်တော်ဆိုင်ကယ်၏ ရှေ့ဗဟိုတွင် မီးကြီးတစ်လုံးသာ တပ်ဆင်ထားရမည်။ ၎င်းမီးမှာ အဖြူရောင်ဖြစ်ပြီး မော်တော်ဆိုင်ကယ်၏ ဆလင်ဒါကုဗ ၁၀၀ စီစီထက်

မပိုပါက ရှေ့သို့အနည်းဆုံး ၁၂.၂ မီတာ (၄၀ ပေ) အထိလည်းကောင်း၊ ဆလင်ဒါကုဗ ၁၀၀ စီစီ ကျော်၍ ၂၀၀ စီစီထက်မပိုပါက အနည်းဆုံး ၂၄.၄ မီတာ (၈၀ ပေ) အထိလည်းကောင်း၊ ဆလင်ဒါကုဗ ၂၀၀ စီစီထက်ပိုပါက အနည်းဆုံး ၄၉ မီတာ (၁၆၀ ပေ) အထိလည်းကောင်း အလင်းရောင်ပေးနိုင်ရမည်၊

(၂) မော်တော်ဆိုင်ကယ်၏ နောက်ဗဟိုတွင် အရောင်ပြန်ပြားအနီတစ်ခုနှင့် ဘရိတ်မီးအနီတစ်လုံး တပ်ဆင်ထားရှိရမည့်အပြင် နောက်နံပါတ်ပြား မီးအဖြူတစ်လုံးပါရမည်။ "မိုပက်" မော်တော်ဆိုင်ကယ်ထုတ်လုပ်သူ၏ ပုံစံအရ ဘရိတ်မီးမပါခြင်းကို ခွင့်ပြုသည်၊

(၃) မော်တော်ဆိုင်ကယ်၏ ရှေ့နှင့်နောက်တွင် အဝါရောင် အချက်ပြမီးများ တပ်ဆင်ထားရမည်။ "မိုပက်" မော်တော်ဆိုင်ကယ်ထုတ်လုပ်သူ၏ ပုံစံအရ အချက်ပြမီး မပါခြင်းကို ခွင့်ပြုသည်၊

(၄) မော်တော်ဆိုင်ကယ် ဘေးတွဲ၏ ရှေ့အစွန်းတစ်ဖက်တွင် အဖြူရောင် သို့မဟုတ် အဝါရောင် ဘေးမီးငယ်တစ်လုံးတပ်ဆင်ထားရမည်။ ဘေးတွဲ၏ နောက်မြီးအစွန်းတွင်လည်း အရောင်ပြန်ပြားအနီတစ်လုံး တပ်ဆင်ထားရမည်။

(ခ) နောက်တွဲ၏ နောက်မြီး၌ လက်ဝဲလက်ယာ တစ်ဖက်တစ်ချက်တွင် အရောင်ပြန်ပြားအနီတစ်ခုစီ တပ်ဆင်ထားရှိရမည်။ နောက်တွဲအလျားသည် ၇.၃၁ မီတာ (၂၄ ပေ) ထက်ပိုလျှင် ယာဉ်၏အလျားကို သိရှိစေရန် လက်ဝဲဘက်ကိုယ်ထည်ရှေ့ပိုင်း

နှင့်နောက်ပိုင်းတွင်လည်းကောင်း၊ လက်ယာဘက်ကိုယ်ထည် ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း မီးငယ်များတစ်လုံးစီ တပ်ဆင်ထားရမည်။ သာမန်အားဖြင့် ရှေ့မီးရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီဖြစ်ရမည်၊ သို့မဟုတ် ဗဟိုမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုသည့်အရောင် ဖြစ်ရမည်၊

( န ) ထရက်တာယာဉ်တွင် တပ်ဆင်ထားရှိရမည့် မီးများသည် သာမန်မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိသကဲ့သို့ ရှေ့မီး၊ နောက်မီး၊ နံပါတ်ပြားမီးနှင့် ဗဟိုမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုသည့် အခြားမီးများဖြစ်ရမည်၊

( ပ ) ဤနည်းဥပဒေများ၏ အခန်း ( ၂ ) အရ မှတ်ပုံတင်ထားသော ထူးခြားမော်တော်ယာဉ်များတွင် တပ်ဆင်ထားရှိသည့် မီးများသည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွာခြားနေပါက ဗဟိုမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကိုရယူရမည်၊

( ဖ ) ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားသော မီးများထက်ပို၍ အခြားမီးများကို ယာဉ်တွင် တပ်ဆင်လိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့ သို့မဟုတ် မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကိုရယူရမည်၊

( ဗ ) သာမန်အားဖြင့် မော်တော်ယာဉ်တွင် အနည်းဆုံး တပ်ဆင်ထားရမည့် မီးများမှာ အောက်ပါတို့ဖြစ်သည်-

(၁) ရှေ့မီးကြီး၊
(၂) ဘေးမီးငယ်၊
(၃) နောက်အရောင်ပြန်ပြားအနီ၊
(၄) ဘရိတ်မီး၊
(၅) အချက်ပြမီး။

၂၇။ မည်သည့် မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ်တို့၏ အလျားကို တိုင်းတာရာတွင် ယာဉ်၏အရှေ့ဖျားမှ ယာဉ်၏နောက်မြီးအစွန်းအထိဖြစ်သည်။

၂၈။ မည်သည့်မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ်တို့၏အနံကို ယာဉ်၏ကိုယ်ထည်တစ်လျှောက် အကျယ်ဆုံးနေရာတွင် တိုင်းတာရမည်။ တိုင်းတာရာတွင် ကိုယ်ထည်အပြင်တွင် တပ်ဆင်ထားသည့် နောက်ကြည့်မှန်အရှင်များနှင့် အချက်ပြလက်တံများ မပါဝင်ရ။

၂၉။ မည်သည့်မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ်တို့၏အမြင့်ကို တိုင်းတာရာတွင် မြေညီလမ်းမှ ယာဉ်၏အမိုးထိပ် သို့မဟုတ် တင်ဆောင်ထားသော ကုန်ပစ္စည်းထိပ်အထိဖြစ်သည်။

၃၀။ (က) မော်တော်ယာဉ်နောက်ဘက်သို့ ကိုယ်ထည်အစွန်းထွက်မှုသည် ယာဉ်ထုတ်လုပ်သူ (Manufacturer)၏ မူလတည်ဆောက်မှု တိုင်းတာချက်အတွင်း ရှိစေရမည်၊

(ခ) သာမန်အားဖြင့် ယာဉ်ကိုယ်ထည်အစွန်းထွက်မှုသည် ယာဉ်၏နောက်ဘီးတာယာအစွန်းမှ ယာဉ်ကိုယ်ထည်အစွန်းအထိ တိုင်းတာချက်သည် ယာဉ်၏ ရှေ့ဘီးဗဟိုမှ နောက်ဘီးဗဟိုအထိ တိုင်းတာချက်၏ သုံးပုံတစ်ပုံထက် မပိုစေရ၊

(ဂ) မော်တော်ဆိုင်ကယ်တွင် ယာဉ်၏နောက်ဘက်သို့ အစွန်းထွက်နေသော ထိုင်ခုံရှိပါက ယာဉ်၏ နောက်ဘီးတာယာအစွန်းမှ ၃၁ စင်တီမီတာ (၁ ပေ) ထက် ပိုမထွက်စေရ။ မော်တော်ဆိုင်ကယ်တွင် ဘေးတွဲတပ်ဆင်ထားရှိပါက ဘေးတွဲ၏အရှေ့ဖျားသည် မော်တော်ဆိုင်ကယ်၏ ရှေ့ဘီးတာယာ အဖျားမှ ရှေ့သို့ ၃၁ စင်တီမီတာ (၁ ပေ) ထက် ပို၍လည်းကောင်း၊

ဘေးတွဲ၏ နောက်အစွန်းသည် မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ နောက်သို့ ၆၁ စင်တီမီတာ (၂ ပေ) ထက်ပို၍လည်းကောင်း အစွန်းထွက်ရှိခြင်းမရှိစေရ။

၃၁။ (က) မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ်တို့၏ ဝန်မပါအလေးချိန်နှင့် ဝန်ပါအလေးချိန် စုစုပေါင်းသည် ယာဉ်ထုတ်လုပ်သူက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ ဝန်ပါအလေးချိန် စုစုပေါင်း (Gross Vehicle Weight) သည် ၁၈၀၀၀ ကီလိုဂရမ် (၁၈ တန်) ထက် မပိုစေရ။ ၎င်းအလေးချိန်ထက် ပိုလျှင် ဗဟို မှတ်ပုံတင်အဖွဲ့သည် လမ်းအန္တရာယ်ကင်းရှင်းစေရန် ရှေးရှုပြီး နယ်မြေဒေသ၊ အမြန်နှုန်း၊ အချိန်စသည့် ကန့်သတ်ချက်တို့ဖြင့် ခွင့်ပြုနိုင်သည်၊

(ခ) ဝန်လေးမော်တော်ယာဉ် သို့မဟုတ် နောက်တွဲကြီးတွင် အောက်ဖော်ပြပါ အလေးချိန်များကို ၃ စင်တီမီတာ (၁ လက်မ) အရွယ်ထက် မငယ်သော စာနှင့် ဂဏန်းများဖြင့် ယာဉ်၏လက်ယာဘေး မြင်သာနိုင်သည့်နေရာတွင် ဆီဆေးဖြင့်ရေးသားထားရမည်–

(၁) ယာဉ်၏ ဝန်မပါအလေးချိန်အတွက် — ယာဉ် ( ) တန်၊

(၂) ယာဉ်တွင်တင်ဆောင်နိုင်သော ဝန်ချိန်အတွက် — ဝန် ( ) တန်၊

(၃) ယာဉ်နှင့်ဝန် စုစုပေါင်း အလေးချိန်အတွက် — ပေါင်း ( ) တန်။

၃၂။ (က) မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ် တို့တွင် တပ်ဆင်ထားရှိသည့် ဘီးခွေတို့၏ အရွယ်အစားသည် ယာဉ်ထုတ်လုပ်စဉ်ကအတိုင်း ရှိရမည်။ ဘီးခွေများသည် လိမ်ကောက်ခြင်း၊ အက်ကွဲခြင်းမရှိစေရ။ ထို့ပြင် ဘေးကင်းစွာ အသုံးပြုနိုင်သည့် အခြေအနေတွင်ရှိရမည်၊

(ခ) တာယာများသည် လေသွင်းတာယာများဖြစ်ရမည်။ စိုစွတ်သော လမ်းပေါ်၌ပင် မြဲမြံစွာအသုံးပြုနိုင်သည့် အခြေအနေတွင် ရှိရမည်။ အန္တရာယ်ဖြစ်စေမည့် တာယာများကို အသုံးမပြုရ။

၃၃။ မော်တော်ယာဉ်တိုင်းတွင် စိတ်ချခိုင်ခံ့သော စတီယာရင်စံနစ် တပ်ဆင်ထားရှိရမည်။ ထိုစတီယာရင်စံနစ်သည် ယာဉ်ကိုလိုရာဘက်သို့ သွားနိုင်ရန် လှည့်သောအခါ လွယ်ကူခြင်း၊ လျင်မြန်ခြင်းနှင့် တိကျခြင်းရှိရမည်။ စံနစ်တစ်လျှောက် အဆက်အသွယ်တို့တွင် အသုံးပြုထားသော မူလီခေါင်းတို့ကို ထိန်းချုပ်ထားသည့် အစီအစဉ်ရှိရမည်။ စတီယာရင်အနေအထားကို မပြောင်းလဲရ။ ခွင့်ပြုနိုင်သည့် စတီယာရင်ဘီး၏ အလွတ်ကစားမှုပမာဏသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၃၄။ (က) မော်တော်ယာဉ်တွင် အောက်ခံထည်သည် အဓိကအစိတ်အပိုင်းတစ်ပိုင်းဖြစ်၍ ထင်ရှားသည့်အမှတ် ပါရှိရမည်။ ထိုအမှတ်ကို မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။ အမှတ်မရှိပါက ဗဟိုမှတ်ပုံတင်အဖွဲ့မှ သတ်မှတ်ပေးသည့် အစီအစဉ်အတိုင်း ရိုက်နှိပ်ပေးရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့မှတစ်ပါး မည်သူမျှ အမှတ်များကို ပြင်ခြင်း၊ ဖျက်ခြင်း၊ အသစ်ပြန်ရိုက်ခြင်း မပြုလုပ်ရ၊

(ခ) မော်တော်ဆိုင်ကယ်တွင် ဖရိမ်တပ်ဆင်ထားရှိသဖြင့် အောက်ခံထည်အတွက် ပြဋ္ဌာန်းထားသည့် နည်းဥပဒေခွဲ (က) ပါ အတိုင်း အကျုံးဝင်သည်၊

(ဂ) မော်တော်ယာဉ် သို့မဟုတ် မော်တော်ဆိုင်ကယ်ရှိ အောက်ခံထည် သို့မဟုတ် ဖရိမ်အသစ်ကို ပြောင်းလဲတပ်ဆင်လိုပါက ဇဟိုမှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို စာဖြင့်လက်ခံရရှိမှသာ အောက်ခံထည် သို့မဟုတ် ဖရိမ်ကို ပြောင်းလဲနိုင်သည်။ ပြောင်းလဲလိုသော အောက်ခံထည် သို့မဟုတ် ဖရိမ်သည် မူရင်းအတိုင်းမဖြစ်လျှင် မူရင်းအတိုင်း အတာအတိုင်းနှင့် မူရင်း စွမ်းဆောင်မှုထက် မလျော့သော အောက်ခံထည် သို့မဟုတ် ဖရိမ်မျိုးဖြစ်ရမည်၊

(ဃ) လမ်းအန္တရာယ် ကင်းရှင်းစေရန် ရှေးရှုပြီး အောက်ခံထည် သို့မဟုတ် ဖရိမ်အခြေအနေ အမြဲကောင်းမွန်နေစေရန် ပြုပြင် ထိန်းသိမ်းထားရမည်၊

(င) ဤနည်းဥပဒေများကို စတင်ပြဋ္ဌာန်းသည့် နေ့ရက်မတိုင်မီက တည်ရှိနေသော အောက်ခံကိုယ်ထည် သို့မဟုတ် ဖရိမ်ကို ခွင့်ပြုသည်။

၃၅။ (က) လမ်းဆောင့်ခြင်းဒဏ်မှ ကာကွယ်ရန် မော်တော်ယာဉ်နောက်တွဲနှင့် ချိတ်ဆွဲယာဉ်တိုင်းတွင် ဝင်ရိုးများနှင့် အောက်ခံထည် အကြား၌ ဆပ်(စ်)ပင်းရှင်းအဖြစ် လေးပြားများ၊ လေးခွေများ သို့မဟုတ် အခြားဒဏ်ခံပစ္စည်းများကို ခိုင်ခံ့စွာတပ်ဆင်ထားရှိရမည်။ ထိုဒဏ်ခံပစ္စည်းတို့သည် ယာဉ်နှင့်ဝန် စုစုပေါင်း၏ အလေးချိန်ဒဏ်ကို ခံနိုင်ရမည်၊

( ခ ) လေးတို့တွင် သက်ရောက်သည့် တုန်ခါမှုများ လျော့နည်းစေရန် မော်တော်ယာဉ်တိုင်းတွင် ဝင်ရိုးများနှင့်အောက်ခံထည် အကြား၌ ရော်ဘာအိပ်ဖောဘားများ တပ်ဆင်ထားရှိရမည်။ ၎င်း ရော်ဘာအိပ်ဖောဘားများသည် အမြဲကောင်းမွန်နေရမည်။

၃၆။ (က) မော်တော်ယာဉ်အင်ဂျင်တိုင်းတွင် အင်ဂျင်ထုတ်လုပ်သူက ရိုက်နှိပ်ပေးသည့် စက်အမှတ်ပါရှိရမည်။ ထိုအမှတ်ကို မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။ အမှတ်မရှိသော သို့မဟုတ် အမှတ်မထင်ရှားသော သို့မဟုတ် မှတ်ပုံတင်အဖွဲ့၏ လိုအပ်ချက်အရ အင်ဂျင်တွင် ဗဟိုမှတ်ပုံတင်အဖွဲ့မှ သတ်မှတ်ပေးသည့် အစီအစဉ်အတိုင်း ရိုက်နှိပ်ရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့မှတစ်ပါး မည်သူမျှ အမှတ်များကို ပြင်ခြင်း၊ ဖျက်ခြင်း၊ အသစ်ပြန်ရိုက်ခြင်း မပြုလုပ်ရ။ အင်ဂျင် ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းထားရမည်၊

( ခ ) မော်တော်ယာဉ်အင်ဂျင်ကို ပြောင်းလဲတပ်ဆင်လိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို စာဖြင့်လက်ခံရရှိမှသာ အင်ဂျင်ပြောင်းလဲနိုင်သည်။ ပြောင်းလဲလိုသော အင်ဂျင်သည် မူလအမျိုးအမည်နှင့် ပုံစံအတိုင်းမဖြစ်လျှင် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

( ဂ ) မော်တော်ယာဉ်၏ လောင်စာစနစ်ကို ပြောင်းလဲလိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၃၇။ (က) မော်တော်ယာဉ်၏ အားပြောင်းစနစ်သည် မော်တော်ယာဉ် ထုတ်လုပ်သူက တပ်ဆင်ပေးထားသည့်အတိုင်း ဖြစ်ရမည်။

သို့ရာတွင် အင်ဂျင်နှင့် လိုက်လျောညီထွေသည့် အားပြောင်း အစိတ်အပိုင်းများ ပြောင်းလဲမှုများကို ဗဟိုမှတ်ပုံတင်အဖွဲ့က ခွင့်ပြုနိုင်သည်၊

(ခ) အားပြောင်းစနစ်တွင် ပါဝင်သော အစိတ်အပိုင်းများအားလုံး ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းထားရမည်၊

(ဂ) ကလာပ်(ချ်) ပါရှိသော မော်တော်ယာဉ်တွင် ခွင့်ပြုနိုင်သည့် ကလာပ်(ချ်) ခြေနင်း၏ အလွတ်ကစားမှုပမာဏသည် ဗဟို မှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၃၈။ (က) မော်တော်ယာဉ်၏ ဂီယာအုံ ပြောင်းလဲမှုသည် နည်းဥပဒေ ၃၇ (က) ပါအတိုင်း ဖြစ်ရမည်၊

(ခ) မော်တော်ယာဉ်တိုင်းတွင် ယာဉ်နောက်သို့ဆုတ်ရန် ဂီယာအစီ အစဉ်ပါရှိရမည်။ ထိုအစီအစဉ်မျိုးကို မော်တော်ဆိုင်ကယ် တွင် ပါရှိရန်မလို။

၃၉။ (က) မော်တော်ယာဉ် ဦးခေါင်းပိုင်းတွင် ပါဝင်သော အစိတ်အပိုင်း များမှာ ယာဉ်ရှေ့အဖုံး၊ ရွံ့ကာများ၊ ရေတိုင်ကီအကာ၊ ရှေ့မီး များနှင့်၊ ယာဉ်မောင်းသူအခန်းတို့ဖြစ်သည်။ ယာဉ်ဦးခေါင်းပိုင်း သည် ယာဉ်၏အမျိုးအမည်နှင့် ပုံစံတို့ကို ဖော်ညွှန်းသည်။ ယာဉ်ဦးခေါင်းပိုင်းတွင် ပါဝင်သော အစိတ်အပိုင်းတစ်ခုခုကို ပြောင်းလဲလိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။ ပြောင်းလဲမှုသည် သတ်မှတ်ချက်အတိုင်း မဖြစ်လျှင် ယာဉ်မှတ်ပုံတင်ခြင်းကို မှတ်ပုံတင်အဖွဲ့က ငြင်း ဆိုနိုင်သည် သို့မဟုတ် ဖျက်သိမ်းနိုင်သည်၊

(ခ) ဤနည်းဥပဒေများကို စတင်ပြဋ္ဌာန်းသည့် နေ့ရက်မတိုင်မီက ခွင့်ပြုထားသော ယာဉ်ဦးခေါင်းပိုင်းသည် နည်းဥပဒေခွဲ (က) နှင့် မသက်ဆိုင်စေရ။

၄၀။ (က) မော်တော်ယာဉ်တွင် မည်သည့်ကိုယ်ထည်အမျိုးအစား တည်ဆောက်ထားစေကာမူ ၎င်းကိုယ်ထည်သည် ယာဉ်၏ အောက်ခံထည်နှင့် မြဲမြံစွာတပ်ဆင်ထားရှိရမည်။ ကိုယ်ထည် ကြမ်းခင်းဘောအကာနှင့် အမိုးသည် ယာဉ်တွင်စီးနင်းသူနှင့် တင်ဆောင်သော ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံမှုရှိရမည်။ ကိုယ်ထည်တွင် ဘေးပြင်ပသို့ အစွန်းထွက်နေသည့် အရာဝတ္ထုများ လုံးဝမရှိစေရ၊

(ခ) မော်တော်ယာဉ်၏ ကိုယ်ထည်ကို ပြင်ဆင်ပြောင်းလဲလိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ ကိုယ်ထည်ပြောင်းခွင့် ပြု မပြုကို ပိုင်ရှင်ထံသို့ စာဖြင့်အကြောင်းပြန်ရမည်။ ပိုင်ရှင်သည် ဗဟိုမှတ်ပုံတင်အဖွဲ့၏ အကြောင်းပြန်စာအရသာ ဆောင်ရွက်ရမည်၊

(ဂ) တံခါးများ တပ်ဆင်ထားရှိသော ကိုယ်ထည်တွင် တံခါးများ ခိုင်ခံ့စွာရှိရမည့်အပြင် လုံခြုံစွာပိတ်နိုင်ရမည်၊

(ဃ) ယာဉ်မောင်းသူ၏ ထိုင်ခုံသည် ယာဉ်မောင်းသူအတွက် သက်တောင့်သက်သာရှိရမည့်အပြင် နိုင်နင်းစွာမောင်းနှင်နိုင်သည့် အနေအထားဖြစ်ရမည်၊

(င) မော်တော်ယာဉ်တွင် လှေကားများ တပ်ဆင်ထားရှိလျှင် ခိုင်ခံ့စွာတပ်ဆင်ထားရှိရမည်။ ခြေနင်းပြားသည် အတက်အဆင်းပြုသူများအတွက် အန္တရာယ်မဖြစ်စေရ။ လှေကားအကျယ်သည် ၄၆ စင်တီမီတာ (၁၈ လက်မ) ထက်လျော့၍လည်းကောင်း၊ ခြေနင်းပြားသည် ၂၃ စင်တီမီတာ (၉ လက်မ) ထက်လျော့၍လည်းကောင်း မရှိစေရ။ ဝန်တင်မထားသော ယာဉ်တွင် အောက်ဆုံး ခြေနင်းသည် မြေပြင်မှ ၂၅ စင်တီမီတာ (၁၀ လက်မ) ထက်နိမ့်၍လည်းကောင်း၊ ၄၀ စင်တီမီတာ (၁၆ လက်မ) ထက်မြင့်၍လည်းကောင်း မရှိစေရ။

F9

၄၁။ (က) မော်တော်ယာဉ်၏ ဆေးအရောင်သည် ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင်ထားသည့်အတိုင်း ရှိနေရမည်၊

(ခ) မော်တော်ယာဉ်၏အရောင်ကို ပြောင်းလဲလိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်ကို စာဖြင့်လက်ခံရရှိမှသာ ပြောင်းလဲနိုင်သည်၊

(ဂ) ပုဂ္ဂလိကပိုင် သို့မဟုတ် သမဝါယမပိုင် အငှားမော်တော်ယာဉ်များ၏ အရောင်ကို အဖွဲ့လိုက်၊ အသင်းအလိုက် တူညီစွာသတ်မှတ်လိုပါက ဗဟိုမှတ်ပုံတင်အဖွဲ့မှ သတ်မှတ်ပေးသည့်အတိုင်းဖြစ်ရမည်၊

(ဃ) ဤနည်းဥပဒေများ၏ အခန်း (၂) အရ မှတ်ပုံတင်ထားသောမော်တော်ယာဉ်များ၏ အရောင်သည် တပ်မတော် (ကြည်း/ရေ/လေ) ပိုင် မော်တော်ယာဉ်များတွင် အသုံးပြုသည့် စစ်အစိမ်းရောင်နှင့် မတူစေရ။

၄၂။ (က) မော်တော်ယာဉ်၏ လေကာမှန်သည် ဘေးကင်းမှန် (Safety Glass) အမျိုးအစား ဖြစ်ရမည့်အပြင် ယာဉ်မောင်းသူအတွက်ကြည်လင်သော မြင်ကွင်းကျယ်ရှိရမည်။ ဘေးကင်းမှန်ဆိုသည်မှာ မှန်ကွဲခဲ့သော် ယာဉ်မောင်းသူနှင့် ယာဉ်မောင်းသူ၏ဘေးတွင် စီးနင်းလိုက်ပါသူများ ဘေးကင်းစေသည့် မှန်အမျိုးအစားကိုဆိုလိုသည်။ လေကာမှန်သည် ယာဉ်မောင်းသူ၏ မျက်စိအာရုံကို အနှောင့်အယှက်ဖြစ်စေမည့် မှန်မျိုးမဖြစ်စေရ၊

(ခ) မော်တော်ယာဉ်၏ ဘေးမှန်၊ နောက်မှန်များသည် ဘေးကင်းမှန်အမျိုးအစားဖြစ်ရမည်၊

(ဂ) နောက်မှ လိုက်နေသော ယာဉ်နှင့် ကျော်တက်ရန်ယာဉ်များကို ယာဉ်မောင်းသူက နောက်သို့မလှည့်ဘဲ မှန်ထဲမှ မြင်နိုင်ရန် ယာဉ်တွင် နောက်ကြည့်မှန် သို့မဟုတ် နောက်ကြည့်မှန်များ ကို သင့်လျော်သည့်နေရာတွင် တပ်ဆင်ထားရှိရမည်။ နောက် ကြည့်မှန်သည် ယာဉ်တုန်ခါမှုကြောင့် မရွေ့လျားစေရ။

၄၃။ လေကာမှန်တွင် ရေသုတ်ကိရိယာ တပ်ဆင်ထားရှိရမည်။ ၎င်းကိရိယာ သည် လေကာမှန်ပေါ်ရှိ မိုးရေနှင့် စိုထိုင်းမှုများကို ယာဉ်မောင်းသူ အမြင် ကြည်လင်စေရန် သုတ်ပေးနိုင်ရမည်။ ရေသုတ်ကိရိယာကို ယာဉ်မောင်းသူမှ အလွယ်တကူ အသုံးပြုနိုင်ရမည်။

၄၄။ မော်တော်ယာဉ်တိုင်းတွင် သတိပေးရန် ဟွန်းတပ်ဆင်ထားရှိရမည်။ ၎င်းဟွန်းသံကို အနည်းဆုံး ၆၁ မီတာ (၂၀၀ ပေ) အကွာအဝေးမှ ကြားနိုင် ရမည်။ ဟွန်းသံသည် တစ်သံတည်း (One tone) ဖြစ်ရမည်။ ဟွန်းသံ သည် လွန်ကဲစွာ ကျယ်လောင်စူးရှခြင်း မဖြစ်စေရမည့်အပြင် လေချွန်သံ၊ ဥသြသံ၊ ခေါင်းလောင်းသံ စသည့်အသံမျိုး မဖြစ်စေရ။

၄၅။ (က) သူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်များတွင် ယာဉ်သွားလာမှု ဦးစားရရေး အတွက် အချက်ပေးသံများဖြစ်သည့် ဥသြသံ၊ ခေါင်းလောင်း သံ၊ လေချွန်သံ စသည့်အသံမျိုးကို အသုံးပြုနိုင်သည်၊

(ခ) မော်တော်ယာဉ်တွင် ယာဉ်နောက်ဆုတ်ခြင်းကို သိရှိရန်အတွက် အသံဖြင့် အချက်ပေးသော အစီအစဉ်ရှိလျှင် အချက်ပေးသံ သည် တစ်သံတည်းဖြစ်စေရမည်၊

(ဂ) တေးသံကဲ့သို့သော အချက်ပေးသံမျိုးကို မော်တော်ယာဉ်တွင် လုံးဝတပ်ဆင်ခွင့်မပြု။

၄၆။ (က) မော်တော်ယာဉ်၏ စက်နှင့်ကိုယ်ထည်ကြောင့် ဖြစ်ပေါ်လာသော မြည်သံများသည် ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရ၊

(ခ) အတွင်းလောင်ကျွမ်းမှု အင်ဂျင်တိုင်းတွင် စက်သံထိန်းသော အိပ်ဇောဆိုင်လင်ဆာ ပါရှိရမည်။ ၎င်း အိပ်ဇောဆိုင်လင်ဆာသည် စက်သံကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ငြင်းဆိုနိုင်သည် သို့မဟုတ် ခေတ္တရပ်စဲနိုင်သည်။

၄၇။ ပတ်ဝန်းကျင်လေထုကို ညစ်ထေးစေသည့် မီးခိုးအလွန်အကျွံထွက်သော မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို မှတ်ပုံတင်အဖွဲ့က ငြင်းဆိုနိုင်သည် သို့မဟုတ် ခေတ္တရပ်စဲနိုင်သည်။

၄၈။ ပတ်ဝန်းကျင်မြေထု လမ်းများညစ်ထေးစေသည့် စက်သုံးဆီများ ယိုစိမ့်မှုကို ပြုပြင်ထိန်းသိမ်းထားခြင်းမရှိလျှင် မှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ငြင်းဆိုနိုင်သည် သို့မဟုတ် ခေတ္တရပ်စဲနိုင်သည်။

၄၉။ တစ်နာရီလျှင် ၁၉ ကီလိုမီတာ (၁၂ မိုင်) ထက်ကျော်၍ မောင်းနှင်သွားလာနိုင်သော မော်တော်ယာဉ်တိုင်းတွင် အမြန်နှုန်းပြကိရိယာ တပ်ဆင်ထားရှိရမည်။ မည်သည့်အချိန်တွင်မဆို ၎င်းကိရိယာသည် ယာဉ်မောင်းသူအား မော်တော်ယာဉ်သွားလာနေသည့် အမြန်နှုန်းကို သိစေနိုင်ရမည်။

၅၀။ (က) မော်တော်ယာဉ်တွင် ရေဒီယို/ဆက်သွယ်ရေးစက် တပ်ဆင်ထားရှိလျှင် ယာဉ်ပိုင်ရှင်သည် ရေဒီယို/ဆက်သွယ်ရေးစက်အတွက် လိုင်စင်ကို ရယူထားရှိရမည်။ ၎င်းလိုင်စင်ကို ရယူထားခြင်းမရှိလျှင် မှတ်ပုံတင်အဖွဲ့သည် ယာဉ်မှတ်ပုံတင်ခြင်းကို ငြင်းဆိုနိုင်သည် သို့မဟုတ် ခေတ္တရပ်စဲနိုင်သည်၊

(ခ) နိုင်ငံတော်ပိုင် မော်တော်ယာဉ်တွင် တာဝန်အလို့ငှာ တပ်ဆင်ထားသော ဆက်သွယ်ရေးစက်များသည် နည်းဥပဒေခွဲ (က) နှင့် မသက်ဆိုင်စေရ။

၅၁။ မော်တော်ယာဉ်တွင်ရှိသော လျှပ်စစ်ကြိုးများနှင့် အဆက်အသွယ်များ တစ်လျှောက် လျှပ်စစ်ကာဖြင့် ဖုံးအုပ်ထားရမည်။ လျှပ်စစ်ကြိုးသွယ်မှုများကို ကျစ်လျစ်စွာ စုစည်းထားရမည်။

၅၂။ မော်တော်ယာဉ်များတွင် တပ်ဆင်ထားရှိရမည့် ရှေ့မီးကြီးနှင့် အရောင်ပြန်ပြားအနီတို့၏ အနေအထားနှင့် တစ်ခုနှင့်တစ်ခု အကွာအဝေးတို့ကိုလည်းကောင်း၊ မော်တော်ယာဉ် သို့မဟုတ် နောက်တွဲ သို့မဟုတ် ချိတ်ဆွဲယာဉ်တို့၏ အလျား၊ အနံ၊ အမြင့်တို့ကိုလည်းကောင်း ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သတ်မှတ်ရမည်။

၅၃။ ဘတ်စ်ကားကြီး တည်ဆောက်ခြင်းနှင့်ပတ်သက်သည့် ဝင်/ထွက်ပေါက်၊ ကိုယ်ထည်အတွင်း၏ အမြင့်၊ လှေကား၊ အတက်အဆင်းလက်ကိုင်၊ ခရီးသည်များအတွက် ထိုင်ခုံ၊ မတ်တတ်စီးခရီးသည်များအတွက် လက်ကိုင်၊ လေဝင်လေထွက်၊ အမိုးပေါ်၌ ပစ္စည်းအတွက် အကာအရံ၊ အရန်ဘီး၊ မီးသတ်ဘူး၊ ဆေးသေတ္တာတို့နှင့်ပတ်သက်သည့် စည်းကမ်းချက်တို့ကို ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သတ်မှတ်ရမည်။

၅၄။ ဘတ်စ်ကားငယ် တည်ဆောက်ခြင်းနှင့် ပတ်သက်သည့် ဝင်/ထွက်ပေါက်၊ ကိုယ်ထည်အတွင်း၏ အမြင့်၊ လှေကား၊ ခရီးသည်များအတွက် ထိုင်ခုံများ၏ အတိုင်းအတာများ၊ ဘေးအကာများ၊ အမိုးပေါ်၌ ပစ္စည်းအတွက် အကာအရံ၊ အရန်ဘီးတို့နှင့်ပတ်သက်သည့် စည်းကမ်းချက်တို့ကို ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သတ်မှတ်ရမည်။

၅၅။ ယာဉ်အမျိုးအစားများသည် ယာဉ်ကိုအသုံးပြုမည့် ရည်ရွယ်ချက်ပေါ်မူတည်၍ ဗဟိုမှတ်ပုံတင်အဖွဲ့က ခွဲခြားသတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

# အခန်း (၄)

## မော်တော်ယာဉ်မောင်းသူများ၊ အခြား စက်တပ်ယာဉ်မောင်းသူများနှင့် လက်မှတ်ရောင်း/စပယ်ယာများအား လိုင်စင်ထုတ်ပေးခြင်း

၅၆။ (က) ပြည်သူတို့ဆိုင်ရာ နေရာတစ်ခုခုတွင် မည်သည့်မော်တော်ယာဉ်မျိုးကိုမဆို မောင်းနှင်လိုပါက ထိုယာဉ်မောင်းသူထံတွင် တရားဝင်ယာဉ်မောင်းလိုင်စင် ရှိရမည်။ ၎င်းယာဉ်မောင်းလိုင်စင်သည် သက်ဆိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ရန်အတွက်သာ ဖြစ်ရမည်၊

(ခ) မည်သူမျှ ဤအခန်းအရ ပြဋ္ဌာန်းထားသော ယာဉ်မောင်းလိုင်စင်တစ်ခုထက်ပို၍ ရယူထားခြင်း မရှိရ။

၅၇။ ဗဟိုမှတ်ပုံတင်အဖွဲ့ သို့မဟုတ် မှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မောင်းလိုင်စင်၊ အခြား စက်တပ်ယာဉ်မောင်းလိုင်စင်နှင့် လက်မှတ်ရောင်း/စပယ်ယာလိုင်စင်များ ထုတ်ပေးနိုင်သည်။

၅၈။ **ယာဉ်မောင်းလိုင်စင် အမျိုးအစားများမှာ** အောက်ပါအတိုင်း ဖြစ်ရမည်-

(က) "က" ယာဉ်မောင်းလိုင်စင်သည် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင် ဖြစ်သည်၊

(ခ) "ခ" ယာဉ်မောင်းလိုင်စင်သည် ကိုယ်ပိုင်ဝန်ပေါ့ မော်တော်ယာဉ်နှင့် ကိုယ်ပိုင်ဘတ်စ်ကားငယ်တို့ကို မောင်းနှင်ခွင့်ပြုသည့်လိုင်စင် ဖြစ်သည်၊

(ဂ) "ဂ" ယာဉ်မောင်းလိုင်စင်သည် ဤနည်းဥပဒေများ အခန်း (၂) အရ မှတ်ပုံတင်ထားသော အခြားစက်တပ်ယာဉ်များကို မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်၊

(ဃ) "ဃ" ယာဉ်မောင်းလိုင်စင်သည် ကိုယ်ပိုင်ဝန်လေး မော်တော်ယာဉ်နှင့် ကိုယ်ပိုင်ဘတ်စ်ကားကြီးတို့အပြင် တက္ကစီယာဉ်မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။ နိဗ္ဗာန်ယာဉ်မောင်းနှင်ရန်အတွက်ပါ အကျုံးဝင်သည်၊

(င) "င" ယာဉ်မောင်းလိုင်စင်သည် မည်သည့်အငှား မော်တော်ယာဉ်မျိုးကိုမဆို မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်၊

(စ) "သ" ယာဉ်မောင်းလိုင်စင်သည် မော်တော်ယာဉ်အမောင်းသင်ရန်အတွက် ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်။

၅၉။ (က) ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် အောက်ပါလိုအပ်ချက်များနှင့် ညီညွတ်ရမည်–

(၁) "သ" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ ၎င်းအား ယာဉ်မောင်းသင်ကြားပေးနိုင်သူ ရှိရမည်၊

(၂) "က" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ခ" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် "သ" ယာဉ်မောင်းလိုင်စင်ကို ရရှိထားပြီးသူ ဖြစ်ရမည်၊

(၃) "ဂ" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည့်အပြင် မောင်းနှင်ခွင့်ရလိုသော စက်တပ်ယာဉ်ကို မောင်းနှင်နိုင်သူ ဖြစ်ရမည်၊

(၄) "ဃ" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် ရရှိထားသော "ခ" ယာဉ်မောင်းလိုင်စင်သက်တမ်း သုံးနှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ ၎င်းလိုင်စင်ဖြင့် အငှားယာဉ်

မောင်းသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်၊

(၅) "င" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် ရရှိထားသော "ဃ" ယာဉ်မောင်းလိုင်စင်သက်တမ်း နှစ်နှစ်ပြည့်ပြီးသူ ဖြစ်ရမည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် ရရှိထားသူမှအပ အခြားနိုင်ငံတစ်ခုခုမှ ထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မောင်းနှင်ရန် ယာဉ်မောင်းလိုင်စင်ရယူလိုပါက လိုအပ်သောစစ်ဆေးမှုကို ခံယူနိုင်သူဖြစ်ရမည်။ ၎င်းအား "ခ" ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးရမည်၊

(ဂ) ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သူဖြစ်ရမည်၊

(ဃ) နည်းဥပဒေ (၅၈) အရ ပြဋ္ဌာန်းထားသော ယာဉ်မောင်းလိုင်စင်အမျိုးအစားများအနက် "သ" ယာဉ်မောင်းလိုင်စင်မှအပ ကျန်ယာဉ်မောင်းလိုင်စင် တစ်ခုခုကို ရယူလိုသူသည် စစ်ဆေးမှုများကို ခံယူရမည်။

၆၀။ ယာဉ်မောင်းလိုင်စင် အမျိုးအစားအလိုက် မောင်းနှင်ခွင့်ရှိသည့် ယာဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "က" ယာဉ်မောင်းလိုင်စင်ရရှိထားသူသည် မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ခွင့်ရှိသည်၊

(ခ) "ခ" ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် "က" ယာဉ်မောင်းလိုင်စင်နှင့် "ဂ" ယာဉ်မောင်းလိုင်စင်အသီးသီးနှင့် သက်ဆိုင်သော ယာဉ်များကိုပါ မောင်းနှင်ခွင့်ရှိသည်၊

(ဂ) "ဂ" ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် မော်တော်ဆိုင်ကယ်ကိုပါ မောင်းနှင်လိုပါက၊ လိုအပ်သော စစ်ဆေးမှုများကို အောင်မြင်ရမည်၊

**မှတ်ချက်။** "ဂ" ယာဉ်မောင်းလိုင်စင်တွင် မော်တော်ဆိုင်ကယ်ကိုပါ မောင်းနှင်ခွင့်ရှိကြောင်းကို သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့က ဖော်ပြရမည်။

(ဃ) "ဃ" ယာဉ်မောင်းလိုင်စင်ရရှိထားသူသည် "က"၊ "ခ" နှင့် "ဂ" ယာဉ်မောင်းလိုင်စင်အသီးသီးနှင့် သက်ဆိုင်သော ယာဉ်များကိုပါ မောင်းနှင်ခွင့်ရှိသည်၊

(င) "င" ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် ဤနည်းဥပဒေများ၏ အခန်း (၂) အရ၊ မှတ်ပုံတင်ထားသော မည်သည့်မော်တော်ယာဉ်မျိုးကိုမဆို မောင်းနှင်နိုင်ခွင့်ရှိသည်။

၆၁။ "သ" ယာဉ်မောင်းလိုင်စင်ရရှိထားသူ လိုက်နာရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "သ" ယာဉ်မောင်းလိုင်စင်ရရှိထားသူသည် မော်တော်ယာဉ်သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်သည့်အခါတိုင်း အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်-

(၁) မော်တော်ယာဉ်မောင်းသင်နေသူ၏ နံဘေးတွင် အနည်းဆုံးသက်တမ်း နှစ်နှစ်ပြည့်ပြီးသော "ခ" ယာဉ်မောင်းလိုင်စင်ရရှိထားသူတစ်ဦး ပါရှိရမည်။ ထိုသူသည်

ယာဉ်မောင်းသင်နေသူအား ကွပ်ကဲကြပ်မတ်ပေးနိုင်သူ ဖြစ်ရမည်။ အမောင်းသင်ယာဉ်ပေါ်တွင် လူပိုများ မတင်ဆောင်ရ၊

(၂) မော်တော်ဆိုင်ကယ်မောင်းသင်နေသူသည် အနည်းဆုံး သက်တမ်းနှစ်နှစ်ပြည့်ပြီးသော "က" ယာဉ်မောင်း လိုင်စင်ရရှိထားသူတစ်ဦး၏ မျက်မှောက်တွင် သင်ကြား မှုကိုခံယူ၍ မောင်းနှင်ရမည်။

(ခ) ဗဟိုမှတ်ပုံတင်ဖွဲ့က သတ်မှတ်ထားသည့်အတိုင်း မော်တော် ယာဉ် သို့မဟုတ် မော်တော်ဆိုင်ကယ်တွင် အမောင်းသင်နေ ကြောင်းသိရှိစေရန် "သင်" ဟုရေးသားထားသော ဆိုင်းဘုတ် ကို ယာဉ်၏ရှေ့နှင့်နောက်တို့တွင် တပ်ဆင်ထားရမည်။ ၎င်း ဆိုင်းဘုတ်သည် ယာဉ်မှတ်ပုံတင်အမှတ်ကို ဖုံးကွယ်မနေစေရ၊

(ဂ) ယာဉ်မောင်းသူများသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်း အဆင့်ရှိ အဖွဲ့က သတ်မှတ်ပေးထားသည့် နေရာနှင့် အချိန် တွင်သာ အမောင်းသင်ရမည်။

၆၂။ (က) တပ်မတော် (ကြည်း/ရေ/လေ) ၏ ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး တစ်နှစ်ရရှိထားပြီးသူသည် ဤအခန်းအရ သင့် လျော်သော ယာဉ်မောင်းလိုင်စင်တစ်ခုခုကို လျှောက်ယူနိုင်သည်။ "သ" ယာဉ်မောင်းလိုင်စင်ကို ရယူရန်မလို။ တပ်မတော် ယာဉ်မောင်းလိုင်စင်၏ သက်တမ်းနှင့်အညီ အောက်ပါ ယာဉ် မောင်းလိုင်စင်အမျိုးအစားကို လျှောက်ယူနိုင်သည်-

(၁) တပ်မတော် ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး တစ်နှစ်ရှိသူသည် "ခ" ယာဉ်မောင်းလိုင်စင်ကို လျှောက် ယူနိုင်သည်၊

(၂) တပ်မတော် ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးနှစ် ရှိသူသည် တက္ကစီယာဉ်မောင်းနှင့်ရန်မှအပ "ဃ" ယာဉ်မောင်း လိုင်စင်ကို လျှောက်ယူနိုင်သည်၊

(၃) တပ်မတော် ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး ငါးနှစ်ရှိ၍ စစ်မှုထမ်းခြင်းမှ နုတ်ထွက်ပြီးသူသည် "င" ယာဉ်မောင်းလိုင်စင်ကို လျှောက်ယူနိုင်သည်။

(ခ) တပ်မတော် ယာဉ်မောင်းလိုင်စင်သက်တမ်း တစ်နှစ်မပြည့်သူသည် ဤအခန်းအရ ယာဉ်မောင်းလိုင်စင် ရယူလိုလျှင် "သ" ယာဉ်မောင်းလိုင်စင်ကို ရယူရမည်၊

(ဂ) ဤ အခန်းအရ ယာဉ်မောင်းလိုင်စင် ရယူလိုသော တပ်မတော် ယာဉ်မောင်းလိုင်စင် ရရှိထားပြီးသူသည် သတ်မှတ်ထားသော ကျန်းမာရေးအဆင့်အတန်းနှင့် ညီညွတ်ရမည့်အပြင် ယာဉ်မောင်း စစ်ဆေးမှုများကို အောင်မြင်ရမည်။

၆၃။ လက်မှတ်ရောင်း သို့မဟုတ် စပယ်ယာလိုင်စင် ရယူလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသော ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။ သတ်မှတ်ထားသော ကျန်းမာရေးအဆင့်အတန်းနှင့် ညီညွတ်ရမည့်အပြင် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့် စစ်ဆေးမှုများကိုပါ အောင်မြင်ရမည်။

၆၄။ ခရီးသည်တင် အငှားဘတ်စ်ကားနှင့် လိုက်ပါလာသော လက်မှတ်ရောင်းသည်လည်းကောင်း၊ အငှားကုန်တင်ယာဉ်နှင့် လိုက်ပါလာသော

စပယ်ယာသည်လည်းကောင်း တာဝန်ထမ်းဆောင်နေချိန်တွင် ၎င်း၏ အရည်အချင်းကို ပျက်ယွင်းစေသော အောက်ပါအချက်များကို ရှောင်ကြဉ်ရမည်-

(က) သေရည်သေရက် သောက်စားခြင်း၊ မူးယစ်ထုံထိုင်းစေသည့် ဆေးဝါးများသုံးစွဲခြင်း၊

(ခ) ရိုင်းပျစွာဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားခြင်း၊

(ဂ) အခြား အငှားဘတ်စ်ကားတွင် ခရီးသည်တင်ခြင်း သို့မဟုတ် အခြားအငှားကုန်တင်ယာဉ်တွင် ကုန်စည်တင်ခြင်းကို တားမြစ်ခြင်း သို့မဟုတ် တားမြစ်ရန်ကြိုးစားခြင်း၊

(ဃ) ဘတ်စ်ကားစီးခရီးသည်များ သို့မဟုတ် အခြား ခရီးသည်များ အနှောင့်အယှက်ဖြစ်စေရန်၊ စိတ်ပြိုငြင်စေရန် ပြုမူခြင်း၊

(င) သတ်မှတ်ထားသော ယာဉ်စီးခ သို့မဟုတ် ကုန်တင်ခထက် ငွေပိုမိုတောင်းခံခြင်း၊ ယာဉ်စီးခအတွက် လက်မှတ်ပေးရန် ပျက်ကွက်ခြင်း၊

(စ) ခရီးသည်တင်ယာဉ်တွင် ယာဉ်၏ဘေးတွင်သော်လည်းကောင်း၊ နောက်တွင်သော်လည်းကောင်း ခရီးသည်များ တွဲလောင်းခိုစီးမှုကို မတားမြစ်ခြင်း၊

(ဆ) ယာဉ်ပေါ်မှ ပစ္စည်းများ အောက်သို့မကျစေရန်လည်းကောင်း၊ ယာဉ်ပေါ်ရှိအရာဝတ္ထုများ အပြင်သို့ စွန်းထွက်ခြင်း မရှိစေရန် လည်းကောင်း ကြိုတင်ဆောင်ရွက်မှု မရှိခြင်း၊

(ဇ) မိမိလိုက်ပါသည့်ယာဉ်တွင် ခရီးသည်များကျန်ခဲ့သော ပစ္စည်းများကိုတွေ့ရှိလျှင် ပြည်သူ့ရဲစခန်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲအပ်ရန် ပျက်ကွက်ခြင်း၊

(ဈ) ကူးစက်တတ်သော ရောဂါသည်မှအပ ဖျားနာနေသူ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိနေသူအား မော်တော်ယာဉ်တွင် ခရီးသည်အဖြစ်လက်ခံရန် ငြင်းဆိုခြင်း၊

(ည) ဝတ်စားဆင်ယင်မှု မပြည့်စုံခြင်း၊ မသန့်ရှင်းခြင်း၊ မသေသပ်ခြင်း။

၆၅။ “င” ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် လိုအပ်လျှင် လက်မှတ်ရောင်း သို့မဟုတ် စပယ်ယာတာဝန်ကိုလည်း ထမ်းဆောင်နိုင်သည်။

၆၆။ **လိုင်စင်အတည်ဖြစ်သည့် ကာလ**

(က) ဥပဒေပုဒ်မ ၁၆ အရ ယာဉ်မောင်းလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရသည်မှအပ လိုင်စင်သစ်ထုတ်ပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့၏ သက်တမ်းသည် ဗဟို မှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ မည်သည့်လိုင်စင်မဆို အနည်းဆုံးသက်တမ်းကာလသည် တစ်နှစ်အောက်မရှိစေရ။ အများဆုံးသက်တမ်းကာလသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ခ) “သ” ယာဉ်မောင်းလိုင်စင် ရယူထားသူသည် ၎င်းလိုင်စင်အတည်ဖြစ်သည့် ကာလအတွင်း ဗဟို မှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့် ကာလအတိုင်း ယာဉ်မောင်းစစ်ဆေးခြင်းကို ခံယူနိုင်သည်။

၆၇။ နည်းဥပဒေ ၅၉ သို့မဟုတ် နည်းဥပဒေ ၆၂ သို့မဟုတ် နည်းဥပဒေ ၆၃ တို့တွင် သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ညီညွတ်သူသည် မိမိ၏နေရပ်နှင့် သက်ဆိုင်သော မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသည့်ပုံစံဖြင့် လိုအပ်သောလိုင်စင်ကို လျှောက်ထားနိုင်သည်။

၆၈။ သက်ဆိုင်ရာ လိုင်စင်ရရှိရန် လိုအပ်ချက်များနှင့် ညီညွတ်ပြီး သတ်မှတ်ထားသည့် အခကြေးငွေများပေးသွင်းသူအား လျှောက်ထားသည့် လိုင်စင်ကို နည်းဥပဒေ ၅၇ ပါ ထုတ်ပေးပိုင်ခွင့်ရှိသည့် မှတ်ပုံတင်အဖွဲ့က ထုတ်ပေးရမည်။

၆၉။ ဤအခန်းအရ လိုင်စင်ရရှိထားသူသည် မိမိလိုင်စင်ကို အခြားသူအား အသုံးပြုရန် လွှဲပြောင်းမပေးရ။

၇၀။ ယာဉ်မောင်းသူ၊ လက်မှတ်ရောင်းနှင့် စပယ်ယာတို့သည် မိမိလိုင်စင်ကို အမြဲတမ်းဆောင်ထားရမည်။ ရဲဝတ်စုံ ဝတ်ဆင်ထားသော တာဝန်ကျ ပြည်သူ့ရဲတပ်ဖွဲ့ဝင်ကသော်လည်းကောင်း၊ တာဝန်ပေးအပ်ခြင်းခံရသည့် အခြားအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း လိုင်စင်စစ်ဆေးရန် တောင်းဆိုလာလျှင်ပြရမည်။

၇၁။ (က) သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့သည် ဤအခန်းအရ လိုင်စင်ရရှိထားသူအား ဤနည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင် ၎င်း၏လိုင်စင်ကို ဆက်လက်ကိုင်ဆောင်စေရန် အသစ်လဲလှယ်ပေးရမည်၊

(ခ) ဤအခန်းအရ လိုင်စင်ရရှိထားသူသည် လိုင်စင်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း အသစ်လဲလှယ်ရမည်။ လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် အသစ်မလဲလှယ်မီ ယာဉ်မောင်းနှင်ခွင့် မရှိစေရ သို့မဟုတ် လက်မှတ်ရောင်း/စပယ်ယာတာဝန် ထမ်းဆောင်ခွင့်မရှိစေရ၊

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း အသစ်လဲလှယ်လျှင် လိုင်စင်အသစ်လဲလှယ်ရန် ပျက်ကွက်သည့်ကာလအတွက် လိုင်စင်ခအပြည့်အဝ ပေးဆောင်ရမည့်အပြင် ဗဟိုမှတ်ပုံတင်အဖွဲ့မှ စည်းကြပ်သည့် အချိန်လွန်ကြေးကိုပါ

ပေးဆောင်ရမည်။ လိုင်စင်အသစ်လဲလှယ်ရန် ပျက်ကွက်သည့် ကာလသည် နှစ်နှစ်ကျော်လွန်လျှင် နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ (ဂ) အရ အရေးယူခြင်းခံရမည်၊

(ဃ) လိုင်စင်အသစ် လဲလှယ်ပေးသော မှတ်ပုံတင်အဖွဲ့သည် ထိုသို့ အသစ်လဲလှယ်ပေးရသည့် လိုင်စင်မှာ အခြားမှတ်ပုံတင်အဖွဲ့ တစ်ခုခုမှ ထုတ်ပေးထားသော လိုင်စင်ဖြစ်လျှင် အဆိုပါမှတ်ပုံတင်အဖွဲ့နှင့် ဗဟိုမှတ်ပုံတင်အဖွဲ့တို့သို့ အသစ်လဲလှယ်ပေးကြောင်းကို အကြောင်းကြားရမည်။

၇၂။ (က) လိုင်စင်ပျောက်ဆုံးလျှင် မိမိလိုင်စင် ပျောက်ဆုံးကြောင်းကို ပြည်သူ့ရဲစခန်းသို့ တိုင်ကြားရမည်။ ထိုသို့ တိုင်ကြားပြီးကြောင်း အထောက်အထားကိုရယူပြီး ဗဟိုမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ လိုင်စင်မိတ္တူအတွက် လျှောက်ထားလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့က လိုင်စင်မိတ္တူကို ထုတ်ပေးရမည်။ လိုင်စင်မိတ္တူကို ရယူပြီးနောက် ပျောက်ဆုံးသော လိုင်စင်ကို ပြန်လည်ရရှိလျှင် ၎င်းလိုင်စင်ကို သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သို့ ပြန်အပ်ရမည်၊

(ခ) မိမိလိုင်စင် ပျက်စီးနေလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ပျက်စီးနေသောလိုင်စင်ကို လျှောက်လွှာနှင့်ပူးတွဲ၍ မိတ္တူလျှောက်ထားရမည်။ လျှောက်လွှာနှင့်အတူ ပျက်စီးနေသောလိုင်စင်ကို ရရှိမှသာ သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့က မိတ္တူထုတ်ပေးရမည်၊

(ဂ) လိုင်စင်မိတ္တူ ထုတ်ပေးရာတွင် "မိတ္တူ" ဖြစ်ကြောင်း ပေါ်လွင်စေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးရမည်။

၇၃။ (က) ဥပဒေပုဒ်မ ၂၇ (၂) အရ ပြစ်မှုကျူးလွန်သည့် ယာဉ်မောင်းသူ၏ လိုင်စင်ကို အာဏာအပ်နှင်းထားသည့် ပြည်သူ့ရဲအရာရှိ

တစ်ဦးဦးက သိမ်းယူလျှင် ထိုလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြု ယာယီလက်မှတ်ကို ထုတ်ပေးရမည်။ ထိုယာယီလက်မှတ် ရရှိထားသူသည် လိုင်စင်ပြန်မရမီ သို့မဟုတ် တရားရုံးကအမိန့်မချမှတ်မီ နည်းဥပဒေခွဲ (ဃ) တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်းသာ ယာဉ်မောင်းနှင်ခွင့်ရှိစေရမည်၊

( ခ ) မှတ်ပုံတင်အဖွဲ့မှ လိုင်စင်အစား ယာယီခွင့်ပြုလက်မှတ်ထုတ်ပေးရန် လိုအပ်သလို ဗဟိုမှတ်ပုံတင်အဖွဲ့က ညွှန်ကြားနိုင်သည်၊

( ဂ ) နည်းဥပဒေခွဲ (က) နှင့် ( ခ ) တွင် ဖော်ပြထားသော ယာယီခွင့်ပြုလက်မှတ်ပုံစံကို ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးရမည်။ ၎င်း ယာယီခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းအတွက် အခငွေမစည်းကြပ်ရ၊

(ဃ) အဆိုပါ ယာယီခွင့်ပြုလက်မှတ်များ အတည်ဖြစ်စေရမည့်ကာလကို ထိုလက်မှတ် ထုတ်ပေးခွင့်ရှိသူက လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။ ထိုကာလသည် တစ်ဆက်တည်းဖြစ်စေ၊ သက်တမ်းတိုးပေးသည့် ကာလများ အပါအဝင်ဖြစ်စေ ရက်ပေါင်း ၉၀ ထက်မပိုစေရ။ သို့သော် သိမ်းဆည်းထားသည့်လိုင်စင်၏ မူလသက်တမ်း ကာလအတွင်းသာ ဖြစ်စေရမည်၊

( င ) ဤနည်းဥပဒေသည် "သ" ယာဉ်မောင်းလိုင်စင် ရရှိထားသူနှင့် မသက်ဆိုင်စေရ။

၇၄။ (က) ဤအခန်းအရ ယာဉ်မောင်းလိုင်စင် ရရှိထားသူ သို့မဟုတ် လက်မှတ်ရောင်း/စပယ်ယာ လိုင်စင်ရရှိထားသူသည် အောက်ပါအရည်အချင်း ပျက်ယွင်းမှုတစ်ခုခုနှင့် ငြိစွန်းနေသည်ဟု

ယုံကြည်လျှင် ဇဟိုမှတ်ပုံတင်အဖွဲ့သည် ၎င်း၏လိုင်စင်ကို လေးနှစ်ကာလ အပိုင်းအခြားအထိ ရုပ်သိမ်းနိုင်သည်–

(၁) ရောဂါ သို့မဟုတ် မသန်မစွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်စေရန် မသင့်လျော်သူ၊

(၂) နည်းဥပဒေ ၇၇ ပါ မှတ်တမ်းအရ၊ ပြစ်မှုမကြာခဏ ကျူးလွန်တတ်သူ၊

(၃) သေရည်သေရက် အလွန်အကြူး အမြဲတစေသောက်စားမူးယစ်တတ်သူ သို့မဟုတ် မူးယစ်ဆေးဝါးများ အမြဲသုံးစွဲတတ်သူ၊

(၄) ပြည်သူ့ရဲတပ်ဖွဲ့ အရေးယူပိုင်သော ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပါဝင်သည့် မော်တော်ယာဉ်ကို အသုံးပြုလျက်ရှိသူ သို့မဟုတ် အသုံးပြုခဲ့သူ၊

(၅) မော်တော်ယာဉ်ကို အရမ်းကာရော မောင်းနှင်သူ သို့မဟုတ် ဘေးအန္တရာယ်ဖြစ်အောင် မောင်းနှင်သူ၊

(၆) ဥပဒေပုဒ်မ ၃ နှင့် ဥပဒေပုဒ်မ ၁၂ ၏ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်သူ၊

(၇) ဥပဒေအရဖြစ်သော ပြစ်မှုအတွက် တရားရုံးက ယာဉ်မောင်းလိုင်စင်ရုပ်သိမ်းရန် စီရင်ခြင်းခံရသူ၊

(၈) ပြည်သူတစ်ဦးတစ်ယောက်က ငှားရမ်းလျှင် လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ ယာဉ်ငှားရမ်းရန် ငြင်းဆိုသော အငှားယာဉ်မောင်းသူ၊

(၉) နည်းဥပဒေ ၆၄ ၏ ပြဋ္ဌာန်းချက်များတစ်ခုခုကို ဆန့်ကျင်ပြုသော လက်မှတ်ရောင်း သို့မဟုတ် စပယ်ယာ။

(ခ) နည်းဥပဒေခွဲ (က) အရ ရုပ်သိမ်းခြင်းခံရသော လိုင်စင်ကို မှတ်ပုံတင်အဖွဲ့က သိမ်းယူထားရမည်။ ၎င်းလိုင်စင်အစား ယာယီခွင့်ပြုလက်မှတ် ထုတ်မပေးရ၊

(ဂ) ရုပ်သိမ်းခံရသည့်လိုင်စင်အတွက် ရုပ်သိမ်းခံရသည့်ကာလ ပြည့်မြောက်လျှင် မှတ်ပုံတင်အဖွဲ့သည် ၎င်းလိုင်စင်ရရှိသူအား သတ်မှတ်ထားသည့် ယာဉ်မောင်းစစ်ဆေးခြင်း အောင်မြင်မှသာ လိုင်စင်ပြန်ပေးရမည်။ ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်စစ်ဆေးခကို ပေးဆောင်ရမည်။

၇၅။ (က) မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်၍ လူသေစေသည်အထိ ယာဉ်တိုက်ခိုက်မှုကျူးလွန်သူ ဖြစ်လျှင်သော်လည်းကောင်း၊ စိတ်ကြောင့်ဖြစ်စေ၊ ကိုယ်ကြောင့်ဖြစ်စေ မော်တော်ယာဉ်ကိုမောင်းနှင်ရန် လုံးဝမသင့်လျော်သူဟု ယုံကြည်ကျေနပ်လျှင်သော်လည်းကောင်း၊ အခြား အကြောင်းကြောင်းကြောင့် မော်တော်ယာဉ်ကို ဆက်လက်မောင်းနှင်ခွင့်ပြုရန် မသင့်လျော်သူဟု ဗဟိုမှတ်ပုံတင်အဖွဲ့က ဆုံးဖြတ်လျှင်သော်လည်းကောင်း ဗဟိုမှတ်ပုံတင်အဖွဲ့သည် အဆိုပါယာဉ်မောင်းသူ၏ လိုင်စင်ကို အချိန်ကာလအကန့်အသတ်မရှိ ဖျက်သိမ်းနိုင်သည်၊

(ခ) ဥပဒေပုဒ်မ ၂၇ (၁) အရ မဟုတ်မမှန်သော လိုင်စင်ကို စစ်ဆေးတွေ့ရှိလျှင် မှတ်ပုံတင်အဖွဲ့သည် ၎င်းလိုင်စင်ကို သိမ်းယူပြီး ဖျက်ဆီးရမည်၊

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးပြီး အသစ်လဲလှယ်ရန် နှစ်နှစ်အထိ ပျက်ကွက်သည့်လိုင်စင်ကို ဖျက်သိမ်းရမည်။

၇၆။ (က) မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့သည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို မလိုက်နာသူ၏ လိုင်စင်ပေါ်တွင် မလိုက်နာသည့် အကြောင်းခြင်းရာများကို မှတ်ချက်ပြုရမည်၊

(ခ) ပြစ်မှုအတွက် တရားရုံး၏စီရင်ချက်ကို ကျူးလွန်သူ၏လိုင်စင်တွင် မှတ်ချက်ပြုရမည်၊

(ဂ) ဗဟိုမှတ်ပုံတင်အဖွဲ့သည် လိုင်စင်တွင် မှတ်ချက်ပြုနိုင်ရန် ကော်လံသတ်မှတ်ပေးရမည်။

၇၇။ **ဗဟိုမှတ်ပုံတင်အဖွဲ့တွင် ပြစ်မှုများမှတ်တမ်းတင်ခြင်း**

ဤအခန်းအရ လိုင်စင်ရရှိထားသူ၏ ပြစ်မှုကြောင့် ၎င်းအား ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူလျှင်သော်လည်းကောင်း၊ တရားရုံးက ပြစ်ဒဏ်စီရင်လျှင်သော်လည်းကောင်း၊ ဥပဒေပုဒ်မ ၂၉ အရ ပြစ်မှုအတွက် ပြေငြိမ်းခဲ့လျှင်သော်လည်းကောင်း ထိုသို့အရေးယူခြင်း၊ စီရင်ခြင်း၊ ပြေငြိမ်းခြင်းဖြစ်ရပ်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသူတို့က သက်ဆိုင်သည့် မှတ်ပုံတင်အဖွဲ့သို့ အကြောင်းကြားရမည်။ မှတ်ပုံတင်အဖွဲ့က ဆက်လက်၍ ဗဟိုမှတ်ပုံတင်အဖွဲ့သို့ အကြောင်းကြားရမည်။

၇၈။ (က) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် ရယူလိုသူသည် ဗဟိုမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားရမည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်သွားလာမှု သဘောတူစာချုပ်အရ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ်ကို ထုတ်ပေးရမည်။ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့် လက်မှတ်ပုံစံသည် စာချုပ်တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

၇၉။ (က) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် ရရှိထားသူသည် ယာဉ်မောင်းလိုင်စင် ရယူလိုလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့သို့ လျှောက်ထားနိုင်သည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် ရရှိထားသူအား "ခ" ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးရမည်၊

(ဂ) အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်သွားလာမှု သဘောတူစာချုပ်အရ နိုင်ငံတစ်နိုင်ငံမှ ထုတ်ပေးသော အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းခွင့်လက်မှတ် ရရှိထားသူကို မြန်မာနိုင်ငံတော်အတွင်း၌ ၎င်းလက်မှတ် သက်တမ်းကုန်ဆုံးသည်အထိ ဤနည်းဥပဒေများအရ ယာဉ်မောင်းလိုင်စင် ရရှိထားသူကဲ့သို့ အသိအမှတ်ပြုရမည်။

၈၀။ မည်သည့်ယာဉ်မောင်း သို့မဟုတ် လက်မှတ်ရောင်း/စပယ်ယာမဆို လိုင်စင်ရယူသည့်အခါဖြစ်စေ၊ အသစ်လဲလှယ်သည့်အခါဖြစ်စေ ဥပဒေအခန်း ၃ အရ သူတစ်ပါးထိခိုက်မှုအာမခံကို ထားရှိရမည်။

၈၁။ (က) ဤအခန်းအရ ပေးရမည့် အခငွေများသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ခ) အခငွေပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ရနိုင်သူများသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၈၂။ **အယူခံဝင်ခြင်း**

(က) ဤအခန်းအရ မှတ်ပုံတင်အဖွဲ့က ချမှတ်သည့်အမိန့်၊ ဆုံးဖြတ်ချက်တစ်ခုခုကို အယူခံဝင်လိုလျှင် လိုင်စင်ရရှိထားသူသည် အကြောင်းကြားစာ ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုမှတ်ပုံတင်အဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်ကို ဥပဒေပုဒ်မ ၁၆ (၂) အရ အယူခံဝင်လိုလျှင် အဆိုပါအမိန့်ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်၊

(ဂ) ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

# အခန်း (၅)

## မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၈၃။ မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ဤ အခန်းအရ ဗဟိုမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုချက်မရရှိလျှင် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၈၄။ (က) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း လုပ်ကိုင်လိုသူ သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဗဟိုမှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်သည့်အခကြေးငွေနှင့်အတူ သတ်မှတ်သည့် ပုံစံဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ကို လျှောက်ထားရမည်၊

(ခ) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်၍ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်ရန် သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်သည့် အရည်အချင်း ပြည့်စုံကြောင်း စစ်ဆေးတွေ့ရှိလျှင် ဗဟိုမှတ်ပုံတင်အဖွဲ့က သက်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်လက်မှတ်ကို သတ်မှတ်သည့်ပုံစံဖြင့် ထုတ်ပေးနိုင်သည်။

၈၅။ (က) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် မော်တော်ယာဉ်မောင်းသူ

အတတ်သင်ကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်၏ သက်တမ်းကုန်ဆုံးရက်သည် ဒီဇင်ဘာလ ၃၁ ရက် ဖြစ်ရမည်၊

(ခ) လုပ်ငန်းဆက်လက်လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ အတွင်း အသစ်ပြန်လည်လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားခြင်းမပြုလျှင် ၎င်းလုပ်ကိုင်ခွင့် အလိုအလျောက်ပျက်ပြယ်စေရမည်။

၈၆။ ဗဟိုမှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်းတွင် သတ်မှတ်သည့် အရည်အချင်းများဖြင့် ပြည့်စုံခြင်း ရှိ မရှိကို စစ်ဆေးပိုင်ခွင့်ရှိသည်။

၈၇။ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်လိုသူ၏ အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့က မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးနိုင်သူဟု အသိအမှတ်ပြုထားသူ သို့မဟုတ် အနည်းဆုံး ငါးနှစ်အဆက်မပြတ် “င” ယာဉ်မောင်းလိုင်စင် ရရှိထားသူဖြစ်ရမည့်အပြင် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့် နည်းပြအရည်အချင်းရှိသူ ဖြစ်ရမည်။

၈၈။ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူ၏ အရည်အချင်းသည် အောက်ပါအတိုင်းဖြစ်ရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်၊

(ခ) သင်ကြားပို့ချမှုအတွက် လုံလောက်စွာကျယ်ဝန်းသည့် သင်တန်းခန်းနှင့် ပရိဘောဂများပြည့်စုံစွာရှိရမည်၊

(ဂ) ဗဟိုမှတ်ပုံတင်အဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များအတိုင်း အမောင်းသင်ရန် အသုံးပြုသည့် မော်တော်ယာဉ်နှင့် သင်ကြားမှုအထောက်အကူပြုကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိနိုင်သူ ဖြစ်ရမည်၊

(ဃ) မော်တော်ယာဉ်မောင်း အတတ်သင်ကြားပေးနိုင်သော အရည်အချင်းပြည့်နည်းပြများ လုံလောက်စွာထားရှိနိုင်သူ ဖြစ်ရမည်။ နည်းပြများ၏ အရည်အချင်းမှာ နည်းဥပဒေ ၈၇၊ နည်းဥပဒေခွဲ (ခ) ပါ အတိုင်းဖြစ်ရမည်။

၈၉။ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်ရမည်–

(က) သင်ရိုးညွှန်းတမ်းများကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ တင်ပြရမည်။ ထိုအဖွဲ့၏ အတည်ပြုချက်အတိုင်းသာလျှင် သင်ကြားရမည်၊

(ခ) သက်တမ်းရှိ "သ" ယာဉ်မောင်းလိုင်စင် မရရှိသူအား ယာဉ်မောင်းသင်ကြားပေးခြင်း မပြုရ၊

(ဂ) မော်တော်ယာဉ်မောင်းသင်သူများကို လက်တွေ့ယာဉ်မောင်းသင်ကြားနေစဉ် အန္တရာယ်ကင်းရှင်းစေရန် လိုအပ်သည့် အစီအစဉ်သည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ဃ) ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပေးပို့ရမည်။

၉၀။ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်း လုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ရမည်–

(က) သင်ကြားပို့ချမှုအတွက် လုံလောက်စွာကျယ်ဝန်းသည့် သင်တန်းခန်းနှင့် ပရိဘောဂများ ပြည့်စုံစွာထားရှိရမည်၊

(ခ) ဗဟိုမှတ်ပုံတင်အဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များအတိုင်း အမောင်းသင်ရန်အသုံးပြုသည့် မော်တော်ယာဉ်နှင့် သင်ကြားမှုအထောက်အကူပြု ကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရမည်၊

(ဂ) မော်တော်ယာဉ်မောင်း အတတ်သင်ကြားပေးနိုင်သော အရည်အချင်းပြည့်နည်းပြများ လုံလောက်စွာထားရှိရမည်၊

(ဃ) သင်ရိုးညွှန်းတမ်းများကို ဗဟိုမှတ်ပုံတင်အဖွဲ့သို့ တင်ပြရမည်။ ထိုအဖွဲ့၏ အတည်ပြုချက်အတိုင်းသာလျှင် သင်ကြားရမည်၊

(င) သက်တမ်းရှိ "သ" ယာဉ်မောင်းလိုင်စင် လက်ဝယ်မရရှိသူအား ယာဉ်မောင်းသင်ပေးခြင်း မပြုရ၊

(စ) မော်တော်ယာဉ်မောင်းသူများကို လက်တွေ့ယာဉ်မောင်းသင်ကြားနေစဉ် အန္တရာယ်ကင်းရှင်းစေရန် လိုအပ်သည့်အစီအစဉ်သည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်၊

(ဆ) ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ချက်များကို ပေးပို့ရမည်။

၉၁။ (က) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်သူသည် မော်တော်ယာဉ်မောင်းအတတ်သင်ယူသူအား အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သည့်

အလေ့အကျင့်ရှိမှသာလျှင် မော်တော်ယာဉ်ကို မောင်းနှင်တတ်ကြောင်း တာဝန်ယူသည့် သက်သေခံလက်မှတ် ပေးရမည်။ သို့ရာတွင် မော်တော်ယာဉ်ကို အန္တရာယ်ကင်းစွာ မောင်းနှင်တတ်သော်လည်း ယာဉ်မောင်းသူတိုင်း လိုက်နာရမည့် ဤနည်းဥပဒေများပါ သတ်မှတ်ချက်များကို ကောင်းစွာနားမလည်သေးလျှင်သော်လည်းကောင်း၊ လမ်းအသုံးပြုသူများ အချင်းချင်းထားရှိရမည့် စာနာစိတ် မထားတတ်သေးလျှင် သော်လည်းကောင်း ယာဉ်ကိုမောင်းနှင်တတ်ကြောင်း တာဝန်ယူသည့် သက်သေခံလက်မှတ် ထုတ်မပေးရ၊

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးထားသော ယာဉ်ကို မောင်းနှင်တတ်ကြောင်း တာဝန်ယူသည့် သက်သေခံလက်မှတ်သည် ယာဉ်မောင်းလိုင်စင် မဖြစ်စေရ။ ယာဉ်မောင်းလိုင်စင် ရရှိရေးအတွက် ဤနည်းဥပဒေများ၏ အခန်း (၄) အရ ယာဉ်မောင်းစစ်ဆေးမှုများကို ခံယူရမည်။

၉၂။ ဗဟိုမှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားခကို သတ်မှတ်ပေးရမည်။

၉၃။ ဤအခန်းအရ ပေးရမည့်အခကြေးငွေများသည် ဗဟိုမှတ်ပုံတင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၉၄။ ဗဟိုမှတ်ပုံတင်အဖွဲ့သည် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ လိုအပ်သည့်သတ်မှတ်ချက်များ ချမှတ်ပေးနိုင်သည်။ ထိုသတ်မှတ်ချက်အတိုင်း သက်ဆိုင်သူတို့က လိုက်နာရမည်။

၉၅။ ဗဟိုမှတ်ပုံတင်အဖွဲ့သည် ဤအခန်းအရ သတ်မှတ်ချက်များနှင့် မညီညွတ်သော မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း ဆက်လက်လုပ်ကိုင်ရန်အတွက် လျှောက်ထားခြင်းကို ခွင့်ပြုရန်ငြင်းပယ်နိုင်သည်။ ထိုသို့ ငြင်းပယ်ခဲ့လျှင် နည်းဥပဒေ ၈၄၊ နည်းဥပဒေခွဲ (က) အရ ပေးသွင်းထားသည့် အခကြေးငွေကို ပြန်လည်ထုတ်ပေးရမည်။

**၉၆။ လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း**

(က) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်နေသူသည် ဤနည်းဥပဒေများပါ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဗဟိုမှတ်ပုံတင်အဖွဲ့သည် ၎င်းတို့အား ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းအတွက် အခကြေးငွေကို ပြန်အမ်းခြင်းမပြုရ၊

(ခ) မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့်လုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် မော်တော်ယာဉ်မောင်း အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်နေသူ၏ လုပ်ငန်းလုပ်ပိုင်ခွင့်ကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုလုပ်လျှင် ဗဟိုမှတ်ပုံတင်အဖွဲ့သည် မည်သည့်အတွက်ကြောင့် ထိုသို့ဆုံးဖြတ်သည်ကို မှတ်တမ်းတင်၍ သက်ဆိုင်သူအား စာဖြင့် အကြောင်းကြားရမည်။

၉၇။ **အယူခံဝင်ခြင်း**

(က) ဤအခန်းအရ ဇပဟိုမှတ်ပုံတင်အဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် အကြောင်းကြားစာ ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်၊

( ခ ) ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်သည်။

၉၈။ နိုင်ငံတော်အစီအစဉ်ဖြင့် ပြုလုပ်သော မော်တော်ယာဉ်မောင်းသူအတတ်သင်ကျောင်းလုပ်ငန်းအတွက် ဤအခန်းပါ နည်းဥပဒေများမှ ခြွင်းချက်ရရှိရေးသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်အတိုင်း ဖြစ်သည်။

၉၉။ ဤအခန်းအရ မော်တော်ယာဉ်မောင်းသူ အတတ်သင်ကြားပေးသည့် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် မော်တော်ယာဉ်မောင်းသူ အတတ်သင်ကျောင်းလုပ်ငန်း လုပ်ကိုင်သူတို့ ကျူးလွန်သည့်ပြစ်မှုအတွက် ဥပဒေ၏ အခန်း ၆ ပါ သက်ဆိုင်သည့် ပြစ်ဒဏ်များအပြင် လုပ်ငန်းလုပ်ကိုင်ခွင့်ကိုပါ ဖျက်သိမ်းသည့်အထိ အရေးယူခြင်းခံရမည်။

# အခန်း (၆)

## အငှားမော်တော်ယာဉ်စည်းကမ်းများ

၁၀၀။ မည်သည့်မော်တော်ယာဉ်ကိုမဆို နည်းဥပဒေ ၁၀ နှင့်အညီ အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် လုပ်ငန်းလိုင်စင်ရယူထားခြင်း မရှိလျှင် အငှားယာဉ်အဖြစ် အသုံးမပြုရ။

၁၀၁။ အငှားယာဉ် မှတ်ပုံတင်အသစ် လဲလှယ်ခြင်းနှင့် ပတ်သက်၍ နည်းဥပဒေ ၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၁၀၂။ (က) အငှားယာဉ်တွင် တင်ဆောင်နိုင်သော ခရီးသည် အရေအတွက် သို့မဟုတ် ကုန်ချိန်သည် ဗဟိုမှတ်ပုံတင်အဖွဲ့၏ မော်တော်ယာဉ်မှတ်တမ်းတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်၊

(ခ) ယာဉ်တွင်တင်ဆောင်ရန် သတ်မှတ်ထားသည့် ခရီးသည် အရေအတွက် သို့မဟုတ် ကုန်ချိန်ထက်ပို၍တင်ဆောင်ခြင်း မပြုရ။ သို့ရာတွင် မြို့နယ်နယ်နိမိတ်အတွင်း ခရီးစဉ်ဖြင့် မောင်းနှင်သွားလာနေသော ဘတ်စ်ကားများသည် ခရီးသည် များပြားချိန်တွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်း အဆင့်ရှိ အဖွဲ့က ခွင့်ပြုသည့် ခရီးသည်အရေအတွက်ကို ဘတ်စ်ကားအတွင်း ပိုမိုတင်ဆောင်နိုင်သည်၊

(ဂ) အသက် ၁၂ နှစ်နှင့် အထက်ရှိသူ သို့မဟုတ် အသက် ၁၂ အောက်နှင့် ၃ နှစ်အထက်ရှိသော ကလေးနှစ်ဦးကို ခရီးသည် တစ်ဦးအဖြစ် သတ်မှတ်ရမည်။

၁၀၃။ ဤနည်းဥပဒေများ၏ အခန်း (၃) တွင် ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ရှိသူသည် မိမိအငှားယာဉ်ကို အများပြည်သူအား ဘေးအန္တရာယ် မဖြစ်စေရန်နှင့် ခရီးသည်များ မနှောင့်နှေးစေရန် အခါခပ်သိမ်း ပြုပြင်ထိန်းသိမ်း ထားရှိရမည်။

၁၀၄။ (က) အငှားယာဉ်ဖြင့် လုပ်ငန်းလုပ်သူသည် လုပ်ငန်းလိုင်စင်တွင် သတ်မှတ်ထားသော လုပ်ငန်းကိုသာ လုပ်ဆောင်ရမည်၊

(ခ) ပြည်သူပိုင် အငှားယာဉ်များအတွက် လုပ်ငန်းများသည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။

၁၀၅။ (က) အငှားယာဉ်များ လုပ်ငန်းလုပ်ကိုင်ရာ၌ လုပ်ငန်းလိုင်စင်တွင် ပါရှိသော သတ်မှတ်ချက်များအတိုင်းသာ လုပ်ကိုင်ရမည်၊

(ခ) ဘတ်စ်ကားများ၊ ခရီးသည် တက်ဆင်းနေရာများနှင့် ရပ်နားရန်နေရာများ၊ ကုန်တင်ယာဉ်များ၊ ကုန်တင်ကုန်ချရန်နေရာများ၊ ရပ်နားရန်နေရာများ၊ တက္ကစီယာဉ်များနှင့် အခြားစင်းလုံးငှားယာဉ်များ၊ အငှားလိုက်ရန် စောင့်ဆိုင်းနေသည့်နေရာများနှင့် ရပ်နားရန်နေရာတို့သည် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့ သို့မဟုတ် မြို့နယ်အဆင့်ရှိ အဖွဲ့က သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်၊

(ဂ) ခရီးစဉ်ဖြင့် မောင်းနှင်သွားသော ဘတ်စ်ကားများသည် ခရီးစဉ်အမှတ်အသားကို ဘတ်စ်ကား၏ရှေ့တွင် ခရီးသည်များသိမြင်နိုင်စေရန် တပ်ဆင်ထားရမည်။

၁၀၆။ (က) ဘတ်စ်ကားများသည် သတ်မှတ်ထားသည့်မှတ်တိုင်တွင် ခရီးသည်အတက်အဆင်းအတွက် လမ်းနံဘေးသို့ကပ်၍ ရပ်ဆိုင်းရမည်။ အခြားယာဉ်များ သွားလာမှုကို မပိတ်ဆို့စေရ၊

(ခ) မှတ်တိုင်တွင်ရပ်နေသော ဘတ်စ်ကားရှိပါက နောက်မှလာသောဘတ်စ်ကားသည် ရှေ့ဘတ်စ်ကား၏ နောက် ၁.၂၂ မီတာ (၄ ပေ) ထက်မနည်း ခွာ၍ရပ်ဆိုင်းရမည်၊

(ဂ) မှတ်တိုင်တွင်ရပ်နေသော ဘတ်စ်ကားနှင့် ယှဉ်၍ဘေးချင်းတိုက် လုံးဝမရပ်ရ။

၁၀၇။ စင်းလုံးငှားယာဉ်စခန်းများကို သတ်မှတ်ထားရှိလျှင် ထိုစခန်း၌ အငှားလိုက်ရန်စောင့်ဆိုင်းသော အငှားယာဉ်များလိုက်နာရန် စည်းကမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) စခန်းသို့ဦးစွာရောက်ရှိသော ယာဉ်သည် ဦးစွာအငှားလိုက်ရန်နေရာတွင် နေရာယူရမည်၊

(ခ) စခန်းသို့ နောက်ရောက်လာသော ယာဉ်များသည် ဒုတိယ၊ တတိယစသည့် နေရာစဉ်အတိုင်း နေရာယူရမည်၊

(ဂ) စခန်းမှ ယာဉ်တစ်စီးထွက်ခွာသွားသည်နှင့် ကျန်ယာဉ်များ နေရာစဉ်အတိုင်း ပြန်လည်နေရာယူရမည်၊

(ဃ) အလှည့်ကျ အငှားလိုက်ရမည့်ယာဉ်သည် အသင့်မဖြစ်ပါက နောက်ယာဉ်က နေရာစဉ်ကျော်၍ အငှားလိုက်နိုင်သည်၊

(င) စခန်းတွင် ကြီးကြပ်သူထားရှိလျှင် ၎င်း၏ညွှန်ကြားချက်အတိုင်း လိုက်နာရမည်။

၁၀၈။ အငှားယာဉ်များ၏ ယာဉ်ငှားခနှုန်း၊ လူစီးခနှုန်း၊ ကုန်တင်ခနှုန်းများကို–

(က) ပြည်နယ်နှင့် တိုင်းအတွင်း ပို့ဆောင်ခနှုန်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က သတ်မှတ်ရမည်၊

(ခ) ပြည်နယ်နှင့် တိုင်းတစ်ခုမှ တစ်ခုသို့ ပို့ဆောင်ခနှုန်းများကို မူ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က ညှိနှိုင်းသတ်မှတ်ရမည်၊

(ဂ) ပြည်သူပိုင် အငှားယာဉ်များ၏ ပို့ဆောင်ခနှုန်းများကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ရမည်။

၁၀၉။ (က) နည်းဥပဒေ ၁၀၈ အရ သတ်မှတ်ထားသော ယာဉ်ငှားခနှုန်း၊ လူစီးခနှုန်း၊ ကုန်တင်ခနှုန်းတို့ကို သက်ဆိုင်သည့်အတိုင်း အငှားယာဉ်တိုင်းတွင် ခရီးသည် သို့မဟုတ် ယာဉ်ငှားရမ်းသူ မြင်သာစေရန် ထင်ရှားစွာ ဖော်ပြထားရမည်၊

(ခ) "တက္ကစီမီတာ" တပ်ဆင်ထားသော တက္ကစီယာဉ်တွင် လူစီးခနှုန်းကို ဖော်ပြရန်မလိုသော်လည်း "တက္ကစီမီတာ" တပ်ဆင်ခြင်းမှ ကင်းခွင့်ရရှိသော တက္ကစီယာဉ်များတွင်မူ လူစီးခနှုန်းကို ထင်ရှားစွာ ဖော်ပြထားရမည်။

၁၁၀။ မည်သည့် အငှားယာဉ်ပိုင်ရှင်ကဖြစ်စေ၊ ယာဉ်မောင်းသူကဖြစ်စေ၊ လက်မှတ်ရောင်း/စပယ်ယာကဖြစ်စေ၊ သတ်မှတ်ထားသော ယာဉ်ငှားခ သို့မဟုတ် လူစီးခ သို့မဟုတ် ကုန်တင်ခထက်ပိုမို၍ တောင်းယူခြင်းမပြုရ။

၁၁၁။ (က) မည်သူမဆို အငှားယာဉ်ကို စင်းလုံးငှားသည်ဖြစ်စေ၊ ခရီးသည်တင်ယာဉ်တွင် ခရီးသည်အဖြစ် လိုက်ပါစီးနင်းသည်ဖြစ်စေ၊ ကုန်တင်ယာဉ်တွင် ပစ္စည်းများ တင်ဆောင်သည်ဖြစ်စေ သတ်မှတ်ထားသော အခနှုန်းအတိုင်း ကျသင့်သည့်ငွေကို ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်မောင်းသူ သို့မဟုတ် လက်မှတ်ရောင်း/စပယ်ယာအား ပေးရမည်၊

(ခ) ခရီးသည်တစ်ဦးအတွက် အသက် ၃ နှစ်နှင့်အောက်ရှိ ကလေးတစ်ဦးသာ ၎င်း၏ပေါင်ပေါ်တွင် အခမဲ့တင်ဆောင်ခွင့်ရှိစေရမည်၊

(ဂ) အသက် ၃ နှစ်အထက်နှင့် ၁၂ နှစ်အောက်ရှိသော ကလေးတစ်ဦးသည် ခရီးသည်တစ်ဦး၏ ယာဉ်စီးခနှုန်းတစ်ဝက်ကို ပေးရမည်။ အသက် ၁၂ နှစ်နှင့်အထက်ရှိသူသည် ယာဉ်စီးခနှုန်းအပြည့်ပေးရမည်၊

(ဃ) ဘတ်စ်ကားစီးခပေးသော ခရီးသည်တိုင်းအား လက်မှတ်ရောင်းသူက သက်ဆိုင်သည့် ယာဉ်စီးခလက်မှတ်ပေးရမည်၊

(င) ဘတ်စ်ကား စီးခွင့်လက်မှတ်ကို ကာလအပိုင်းအခြားတစ်ရပ်အတွက် ကြိုတင်ဝယ်ယူထားပါက ဘတ်စ်ကားစီးသည့်အခါတိုင်း ခရီးသည်ထံတွင် ထိုလက်မှတ်ပါရှိရမည်။ ထိုလက်မှတ်မပါရှိလျှင် ဘတ်စ်ကားစီးခ ပေးရမည်၊

(စ) ဘတ်စ်ကားပေါ်တွင် လက်မှတ်စစ်ဆေးသူက လက်မှတ်စစ်ဆေးရန် တောင်းဆိုလျှင် ခရီးသည်က လက်မှတ်ပြရမည်။

၁၁၂။ မည်သည့် အငှားယာဉ်မဆို တစ်ဦးတစ်ယောက်က ငှားရမ်းလျှင် လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခွင့်မရှိစေရ။

၁၁၃။ ဤနည်းဥပဒေများ၏ အခန်း (၄) နည်းဥပဒေ ၉၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မည်သူမဆို “ဃ” ယာဉ်မောင်းလိုင်စင် သို့မဟုတ် “င” ယာဉ်မောင်းလိုင်စင်ကို အဆိုပါ နည်းဥပဒေများနှင့်အညီ ရရှိထားခြင်းမရှိပါက သက်ဆိုင်သည့် အငှားယာဉ်ကို မောင်းနှင်ခွင့်မရှိစေရ။

၁၁၄။ (က) ဤနည်းဥပဒေများ၏ အခန်း (၄)၊ နည်းဥပဒေ ၆၃ အရ မည်သူမဆို လက်မှတ်ရောင်း သို့မဟုတ် စပယ်ယာလိုင်စင် ရရှိထားခြင်း မရှိပါက အငှားယာဉ်တွင် လက်မှတ်ရောင်းသူ သို့မဟုတ် စပယ်ယာအဖြစ် လုပ်ပိုင်ခွင့်မရှိစေရ၊

(ခ) အငှားယာဉ်တွင် “င” ယာဉ်မောင်းလိုင်စင် ရရှိထားသည့် ယာဉ်မောင်းသူနှစ်ဦး လိုက်ပါလျှင် တစ်ဦးက လက်မှတ်ရောင်း သို့မဟုတ် စပယ်ယာတာဝန်ထမ်းဆောင်နိုင်သည်။

၁၁၅။ အငှားယာဉ်တွင် ယာဉ်မောင်းသူနှင့် လက်မှတ်ရောင်း/စပယ်ယာ တို့၏အမည်များနှင့် လိုင်စင်အမှတ်များကို ခရီးသည်များမြင်သာစေရန် ထင်ရှား စွာဖော်ပြထားရမည်။

၁၁၆။ အချိန် ၈ နာရီထက်ကျော်လွန်၍ မောင်းနှင်ရသည့်ခရီးတွင် ခရီးသည် တင်ယာဉ်၌ အရန်ယာဉ်မောင်းသူ ပါရှိရမည်။

၁၁၇။ တက္ကစီယာဉ်ငှားရမ်းသူခရီးသည် သွားလိုရာသို့ ယာဉ်မောင်းသူက အနီးဆုံးလမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်။ အကယ်၍ ခရီးသည်က ၎င်းသွားလာ လိုသည့် လမ်းခရီးကိုညွှန်ကြားလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်။ သွားလာသည့် လမ်းခရီးတွင် သွားလာရန်အခက်အခဲရှိပါက လမ်းခရီးပြောင်း ၍ ပို့ဆောင်ပေးနိုင်သည်။

၁၁၈။ အငှားယာဉ်ကိုစက်နှိုး၍ ရပ်ထားစဉ် ယာဉ်မောင်းသူသည် ယာဉ် မောင်းထိုင်ခုံတွင် ရှိနေရမည်။ ယာဉ်မောင်းသူသည် ယာဉ်မှထွက်ခွာသွားလို ပါက စက်ရပ်ပြီး ဘရိတ်ဆွဲထားခဲ့ရမည်။

၁၁၉။ (က) အငှားယာဉ်တွင် ယာဉ်မောင်းသူ၏နံဘေး၌ ခရီးသည်တစ်ဦး သာ စီးနင်းခွင့်ပြုသည်၊

(ခ) ယာဉ်မောင်းသူ၏ ထွက်ပေါက်ဘက်တွင် မည်သူမျှမစီး နင်းရ။

၁၂၀။ (က) အငှားယာဉ်တွင် ကုန်ပစ္စည်းများကို ယာဉ်အတွင်း၌ တင် ဆောင်ရမည်။ ယာဉ်အမိုးပေါ်၌ ပစ္စည်းတင်ရန် အကာအရံ ပြုလုပ်ထားပါက အမိုးပေါ်တွင်လည်း ပစ္စည်းတင်ဆောင် နိုင်သည်။ ယာဉ်၏ပြင်ပ ရှေ့၊ နောက်နှင့် ဘေးနှစ်ဘက် တွင် ပစ္စည်းများတင်ဆောင်ချိတ်ဆွဲခြင်းကို လုံးဝခွင့်မပြု၊

(ခ) ခရီးသည်တင်ယာဉ်၌ ခရီးသည်ကိုယ်တိုင်သယ်ယူနိုင်သည့် လက်ဆွဲပစ္စည်းကို အခမဲ့တင်ဆောင်ခွင့်ပြုရမည်။

၁၂၁။ (က) တက္ကစီယာဉ်တွင် ခရီးသည်ကျန်ခဲ့သော ပစ္စည်းတို့ကို ယာဉ်မောင်းသူက တွေ့ရှိလျှင် ထိုပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံးပြန်ပေးရမည်။ ပစ္စည်းပိုင်ရှင်ကို မသိပါက ထို ပစ္စည်းအား အနီးဆုံးပြည်သူ့ရဲစခန်းသို့ပေးအပ်ပြီး လက်ခံ ရရှိကြောင်းပြေစာကို ရယူထားရမည်။ တက္ကစီယာဉ်သည် အဖွဲ့/အသင်းပိုင်ယာဉ်ဖြစ်ပါက ယာဉ်မောင်းသူသည် တွေ့ ရှိသောပစ္စည်းကို အဖွဲ့/အသင်းရုံးသို့ အပ်နှံရမည်၊

(ခ) ဘတ်စ်ကားခရီးလမ်းဆုံးသို့ရောက်တိုင်း လက်မှတ်ရောင်း၊ လက်မှတ်ရောင်းမရှိလျှင် ယာဉ်မောင်းသူသည် ဘတ်စ်ကား အတွင်း၌ ခရီးသည်များမေ့ကျန်ခဲ့သော ပစ္စည်းတို့ကို ရှာဖွေ ရမည်။ ပစ္စည်းတွေ့ရှိလျှင် အနီးဆုံးပြည်သူ့ရဲစခန်းသို့ ပေး အပ်ပြီး လက်ခံရရှိကြောင်းပြေစာကို ရယူ၍ ယာဉ်ပိုင်ရှင် သို့လည်း အကြောင်းကြားရမည်။ အဖွဲ့/အသင်းပိုင် ဘတ်စ် ကားဖြစ်ပါက အဖွဲ့/အသင်းရုံးသို့ အပ်နှံရမည်၊

(ဂ) အငှားယာဉ်တွင် ခရီးသည်ကျန်ခဲ့သောပစ္စည်းတို့ကို အခြား ခရီးသည်ကတွေ့ရှိ၍ ယာဉ်မောင်းသူ သို့မဟုတ် လက်မှတ် ရောင်း/စပယ်ယာသို့ ပေးအပ်လျှင် ပေးအပ်သူခရီးသည်၏ အမည်နှင့် နေရပ်လိပ်စာကို ရယူထားပြီး နည်းဥပဒေခွဲ (က) နှင့် (ခ) ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၁၂၂။ အောက်ပါတို့ကို ဘတ်စ်ကားတွင် တင်ဆောင်ခြင်းမပြုရ-

(က) ကူးစက်တတ်သောရောဂါရှိသူ၊

(ခ) သေရည်သေရက် သို့မဟုတ် မူးယစ်ဆေးဝါးဖြင့် မူးယစ် နေသူ၊

(ဂ) လုံခြုံစွာ ဝတ်ဆင်ထားခြင်းမရှိသူ၊

(ဃ) စိတ်ပေါ့သွပ်သူ၊
( င ) တိရစ္ဆာန်၊
( စ ) ညစ်ထေးနံစော်သောပစ္စည်း၊
(ဆ) မီးလောင်ပေါက်ကွဲစေတတ်သောပစ္စည်း။

၁၂၃။ ဘတ်စ်ကားပေါ်တွင် မည်သူမျှဆေးလိပ်မသောက်ရ။

၁၂၄။ (က) အငှားယာဉ်တွင် စီးနင်းလိုက်ပါသော ခရီးသည်များ၏ သက်တောင့်သက်သာ ရှိစေရေးနှင့် ဘေးကင်းစေရေးအတွက် ယာဉ်မောင်းသူ သို့မဟုတ် လက်မှတ်ရောင်း/စပယ်ယာ၏ ညွှန်ကြားချက်တို့ကို ခရီးသည်တိုင်းက လိုက်နာရမည်၊

( ခ ) တက္ကစီယာဉ်မှအပ အငှားယာဉ်တွင် ယာဉ်သွားလာနေစဉ် ယာဉ်မောင်းသူနှင့် ခရီးသည်၊ လက်မှတ်ရောင်း/စပယ်ယာ တို့ အလွယ်တကူအချက်ပေး ဆက်သွယ်နိုင်သည့် ကိရိယာ တပ်ဆင်ထားရှိရမည်။

၁၂၅။ ဖျားနာသူနှင့် ဒဏ်ရာရသူတို့ကို ခရီးသည်အဖြစ် အငှားယာဉ်တွင် တင်ဆောင်ရန် မငြင်းဆန်ရ။

၁၂၆။ အငှားယာဉ်တိုင်းတွင် အသင့်အသုံးပြုနိုင်သည့် အရန်ဘီးတစ်ဘီး ပါရှိရမည်။

၁၂၇။ အငှားယာဉ်ပိုင်ရှင် သို့မဟုတ် အငှားယာဉ်လုပ်သားတို့သည် ပြည်သူ နှင့် ဆက်ဆံရာတွင် ပြေပြစ်ရမည်။

၁၂၈။ အငှားယာဉ်ပိုင်ရှင် နေရပ်လိပ်စာ ပြောင်းလဲလိုပါက ပိုင်ရှင်သည် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ကိုထုတ်ပေး သည့်အဖွဲ့တို့တွင် ဆောင်ရွက်ရမည်။

၁၂၉။ အငှားယာဉ်ပိုင်ရှင် ပြောင်းလဲလိုပါက လက်ရှိပိုင်ရှင်သည် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင် ထုတ်ပေးသည့် အဖွဲ့တို့တွင် ဆောင်ရွက်ရမည်။

၁၃၀။ လုပ်ငန်းလိုင်စင် ရရှိထားသော အငှားယာဉ်ပိုင်ရှင်သည် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်အဖွဲ့သို့ လုပ်ငန်းလိုင်စင် ပြန်လည်အပ်နှံပြီးကြောင်း အထောက်အထားများ တင်ပြလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အဖွဲ့သည် နည်းဥပဒေ ၁၁ အရ အငှားယာဉ်မှ ကိုယ်ပိုင်ယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲပေးရမည်။

၁၃၁။ (က) ဘတ်စ်ကားသွားလာရေးအတွက် ယာဉ်ကြောကို သီးသန့်သတ်မှတ်ပေးလိုပါက တစ်လမ်းမောင်းလမ်းတွင်သာ လမ်း၏ လက်ယာဘက်အစွန်းယာဉ်ကြောကို သတ်မှတ်နိုင်သည်။ ထိုသို့သတ်မှတ်ပါက ဘတ်စ်ကားသည် ၎င်းယာဉ်ကြောတွင်း၌ သွားလာရမည်။ သတ်မှတ်ခြင်းကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့၊ လမ်းဆောက်လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့်အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ခ) သာမန်အားဖြင့် ဘတ်စ်ကား၏ ယာဉ်ကြောကို အခြားယာဉ်များ အသုံးမပြုရ။ သို့သော် လမ်းဆုံ၊ လမ်းခွတွင် လက်ယာဘက်ကွေ့လိုသည့် ယာဉ်များသည် လမ်းဆုံ၊ လမ်းခွ မရောက်မီ ၎င်းယာဉ်ကြောအတွင်းသို့ ဝင်နိုင်သည်။ ဘတ်စ်ကားယာဉ်ကြော၏ လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ အခြားယာဉ်များကွေ့ဝင်ရန်နှင့် လမ်းသွယ်မှ ကွေ့ထွက်ရန်အတွက် ဘတ်စ်ကားကို အနှောင့်အယှက်မဖြစ်စေဘဲ ၎င်းယာဉ်ကြောကို ဖြတ်သန်းနိုင်သည်၊

(ဂ) ဘတ်စ်ကား ယာဉ်ကြောပါရှိသည့် လမ်းတစ်လျှောက်တွင် အနှေးယာဉ်များ သွားလာခွင့်မရှိစေရ။

# အခန်း (၇)

## မော်တော်ယာဉ်သွားလာမှု စည်းကမ်းများ

၁၃၂။ မော်တော်ယာဉ်ကြောင့် လမ်းပေါ်တွင် အများဆုံးဖြစ်ပွားလျက်ရှိသော ထိခိုက်မှုအန္တရာယ်များ လျော့နည်းစေရန်နှင့် ယာဉ်သွားလာမှု ချောမွေ့စေရန်အလို့ငှာ ဤအခန်းပါ စည်းကမ်းများကို ယာဉ်နှင့်သက်ဆိုင်သူများ လိုက်နာကြရန် ပြဋ္ဌာန်းလိုက်သည်။

၁၃၃။ (က) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်နှင့် လိုက်နာရန်ပျက်ကွက်သူများအား အရေးယူရန်အလို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်သူ့ရဲတပ်ဖွဲ့ (ယာဉ်ထိန်းရဲ) အားတာဝန်ပေးထားသည်။ လိုအပ်လျှင် အခြားတစ်ဖွဲ့ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း တာဝန်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ပေးအပ်နိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသူသည် ယာဉ်အသွားအလာများကို လက်ဖြင့် အချက်ပြ၍ဖြစ်စေ၊ ဝီစီသံနှင့် လက်အချက်ပြတွဲ၍ဖြစ်စေ၊ အချက်ပြကိရိယာဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေ ကြီးကြပ်ထိန်းသိမ်းညွှန်ပြနိုင်သည်၊

(ဂ) ယာဉ်အသွားအလာများကို ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ညွှန်ပြချက်ကို လမ်းအသုံးပြုနေသူတို့က လိုက်နာရမည်။

၁၃၄။ (က) သတ်မှတ်ထားသည့် လမ်းညွှန်းများနှင့် လမ်းအမှတ်အသားများတို့ကို လမ်းအသုံးပြုသူများက လိုက်နာရမည်၊

(ခ) မြို့တွင်း၌ဖြစ်စေ၊ မြို့ပြင်၌ဖြစ်စေ လမ်းညွှန်းများနှင့် လမ်းအမှတ်အသားများကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက

အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိသည့် အဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့နှင့် ညှိနှိုင်း၍ လမ်းဆောက်လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့်အဖွဲ့၏ အကူအညီဖြင့် သတ်မှတ်ဆောင်ရွက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်းပြုလုပ်ရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ပိုင်ခွင့်ရှိသူမှ တစ်ပါးမည်သူမျှ ပြည်သူတို့ဆိုင်ရာနေရာတွင် လမ်းညွှန်များနှင့် လမ်းအမှတ်အသားများ သို့မဟုတ် ၎င်းနှင့်ဆင်တူယိုးမှားဖြစ်သည့် အမှတ်အသားများကို မပြုလုပ်ရ။ တရားဝင်သတ်မှတ်ထားသည့် လမ်းညွှန်များနှင့် လမ်းအမှတ်အသားများကိုလည်း ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း မပြုလုပ်ရ။

၁၃၅။ (က) ယာဉ်သွားလာမှုကိုထိန်းသိမ်းပေးရန် ယာဉ်ထိန်းအချက်ပြမီးများကို တပ်ဆင်လိုပါက ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိအဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့၊ လမ်းဆောက်လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်၊

(ခ) ယာဉ်ထိန်းအချက်ပြမီးများ တပ်ဆင်ထားရှိလျှင် လမ်းအသုံးပြုသူများသည် ၎င်းကညွှန်ပြသည့်အတိုင်း လိုက်နာရမည်။

၁၃၆။ (က) ယာဉ်များရပ်ဆိုင်းရန်နှင့် ရပ်နားရန်နေရာများအပြင် စင်းလုံးငှားယာဉ်စခန်းနေရာတို့ကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့ လမ်းဆောက်

လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့်အဖွဲ့တို့နှင့် ညှိနှိုင်းသတ်မှတ်ရမည်၊

( ခ ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် ယာဉ်ရပ်ဆိုင်းရန်၊ ရပ်နားရန်နေရာများနှင့် စင်းလုံးငှားယာဉ်စခန်းတို့အတွက် စည်းကမ်းချက်များကိုပါ သတ်မှတ်ပေးနိုင်သည့်အပြင် ယာဉ်ရပ်နားရန်နေရာနှင့် စင်းလုံးငှားယာဉ်စခန်းတို့တွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ယာဉ်ရပ်နားခ၊ စခန်းခကိုသတ်မှတ်၍ ကောက်ခံနိုင်သည်။

၁၃၇။ ယာဉ်တွင်တပ်ဆင်ထားသော မှတ်ပုံတင်အမှတ်သည် ထင်ရှားပေါ်လွင်ခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်အမှတ်ပြား ပုံသဏ္ဌာန်ပျက်နေလျှင် ထိုယာဉ်ကို မမောင်းနှင်ရ သို့မဟုတ် မမောင်းနှင်စေရ။

၁၃၈။ (က) မည်သည့် မော်တော်ယာဉ်မဆို မှတ်ပုံတင်အရ ခွင့်ပြုထားသော တင်ဆောင်နိုင်သည့် လူအရေအတွက် သို့မဟုတ် ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။ သို့ရာတွင် ဤနည်းဥပဒေများ၏ အခန်း (၆)၊ နည်းဥပဒေ ၁၀၂၊ နည်းဥပဒေခွဲ (ခ) အရ ခရီးသည်များ ပိုမိုတင်ဆောင်ခွင့်ရသည့် ဘတ်စ်ကားများကိုသာ ဤပြဋ္ဌာန်းချက်မှ ခြွင်းချက်ပြုသည်၊

( ခ ) မှတ်ပုံတင်အရခွင့်ပြုထားသော ကုန်ချိန်ထက်ပို၍ တင်ဆောင်သော ကုန်တင်ယာဉ်ကို နည်းဥပဒေ ၁၃၃ ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက စစ်ဆေးတွေ့ရှိလျှင် ကုန်ချိန်အပိုကို ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်အတွက်တာဝန်ရှိသူက မိမိအစီအစဉ်ဖြင့် ယာဉ်ပေါ်မှချ၍ စောင့်ရှောက်ရမည်။ ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရလျှင် ကုန်ကျစရိတ်များကို ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်အတွက်တာဝန်ရှိသူက ကျခံရမည်။

၁၃၉။ မည်သည့် မော်တော်ယာဉ်မောင်းသူမဆို ယာဉ်မောင်းနေစဉ် ယာဉ်မောင်းနှင်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည့် ခရီးသည်များနှင့် ကုန်ပစ္စည်းများအား မိမိနှင့်ကပ်၍ တင်ဆောင်ခြင်းမပြုရ။

၁၄၀။ မည်သည့်ယာဉ်မောင်းသူမဆို လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြမှုများအတိုင်း မောင်းနှင်ရမည်။ နည်းဥပဒေ ၁၃၃ ပါ ပြဋ္ဌာန်းချက်အရ ယာဉ်အသွားအလာကို ကြီးကြပ်ထိန်းသိမ်းနေသည့်အခါ ကြီးကြပ်ထိန်းသိမ်းနေသူက ညွှန်ပြသည့်အတိုင်း လိုက်နာရမည်။

၁၄၁။ မည်သည့်ယာဉ်မဆို သာမန်အားဖြင့် လမ်း၏လက်ယာဘက်သို့ကပ်၍ မောင်းနှင်ရမည်။ သို့ရာတွင် တစ်လမ်းမောင်း လမ်းတွင်မူ သွားလိုသည့်ဘက်နှင့် သက်ဆိုင်သောယာဉ်ကြောတွင် မောင်းနှင်ရမည်။

၁၄၂။ (က) အခြားယာဉ်များသွားလာမှုကို တားဆီးပိတ်ဆို့စေမည့် နှေးကွေးစွာ မောင်းနှင်ခြင်းမပြုရ။ နှေးကွေးစွာ မောင်းနှင်လိုလျှင် အနှေးယာဉ်ကြောကသာ မောင်းနှင်ရမည်။

(ခ) နှစ်လမ်းမောင်းလမ်းတွင် တစ်ဖက်တစ်ချက်၌ ယာဉ်ကြောနှစ်ခုစီနှင့်အထက်ရှိပါက လက်ဝဲစွန်းယာဉ်ကြောကို တတ်နိုင်သမျှ ဖွင့်၍မောင်းရမည်။

၁၄၃။ (က) လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏ နယ်နိမိတ်အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ (**၃၀ မိုင်**) ထက် ပို၍လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့် တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာ (**၅၀ မိုင်**) ထက်ပို၍လည်းကောင်း မမောင်းရ၊

(ခ) **နောက်တွဲပါသောယာဉ် သို့မဟုတ် မီးလောင်ပေါက်ကွဲ** တတ်သောပစ္စည်းများ တင်ဆောင်သောယာဉ်အတွက် အမြန်နှုန်းကို မြို့၏နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် ၃၂ ကီလိုမီတာ (၂၀ မိုင်) ထက် ပို၍လည်းကောင်း၊ မြို့၏ နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၅၆ ကီလိုမီတာ (၃၅ မိုင်) ထက် ပို၍လည်းကောင်း မမောင်းရ၊

(ဂ) ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့သည် လမ်းအခြေအနေအရ အမြန်နှုန်းများကို နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များအတွင်း လိုအပ်သလို သတ်မှတ်နိုင်သည်၊

(ဃ) မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် ၆၄ ကီလိုမီတာ (၄၀ မိုင်) အထိ မောင်းနှင်ခွင့်ပြုသည်၊

(င) ယာဉ်မောင်းသူသည် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ပို၍ မိမိယာဉ်ကို မမောင်းနှင်ရ။

၁၄၄။ ဤနည်းဥပဒေများ၏ အခန်း (၃)၊ နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ည) နှင့် နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (က) အရ ယာဉ်သွားလာမှု ဦးစားရရေးအတွက် အချက်ပေးသံများနှင့် ဦးစားပေးမီးများရှိသော ယာဉ်များ၊ ယာဉ်ထိန်းရဲစီး မော်တော်ဆိုင်ကယ်များ၊ အရေးကြီးယာဉ်များသည် အမြန်နှုန်းသတ်မှတ်ချက်နှင့် မသက်ဆိုင်စေရ။

၁၄၅။ ရှေ့ယာဉ် ရုတ်တရက် အမြန်နှုန်းလျှော့လျှင် သို့မဟုတ် ရပ်လျှင် နောက်မှလိုက်နေသော ယာဉ်သည် ထိခိုက်မှုမဖြစ်စေရန် သင့်လျော်သော အကွာအဝေးမှခွာ၍ မောင်းနှင်ရမည်။

၁၄၆။ ကျော်တက်ခြင်း

(က) ယာဉ်မောင်းသူသည် မိမိရှေ့ကယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုပြီးမှ ကျော်တက်ရမည်–

(၁) နောက်မှ လိုက်နေသောယာဉ်သည် မိမိယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း မရှိသည့်အခါ၊

(၂) မိမိကျော်တက်လိုသော ယာဉ်သည် ၎င်း၏ရှေ့ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းမရှိသည့်အခါ၊

(၃) ကျော်တက်ရန်အတွက် မိမိအသုံးပြုမည့် ယာဉ်ကြောရှင်းနေသည့်အခါ။

(ခ) မည်သည့်ယာဉ်မဆို မိမိရှေ့ကယာဉ်ကို ကျော်တက်ရာတွင် သာမန်အားဖြင့် ထိုယာဉ်၏ လက်ဝဲဘက်မှသာ လိုအပ်သလို အချက်ပေးပြီး သင့်လျော်သောအကွာအဝေးမှ လွတ်ကင်းစွာ ကျော်တက်ရမည်၊

(ဂ) မိမိရှေ့ကသွားနေသော ဝန်လေးမော်တော်ယာဉ်ကြီးကို ကျော်တက်လိုလျှင် ထိုယာဉ်ကြီး၏နောက်မှ ကပ်မလိုက်ဘဲ ၎င်း၏ ရှေ့တွင်ရှိသည့် လမ်းခြေအနေကို ကောင်းမွန်စွာလှမ်း၍ မြင်နိုင်သည့် အကွာအဝေးမှလိုက်ပြီး လမ်းရှင်းမှကျော်တက်ရမည်၊

(ဃ) ကျော်တက်ပြီး၍ မူလယာဉ်ကြောသို့ ပြန်ဝင်လျှင် နောက်မှ ယာဉ်ကို အနှောင့်အယှက်မဖြစ်စေဘဲ လွတ်ကင်းစွာဝင်ရမည်၊

(င) မိမိယာဉ်ကို အခြားယာဉ်က ကျော်တက်နေလျှင် ထိုယာဉ် ကျော်တက်ပြီးသည်အထိ မိမိယာဉ်၏အမြန်နှုန်းကို မတိုးဘဲ လမ်းပေး၍ ကျော်တက်ခွင့်ပြုရမည်၊

(စ) မိမိရှေ့မှယာဉ်၏ လက်ယာဘက်မှ ကျော်တက်နိုင်သည့် အခြေအနေများမှာ အောက်ပါတို့အရသာ ဖြစ်သည်–

(၁) ရှေ့မှယာဉ်သည် လက်ဝဲကွေ့ရန် အချက်ပြနေသည့် အခါ၊

(၂) လမ်းတွင် ယာဉ်များပိတ်ဆို့နေသဖြင့် လက်ယာ ဘက်တွင် လမ်းပွင့်နေသောအခါ၊

(၃) ယာဉ်ကြော လမ်း ပြောင်းသည့်အနေဖြင့် လက်ဝဲ ဘက်ယာဉ်ကြောတွင် မောင်းနှင်နေသည့် ယာဉ်၏ ရှေ့သို့ လက်ယာဘက်ယာဉ်ကြောမှ လွတ်ကင်းစွာ လမ်းပြောင်းဝင်သည့်အခါ၊

(၄) တစ်လမ်းမောင်းလမ်းတွင် မောင်းနှင်သွားသောအခါ။

**မှတ်ချက်။** လမ်းတွင် မျဉ်းကြောင်းများဖြင့် ယာဉ်ကြော များကို သတ်မှတ်ထားလျှင် ထိုယာဉ်ကြော အသီးသီးတွင် မောင်းနှင်သွားလာနေသော ယာဉ် များသည် မိမိယာဉ်ကြောအသီးသီးတွင် အခြား ယာဉ်ကြောမှ ယာဉ်များကို ကျော်လွန်မောင်းနှင် သွားလာခြင်းသည် ဤနည်းဥပဒေပါ ကျော် တက်ခြင်းနှင့် မသက်ဆိုင်စေရ။

၁၄၇။ အောက်ပါနေရာများနှင့် အချိန်အခါများတွင် မိမိရှေ့က ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ–

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံနှင့်လမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်း မျဉ်းကြောင်းဖြင့် သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းနေရာ၊

(ဋ) မြင်ကွင်းမကောင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) ကျော်တက်လျှင် ရှေ့သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့်အခါ။

**မှတ်ချက်။** ဤနည်းဥပဒေသည် မော်တော်ဆိုင်ကယ်ကို ကျော်တက်ခြင်းနှင့် မသက်ဆိုင်စေရ။

၁၄၈။ (က) ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသော လမ်းဆုံလမ်းခွတွင် လက်ယာဘက်သို့ကွေ့လိုလျှင်၊ လမ်းဆုံလမ်းခွသို့မရောက်မီ အချက်ပြလျက် လမ်းလက်ယာဘက်ဘေးသို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ချဉ်းကပ်သွားရမည်။ လမ်းဆုံလမ်းခွတွင် ခေတ္တရပ်၍ ကွေ့ဝင်မည့်လမ်း၏ တစ်ဖက်တစ်ချက်ကိုကြည့်ပြီး အန္တရာယ်ကင်းမှ ထိုလမ်း၏ လက်ယာဘက်သို့ကပ်၍ ကွေ့ရမည်။ ယာဉ်ထိန်းအချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်

တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် အချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူမှ ညွှန်ပြသည့်အတိုင်း လက်ယာဘက်သို့ ကွေ့ရမည်၊

(ခ) ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသော လမ်းဆုံလမ်းခွတွင် လက်ဝဲဘက်သို့ ကွေ့လိုလျှင် လမ်းဆုံလမ်းခွမရောက်မီ အချက်ပြလျက် လက်ဝဲအစွန်းယာဉ်ကြော သို့မဟုတ် လမ်း၏အလယ်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ချဉ်းကပ်သွားရမည်။ လမ်းဆုံလမ်းခွတွင် ခေတ္တရပ်၍ ကွေ့ဝင်မည့်လမ်း၏ တစ်ဖက်တစ်ချက်ကိုကြည့်ပြီး အန္တရာယ်ကင်းမှ ဝင်လိုသည့်လမ်း၏ယာဉ်ကြောအတွင်းသို့ ကွေ့ဝင်ရမည်။ ယာဉ်ထိန်းအချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ ရှိသော လမ်ဆုံလမ်းခွတွင် အချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူမှ ညွှန်ကြားသည့်အတိုင်း လက်ဝဲဘက်သို့ ကွေ့သွားရမည်၊

(ဂ) လမ်းမ၏ လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် လမ်းသွယ်သို့မရောက်မီ အချက်ပြလျက် လမ်းလက်ယာဘက်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်။ လမ်းမ၏ လက်ဝဲဘက်ရှိ လမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် လမ်းသွယ်သို့မရောက်မီ အချက်ပြလျက် လမ်း၏အလယ်ဘက်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ခေတ္တရပ်ရမည်။ တစ်ဖက်မှလာသော ယာဉ်အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်၊

(ဃ) နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင် လက်ယာဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်းလမ်း၏ လက်ယာဘက်သို့ ကပ်၍ တစ်လမ်းမောင်း၏ လက်ယာဘက်ခြမ်းရှိ ယာဉ်ကြောအတွင်းသို့ ကွေ့

ဝင်ရမည်။ လက်ဝဲဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်း လမ်း၏ လမ်းအလယ်သို့ကပ်၍ တစ်လမ်းမောင်းလမ်း၏ လက်ဝဲဘက်ခြမ်းရှိ ယာဉ်ကြောတစ်ခုခုအတွင်းသို့ ကွေ့ဝင် ရမည်၊

(င) တစ်လမ်းမောင်းလမ်းမှ နှစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင် လက်ယာဘက်သို့ကွေ့လိုပါက တစ်လမ်းမောင်း လမ်း၏ လက်ယာဘက်သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်။ လက်ဝဲ ဘက်သို့ကွေ့လိုပါက တစ်လမ်းမောင်းလမ်း၏ လက်ဝဲဘက် သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်၊

(စ) ယာဉ်ကွေ့မည်ဖြစ်ကြောင်း အချက်ပြခြင်းကို ကွေ့မည့်နေရာ သို့မရောက်မီ အနည်းဆုံး ၃၀.၅ မီတာ (ပေ ၁၀၀) မှ ကြိုတင်၍ပြရမည်၊

(ဆ) လက်ယာဘက်သို့ကွေ့ရန် လက်ဝဲဘက်ယာဉ်ကြောမှ လက်ယာဘက် ယာဉ်ကြောကိုဖြတ်၍ ကွေ့မောင်းခြင်း သို့မဟုတ် လက်ဝဲဘက်သို့ကွေ့ရန် လက်ယာဘက်ယာဉ် ကြောမှ လက်ဝဲ ဘက်ယာဉ်ကြောကိုဖြတ်၍ လမ်းအလယ် တွင် နေရာယူခြင်းကို လုံးဝမပြုရ။

၁၄၉။ (က) ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန် ရှိသူ မရှိသော လမ်းဆုံတွင် လမ်းတစ်ဖက်စီမှ လာနေသော ယာဉ်နှစ်စီးအနက် လမ်းဆုံသို့ဦးစွာရောက်ရှိနေသော ယာဉ် သည် ဦးစွာဖြတ်ကျော်ရမည်။ လမ်းဆုံသို့ တစ်ချိန်တည်း ရောက်ရှိလျှင် သာမန်အားဖြင့် လက်ယာဘက်မှလာသော ယာဉ်ကို ဦးစားပေးရမည်။ ယာဉ်ထိန်းအချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိသော လမ်းဆုံတွင် အချက်ပြမီး သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိ သူမှညွှန်ပြသည့်အတိုင်း လိုက်နာရမည်၊

(ခ) လမ်းမနှင့် လမ်းသွယ်ဆုံသည့် လမ်းဆုံတွင် လမ်းသွယ်မှ မောင်းနှင်လာသောယာဉ်သည် လမ်းမပေါ်၌ မောင်းနှင်လာသောယာဉ်ကို ဦးစားပေးရမည်၊

(ဂ) အချက်ပေးသံဖြင့် လာနေသော လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်များ လာနေသည်ကို ကြားသိလျှင် ယင်းယာဉ်များကို ဦးစားပေး၍ ဖြတ်ကျော်စေရမည် သို့မဟုတ် ကျော်တက်စေရမည်၊

(ဃ) လမ်းဆုံတွင် အဝိုင်းပတ်ရှိလျှင် အဝိုင်းပတ်ထဲသို့ ဦးစွာရောက်ရှိသောယာဉ်ကို ဦးစားပေးရမည်။ အဝိုင်းပတ်တွင် လက်ယာပတ်မောင်းရမည်။

၁၅၀။ **"ဂ" ကွေ့၊ ကွေ့ခြင်း**

(က) အောက်ပါနေရာများတွင် "ဂ" ကွေ့မကွေ့ရ-

(၁) လမ်းအလယ်တွင် အလျားလိုက် တစ်ဆက်တည်း ရေးဆွဲထားသော မျဉ်းဖြူ/မျဉ်းဝါတစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းရှိသောလမ်း၊

(၂) လမ်းဆုံ၊ လမ်းခွ၊

(၃) လမ်းထောင့်၊ လမ်းကွေ့၊

(၄) ကုန်းထိပ်နှင့် ၎င်းမှ ၁၀၀ မီတာ (၃၂၈ ပေ) အတွင်း၊

(၅) တံတားအဝင်ဝနှင့် တံတားပေါ်၊

(၆) တစ်လမ်းမောင်းလမ်း၊

(၇) "ဂ" ကွေ့ မကွေ့ရဟု တားမြစ်ထားသောနေရာ။

(ခ) "ဂ" ကွေ့ ကွေ့နိုင်သောနေရာတွင် ကွေ့လိုလျှင် မိမိရှေ့/နောက်ယာဉ် အသွားအလာရှင်းမှ ကွေ့ရမည်။ လမ်းကျဉ်း၍ ရှေ့တိုးနောက်ဆုတ် ကွေ့ရပါက အခြားယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

၁၅၁။ (က) ယာဉ်ကိုနောက်ဆုတ်လိုလျှင် ယာဉ်၏ ဘေးနှစ်ဘက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာဆုတ်ရမည်။ အခြားယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ၊

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ ယာဉ်နောက်ဆုတ်မထွက်ရ၊

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ၊

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ၊

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်း မပြုရ။

၁၅၂။ (က) နည်းဥပဒေ ၁၃၃ အရ ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက ယာဉ်ကိုရပ်ရန်ညွှန်ပြလျှင် ယာဉ်ကိုရပ်ရမည်၊

(ခ) ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသော လမ်းဆုံလမ်းခွတွင် ယာဉ်ကိုဖြတ်မမောင်းမီ၊ ယာဉ်မကွေ့မီ ယာဉ်ကို ခေတ္တရပ်၍ အန္တရာယ်ကင်းမှ ဆက်မောင်းရမည်၊

(ဂ) လမ်းသွယ်မှ လမ်းမပေါ်သို့ မထွက်မီလည်းကောင်း၊ ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ မထွက်မီလည်းကောင်း လမ်းဆုံ သို့မဟုတ် ဝင်းဝတွင် ယာဉ်ကိုခေတ္တရပ်၍ အန္တရာယ်ကင်းမှ မောင်းထွက်ရမည်၊

(ဃ) လူကူးမျဉ်းကျားနေရာ၊ လမ်းညွှန်းဖြင့် ဖော်ပြထားသည့် လူကူးရန်နေရာ၊ ကျောင်းရှေ့ရှိ လူကူးရန်နေရာတို့တွင် ဖြတ်ကူးသူများရှိပါက ၎င်းနေရာများမရောက်မီ အနည်းဆုံး ၅ မီတာ (၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် ယာဉ်ကို ခေတ္တရပ်ရမည်။ လမ်းဖြတ်ကူးနေသူများရှင်းမှ ဆက်မောင်းရမည်၊

( င ) အချက်ပေးသံဖြင့်လာနေသော လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်များလာသည်ကို ကြားသိလျှင် ထိုယာဉ်ကို ဦးစားပေးလျက် မိမိယာဉ်ကို လမ်းနံဘေးသို့ကပ်၍ ရပ်ထားရမည်။ ထိုယာဉ်များ ဖြတ်ကျော်သွားမှသာ ဆက်လက် မောင်းနှင်ရမည် သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိလျှင် ၎င်းက ညွှန်ပြသည့်အတိုင်း လိုက်နာရမည်၊

( စ ) ယာဉ်ကြောင့် တိရစ္ဆာန်ထိတ်လန့်မည်စိုးရိမ်၍ တိရစ္ဆာန်ကို ထိန်းကျောင်းသူက ရပ်ရန်မေတ္တာရပ်ခံလျှင် ယာဉ်ကို ရပ်ပေးရမည်။ ထိန်းကျောင်းသူမရှိသော တိရစ္ဆာန်များကို လမ်းပေါ်တွင်တွေ့လျှင် သတိဖြင့်မောင်းရမည်။ ယာဉ်ကို ရပ်သင့်လျှင်ရပ်ပေးရမည်၊

(ဆ) နည်းဥပဒေ ၁၅၅ အရ တံခါးရှိ သို့မဟုတ် တံခါးမဲ့ ရထားလမ်းကို ဖြတ်မကူးမီ ယာဉ်ကိုခေတ္တရပ်ရမည်၊

( ဇ ) ယာဉ်များ အလွယ်တကူ ဖြတ်သန်းသွားလာရန် အခက်အခဲရှိသည့်လမ်းပေါ်တွင် စနစ်တကျ စုဖွဲ့မောင်းနှင်လာသော ယာဉ်တန်းနှင့် တွေ့ဆုံလျှင် လိုအပ်သလိုလမ်းပေး၍ ယာဉ်တန်းဖြတ်ကျော်သွားသည်အထိ မိမိယာဉ်ကို ရပ်ထားရမည်၊

(ဈ) နည်းဥပဒေ ၁၇၅ အရ ယာဉ်တိုက်ခိုက်မှုတွင် မိမိယာဉ်ပါဝင်လျှင် ယာဉ်ကို ချက်ချင်းရပ်ထားရမည်၊

(ည) တောင်ပေါ်လမ်းတွင် အဆင်းနှင့်အတက်ယာဉ်များ ဆုံ၍ ရှောင်တိမ်းရန် အခက်အခဲရှိပါက အတက်ယာဉ်ကို ဦးစားပေးပြီး အဆင်းယာဉ်က လက်ယာဘက်သို့ တတ်နိုင်သမျှကပ်၍ ရပ်ပေးရမည်၊

(၄) ယာဉ်ကြောင့် ပြည်သူတို့အား အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်လာလျှင် ယာဉ်ကိုရပ်ထားရမည်၊

(၅) ယာဉ်ကိုရပ်လိုလျှင် ရပ်မည်ဖြစ်ကြောင်း အချက်ပြ၍ ဖြည်းညင်းစွာရပ်ရမည်။

၁၅၃။ (က) ယာဉ်ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းပြုလျှင် လမ်းလက်ယာဘက်ဘေးသို့ကပ်၍ လက်ယာဘက်ဘီးများသည် လမ်းနံဘေးမှ ၃၁ စင်တီမီတာ (၁ ပေ) အတွင်း ရှိရမည်။ တစ်လမ်းမောင်းလမ်းမဖြစ်မူ လမ်းလက်ဝဲဘက်ဘေးသို့ကပ်၍ လက်ဝဲဘက်ဘီးများသည် လမ်းနံဘေးမှ ၃၁ စင်တီမီတာ (၁ ပေ) အတွင်းရှိရမည်၊

(ခ) နည်းဥပဒေ ၁၅၂ ၏ ပြဋ္ဌာန်းချက်အရ ယာဉ်ရပ်ရမည့်နေရာများတွင် ရပ်ရမည်၊

(ဂ) ယာဉ်ရပ်ဆိုင်းရန် သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင် ရပ်ဆိုင်းနိုင်သည့်အပြင် ဤနည်းဥပဒေအရ တားမြစ်ထားခြင်းမရှိသော အခြားနေရာများတွင်လည်း ရပ်ဆိုင်းနိုင်သည်၊

(ဃ) ယာဉ်ကိုရပ်နားလိုလျှင် သတ်မှတ်ခွင့်ပြုထားသည့်နေရာများတွင်သာ ရပ်နားရမည်။ ရပ်နားရန်နေရာအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်ရ လမ်းနံဘေးနှင့် ယှဉ်လျက်သော်လည်းကောင်း၊ လမ်းနံဘေးနှင့် တစောင်းအနေအထားသော်လည်းကောင်း ရပ်နားရမည်။ အခြားယာဉ်များ သွားလာမှုကို မပိတ်ဆို့စေရ၊

(င) ယာဉ်ကြောကိုဆန့်ကျင်၍ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊

(စ) ကုန်းအတက်အဆင်းတွင် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းပြုရပါက ဘီးများမလိမ့်စေရန် သင့်လျော်သလို ဆောင်ရွက်ရမည်၊

(ဆ) **မည်သည့်ယာဉ်မဆို အောက်ပါနေရာများတွင် မရပ်ရ–**

(၁) လမ်းဆုံ လမ်းခွအတွင်း၊

(၂) လမ်းထောင့်၊ လမ်းကွေ့အတွင်း၊

(၃) အဝိုင်းပတ်အတွင်း၊

(၄) ရထားလမ်းပေါ်၊

(၅) လမ်းနံဘေးနှင့် ကပ်လျက်ရှိသော ယာဉ်ကြောမှအပ ကျန်ယာဉ်ကြောများအတွင်း၊

(၆) ကျောင်း၊ ဆေးရုံအဝင်ဝ၊

(၇) တံတား၊ လမ်းကျဉ်းအဝင်ဝနှင့် အတွင်း၊

(၈) ဘတ်စ်ကားမှတ်တိုင်အနီး၊

(၉) တောင်ကုန်း၊

(၁၀) ရပ်ဆိုင်း သို့မဟုတ် ရပ်နားထားသော ယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ၊

(၁၁) မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းနံဘေး၊

(၁၂) တစ်လမ်းမောင်း လမ်းသွယ်တွင် လမ်းလက်ဝဲဘက်။

(ဇ) ယာဉ်မဆိုင်းရ၊ မနားရ၊ လမ်းညွှန်းဆိုင်းဘုတ်ရှိသည့်နေရာတွင် မည်သည့်ယာဉ်မျှ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမရပြုရ၊

(ဈ) မည်သည့်ယာဉ်မဆို ယာဉ်ထိန်းအချက်ပြမီးတိုင်၊ လမ်းညွှန်းဆိုင်းဘုတ်၊ ခြေကျင်လျှောက်သူများ ဖြတ်ကူးရန် ခွင့်ပြုထားသော နေရာအနီးနှင့် အနီအဖြူကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။ **အဝါအနက်ကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင်လည်း ရပ်နားခြင်း မပြုရ၊**

(ည) ဘတ်စ်ကားသည် သက်ဆိုင်သည့် မှတ်တိုင်နေရာတွင်သာ ရပ်ဆိုင်းရမည်။ ဘတ်စ်ကားမှတ်တိုင်များတွင် အခြားယာဉ်များမရပ်ရ၊

( ၄ ) မီးသတ်ယာဉ်မှအပ အခြားမည်သည့်ယာဉ်မျှ မီးသတ်ယာဉ်စခန်း၊ မီးသတ်ရေပိုက်ခေါင်း၊ မီးသတ်ရေလှောင်ကန်နှင့် ၇ မီတာ (၂၃ ပေ) အကွာအဝေးအတွင်း ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊

( ၅ ) မည်သည့်ယာဉ်မဆို လမ်းအသုံးပြုသော အခြားသူများအား လမ်းပိတ်ဆို့ခြင်း၊ မြင်ကွင်းကျဉ်းစေခြင်း၊ အန္တရာယ်ရှိနိုင်စေခြင်းတို့ကို ဖြစ်စေသည့် ယာဉ်ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊

( ၃ ) လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းပေါ်၌ မည်သည့်ယာဉ်မျှရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊

( ဃ ) ညအချိန်၌ လမ်းပေါ်တွင် ယာဉ်ရပ်လျှင်၊ ရပ်ဆိုင်းလျှင်၊ ရပ်နားလျှင် ဘေးမီးငယ်များကို ဖွင့်ထားရမည်။ ရပ်တန့်မီးတပ်ဆင်ထားပါက ရပ်နားယာဉ်သည် ထိုမီးကို ဖွင့်ထားရမည်။ လမ်းမီးများမရှိသော လမ်းမကြီးပေါ်တွင် ရပ်နားသော ယာဉ်မီးများ မလင်းပါက ယာဉ်ရပ်နားထားခြင်းကို ၃၀၀ မီတာ (၁၀၀၀ ပေ) အကွာအဝေးမှ မြင်နိုင်စေသည့် အနီရောင်မီးအိမ်ကို ယာဉ်၏ နောက်လက်ဝဲစွန်းတွင် ချိတ်ဆွဲထားရမည်။

၁၅၄။ နည်းဥပဒေ ၁၅၃ နှင့် နည်းဥပဒေ ၁၆၇ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပြည်သူတို့ဆိုင်ရာနေရာတွင် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းပြုထားသော ယာဉ်ကို နည်းဥပဒေ ၁၃၃ ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်အတွက် တာဝန်

ရှိသူအား အမြန်ဖယ်ရှားစေရမည်။ ယာဉ်အတွက် တာဝန်ရှိသူက အမြန်ဖယ်ရှားနိုင်ခြင်းမရှိပါက ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ၏ အစီအစဉ်ဖြင့် သင့်လျော်သောနေရာသို့ ဖယ်ရှားနိုင်သည်။ ထိုသို့ ဖယ်ရှားရခြင်းအတွက် ကုန်ကျစရိတ်ကိုယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်အတွက်တာဝန်ရှိသူက ကျခံရမည်။

၁၅၅။ (က) တံခါးရှိ ရထားလမ်းသို့ ချဉ်းကပ်လာစဉ် ရထားလာနေကြောင်းကို အချက်ပြကိရိယာဖြင့် အသံပေးနေလျှင်နှင့် အချက်ပေး မီးပြနေလျှင်သော်လည်းကောင်း၊ တံခါးကို စောင့်ကြပ်နေသူက အလံဖြင့် အချက်ပြနေလျှင်သော်လည်းကောင်း ရထားလမ်းသို့ မရောက်မီအနည်းဆုံး ၅ မီတာ (၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် လမ်း၏ လက်ယာဘက်သို့ကပ်၍ ယာဉ်ကို ရပ်ထားရမည်။ ရထားဖြတ်သွားပြီး၍ တံခါးပြန်ဖွင့်မှ သို့မဟုတ် စောင့်ကြပ်သူက ဖြတ်သန်းခွင့်ပြုမှ ရထားလမ်းကို ဖြတ်ကူးရမည်၊

(ခ) စောင့်ကြပ်သူမရှိသော တံခါးမဲ့ ရထားလမ်းသို့ ချဉ်းကပ်လာစဉ် ရထားလမ်းသို့ မရောက်မီ အနည်းဆုံး ၅ မီတာ (၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် လမ်း၏ လက်ယာဘက်သို့ကပ်၍ ယာဉ်ကိုရပ်ထားပြီး ရထားလာနေခြင်း ရှိမရှိကို ရထားလမ်း၏ တစ်ဖက်တစ်ချက်သို့ ကြည့်ရှုနားစွင့်ရမည်။ ရထားမလာလျှင်သော်လည်းကောင်း၊ ရထားဖြတ်သွားပြီးမှသော်လည်းကောင်း ဖြတ်ကူးရမည်၊

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ ရထားလမ်းကို ဖြတ်ကူးသောအခါ ယာဉ်စထွက်သည့် ဂီယာနိမ့်ဖြင့် ဖြတ်ကူးရမည်။ ရထားလမ်းကို ဖြတ်ကူးနေစဉ် ဂီယာမပြောင်းရ။ ရထားလမ်းပေါ်တွင် ယာဉ်လုံးဝမရပ်ရ။

၁၅၆။ (က) မျက်နှာချင်းဆိုင် မောင်းနှင်သွားလာနေသော ယာဉ်များသည် တစ်စီးနှင့်တစ်စီး ဖြတ်သန်းရာတွင် ဘေးတိုက်ကြားအကွာအဝေးသည် အနည်းဆုံး ၁.၅ မီတာ (၅ ပေ) ရှိရမည်။ ထိုအကွာအဝေး မရှိနိုင်သည့် လမ်းကျဉ်းတွင် ယာဉ်တစ်စီးနှင့်တစ်စီးမဆုံမီ အမြန်နှုန်းကိုလျှော့၍ ဖြတ်သန်းရမည်၊

(ခ) လမ်းပေါ်တွင် ယာဉ်တစ်စီးသာ ဖြတ်ကျော်သွားနိုင်သည့် တံတားကျဉ်းနေရာ၌ တံတားသို့ ဦးစွာရောက်ရှိသည့် ယာဉ်က ဦးစွာဖြတ်ကျော်ရမည်။ တစ်ဖက်တစ်ချက်မှ လာသော ယာဉ်နှစ်စီးသည် တံတားသို့ တစ်ချိန်တည်းရောက်ရှိမည် ဖြစ်လျှင် ဝန်လေးယာဉ်ကို ဦးစားပေးခြင်းဖြင့်လည်းကောင်း၊ ယာဉ်၏ ရှေ့မီးကြီးများကို ဦးစွာဖွင့်၍ သို့မဟုတ် ဟွန်းသံဖြင့် ဦးစွာအချက်ပေးသော ယာဉ်ကိုသော်လည်းကောင်း ဦးစွာဖြတ်ကျော်ခွင့် ပေးရမည်။

၁၅၇။ မည်သည့်ယာဉ်မျှ လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းပေါ်တွင် မမောင်းရ။

၁၅၈။ သက်ဆိုင်ရာ မီးသတ်အဖွဲ့ဝင်၏ ခွင့်ပြုချက်မရလျှင် လမ်းပေါ်တွင် ချထားသော အကာအကွယ်မရှိသည့် မီးသတ်ပိုက်လုံးကို မည်သည့်ယာဉ်မျှ ဖြတ်ကျော်မောင်းနှင်ခြင်း မပြုရ။

၁၅၉။ (က) နောက်တွဲကို ချိတ်တွဲမောင်းနှင်လိုလျှင် အဆိုပါနောက်တွဲသည် မှတ်ပုံတင်ထားသော နောက်တွဲဖြစ်ရမည်။ မော်တော်ယာဉ်၏ နောက်တွင် ခိုင်မြဲစွာ ချိတ်ဆွဲထားရမည်၊

(ခ) ယာဉ်တစ်စီးတွင် နောက်တွဲတစ်စီးသာ ဆွဲရမည်။ နောက်တွဲပါသော ယာဉ်အတွက် သတ်မှတ်ထားသည့် အမြန်နှုန်းအတိုင်းသာ မောင်းရမည်။

၁၆၀။ အန္တရာယ်မဖြစ်စေရန် ကာကွယ်သည့်ကိစ္စမှလွဲ၍ ဟွန်းကို အခြားကိစ္စများတွင် မသုံးရ။ အသုံးပြုပါကလည်း အများပြည်သူအား အနှောင့်အယှက်ဖြစ်လောက်အောင် မသုံးရ။

၁၆၁။ (က) မည်သည့်ယာဉ်မဆို နေဝင်ချိန်မှ နေထွက်ချိန်စပ်ကြားတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိစေရန်အတွက် ဤနည်းဥပဒေများ၏ အခန်း (၃) နည်းဥပဒေ ၂၆ အရ မီးဖွင့်၍ မောင်းနှင်ရမည်၊

(ခ) ယာဉ်ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍ မျက်နှာချင်းဆိုင်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားယာဉ်နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

၁၆၂။ ယာဉ်များ သွားလာနေသည့်ဘက်မှ တံခါးများကို ဖွင့်လိုလျှင် အန္တရာယ်ကင်းမှ ဖွင့်ရမည်။ လူတက်၊ ဆင်း ပြီးလျှင်ပြီးချင်းပြန်ပိတ်ရမည်။ လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းဘက်မှ တံခါးများကို ဖွင့်လိုလျှင်လည်း ခြေကျင်လျှောက်သူများအား အနှောင့်အယှက်မဖြစ်စေရန် ဂရုပြု၍ ဖွင့်ရမည်။ တံခါးများကို ဖွင့်၍မထားရ။

၁၆၃။ တောင်ပေါ်လမ်းတွင် မောင်းနှင်သောအခါ ယာဉ်မောင်းသူသည် အောက်ပါအတိုင်း လိုက်နာရမည်-

(က) အဆင်းနှင့်အတက် ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းယာဉ်သည် လမ်းလက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ရပ်ပေးပြီး အတက်ယာဉ်ကို ဦးစားပေးရမည်၊

(ခ) အကယ်၍ အဆင်းယာဉ်နှင့် အတက်ယာဉ်များ ဆုံမည့်နေရာမရောက်မီ အတက်ယာဉ်၏လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက်ယာဉ်မှ အဆင်းယာဉ်ကို ရှောင်တိမ်းပေးရမည်၊

(ဂ) အကယ်၍ အဆင်းနှင့် အတက်ယာဉ်များ ဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသောယာဉ်က နောက်ဆုတ်ပေးရမည်၊

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်းလျှော့မောင်းရမည်၊

(င) အဆင်းယာဉ်သည် ဂီယာကို ကြားအနေအထား၌သော်လည်းကောင်း၊ ကလာပ်(ချ်)ကို နင်းထား၍သော် လည်းကောင်း မောင်းနှင်ခြင်း မပြုရ၊

(စ) ဝန်လေးယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် နောက်ဘီးများကိုပါ ဂျမ်းတုံးများဖြင့် ခုထားရမည်။

၁၆၄။ ခရီးသည်များယာဉ်အတွက် တာဝန်ရှိသူတို့သည် အောက်ပါအချက်များကို လိုက်နာရမည်–

(က) ခရီးသည်တင်သည့် ယာဉ်တိုင်းတွင် ခရီးသည်များသည် ယာဉ်အတွင်း၌သာ စီးရမည်။ အမိုး၊ ယာဉ်ရှေ့အဖုံး၊ ရွံ့ကာ၊ ယာဉ်နောက်ပိတ်၊ ခြေနင်း စသည်တို့ပေါ်တွင် မစီးရ၊ သို့မဟုတ် မစီးစေရ။ ယာဉ်၏ဘေးနှင့် နောက်တွင်လည်း တွဲလောင်းခို မစီးရ၊ သို့မဟုတ် မစီးစေရ၊

( ခ ) ခရီးသည်တင်သည့် ယာဉ်ပေါ်သို့ တိုးဝှေ့တက်ခြင်း၊ ယာဉ်ပေါ်မှ တိုးဝှေ့ဆင်းခြင်းမပြုရ သို့မဟုတ် မပြုစေရ။ စထွက်နေသည့် ယာဉ်နောက်သို့ အပြေးလိုက်မတက်ရ သို့မဟုတ် မတက်စေရ။ ယာဉ်မရပ်မီ ယာဉ်ပေါ်မှမဆင်းရ၊ သို့မဟုတ် မဆင်းစေရ၊

( ဂ ) ယာဉ်စီးနေစဉ် ခရီးသည်များသည် ပြတင်းပေါက်တွင် လက်တင်ခြင်း၊ လက်ထုတ်ခြင်း၊ ခေါင်းပြူထွက်ခြင်း၊ တံတွေးထွေးခြင်း၊ အမှိုက်သရိုက်စွန့်ခြင်း မပြုရ၊ သို့မဟုတ် မပြုစေရ၊

(ဃ) ခွင့်မပြုသည့်နေရာများတွင် ယာဉ်ပေါ်သို့တက်ခြင်း၊ ယာဉ်ပေါ်မှဆင်းခြင်း မပြုရ၊ သို့မဟုတ် မပြုစေရ။

၁၆၅။ **ကုန်ပစ္စည်းများတင်ဆောင်ခြင်းနှင့်** ပတ်သက်၍ အောက်ပါအချက်အလက်များကို လိုက်နာရမည်-

(က) ကုန်တင်သည့်ယာဉ်တိုင်းတွင် တင်ဆောင်သော ကုန်ပစ္စည်းများကို လမ်းနှင့် လမ်းအသုံးပြုသူများ အန္တရာယ်မဖြစ်စေရန်၊ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသော အခြားသူများ အနှောင့်အယှက်မဖြစ်စေရန် စနစ်တကျနှင့် ခိုင်မြဲစွာတင်ဆောင်ရမည်။ တင်ဆောင်ရာတွင် အသုံးပြုသော အခုအခံများ၊ ကြိုးများ၊ အကာများ၊ ထုပ်ပိုးပစ္စည်း စသည်များသည် ကောင်းမွန်ခိုင်ခံ့ရမည်၊

( ခ ) အမိုးပေါ်တွင် ပစ္စည်းတင်ရန်အကာအရံရှိသော ယာဉ်၌ ကုန်ပစ္စည်းများ အမိုးပေါ်တွင် တင်ဆောင်ပါက မြေညီလမ်းမှ ကုန်ပစ္စည်းထိပ်အထိ အမြင့်သည် **ဝန်လေးယာဉ်အတွက် ၃.၆၆ မီတာ (၁၂ ပေ)** ထက်သော်လည်းကောင်း၊ **ဝန်ပေါ့ယာဉ်အတွက် ၃.၀၅ မီတာ (၁၀ ပေ)** ထက်သော်လည်းကောင်း မပိုစေရ၊

(ဂ) ယာဉ်တွင်တင်ဆောင်သော ကုန်ပစ္စည်းများသည် ယာဉ်၏ ရှေ့နှင့် နောက်ဘက်သို့ အစွန်းထွက်မှုကို အောက်ပါအတိုင်း သတ်မှတ်သည်-

(၁) ယာဉ်၏ရှေ့မီးကြီးမှ ၁ မီတာ (၃ ပေ ၃ လက်မ) ထက် ပို၍မထွက်စေရ၊

(၂) သတိပေးပစ္စည်းမပါဘဲ ယာဉ်၏နောက်မြီးမှ ၁ မီတာ (၃ ပေ ၃လက်မ) ထက်ပို၍ မထွက်စေရ၊

(၃) ယာဉ်နောက်မြီးမှ ၁ မီတာ (၃ ပေ ၃ လက်မ) ထက်ပို၍ ထွက်သောပစ္စည်းများ၏ အဖျားတွင် သတိပေးပစ္စည်းတပ်ဆင်ရမည်။ ၎င်းသတိပေးပစ္စည်းသည် နေ့အချိန်၌ အချင်း ၃၁ စင်တီမီတာ (၁၂- လက်မ) ထက်မနည်း အဖြူနှင့် အနီရောင် ထက်ဝက်စီ သုတ်ထားသည့် သံပြားဝိုင်းတစ်ခုကို ထင်ရှား မြင်သာအောင် ဒေါင်လိုက်တပ်ဆင်ထားရမည် သို့မဟုတ် အလျားအနံ ၃၁ စင်တီမီတာ (၁၂ လက်မ) စီ ထက်မနည်းရှိသော စတုရန်းပုံ အနီရောင်အလံတစ်ခု ကို တပ်ဆင်ထားရမည်။ ညအချိန်၌မူ ၁၅၀ မီတာ (၅၀၀ ပေ) ခန့် အကွာအဝေးမှ မြင်နိုင်သော အနီ ရောင်မီးတစ်လုံးကို တပ်ဆင်ထားရမည်။ ယာဉ်၏ နောက်မြီးမှ ပစ္စည်း၏အစွန်းထွက်မှုသည် ၂ မီတာ (၆ ပေ ၆ လက်မ) ထက် မပိုစေရ။ ယာဉ်မှတ်ပုံ တင်အမှတ်၊ အရောင်ပြန်ပြားအနီ၊ နောက်ဘေး မီးငယ်နှင့် ဘရိတ်မီးများကို အစွန်းထွက်သော ပစ္စည်း များသည် ဖုံးကွယ်ခြင်းမရှိစေရ၊

(၄) ယာဉ်၏အမိုးပေါ်တွင် တင်ဆောင်သော ပစ္စည်းများသည် အမိုး၏ ရှေ့နှင့်နောက်သို့ အစွန်းထွက်ပါက **၁ မီတာ (၃ ပေ ၃ လက်မ) စီထက်** ပို၍မထွက်စေရ။

(ဃ) ယာဉ်၏ပြင်ပဘေးနှစ်ဘက်တွင် မည်သည့်ကုန်ပစ္စည်းကိုမျှ တင်ဆောင်ချိတ်ဆွဲခြင်းကို လုံးဝမရှိရသည့်အပြင် ယာဉ်အတွင်းမှ သို့မဟုတ် အမိုးပေါ်မှ ကုန်ပစ္စည်းသည်ယာဉ်၏ ပြင်ပဘေးနှစ်ဘကသို့ လုံးဝအစွန်းမထွက်စေရ၊

(င) အငှားကုန်တင်ယာဉ်တွင် ခရီးသည်ကိုပါ တင်ဆောင်ရန် လုပ်ငန်းလိုင်စင်တွင် ခွင့်ပြုထားပါက ခရီးသည်များ သက်တောင့်သက်သာ စီးနိုင်ရန် အစီအစဉ်ရှိရမည်။ ခရီးသည်များကို တင်ဆောင်သောအခါ အန္တရာယ်ဖြစ်စေနိုင်သည့် ကုန်ပစ္စည်းများ၊ သို့မဟုတ် တိရစ္ဆာန်များကိုပါ တင်ဆောင်ခွင့်မရှိစေရ၊

(စ) သာမန်အားဖြင့် ကုန်တင်ယာဉ်သည် နောက်ပိတ်ကိုပိတ်၍ မောင်းနှင်ရမည်။ သို့ရာတွင် တင်ဆောင်သောကုန်ပစ္စည်းသည် ယာဉ်ကိုယ်ထည်အလျားထက် ပိုမိုရှည်လျားပါက နောက်ပိတ်ကိုဖွင့်၍ တင်ဆောင်နိုင်သည်။ နောက်ပိတ်သည် ယာဉ်မှတ်ပုံတင်အမှတ်၊ အရောင်ပြန်ပြား အနီ၊ နောက်ဘေးမီးငယ်နှင့် ဘရိတ်မီးများကို ဖုံးကွယ်ခြင်း မရှိစေရ၊

(ဆ) အန္တရာယ်ဖြစ်စေတတ်သော ကုန်ပစ္စည်းများကို တင်ဆောင်မောင်းနှင်လျှင် ထိုကုန်ပစ္စည်းများအတွက် လုံလောက်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်၍ အထူးသတိပြု မောင်းနှင်ရမည်၊

(ဈ) ကုန်ပစ္စည်းများ အတင်အချကို သတ်မှတ်ထားသည့် သို့မဟုတ် ခွင့်ပြုထားသည့်နေရာတွင် ပြုလုပ်ရမည်။ လမ်းပိတ်ဆို့မှု မဖြစ်စေရသည့်အပြင် လမ်းအသုံးပြုသော အခြားသူများကို လည်း အနှောင့်အယှက်မဖြစ်စေရ၊

(ည) နိုင်ငံတော်အစိုးရမှ တားမြစ်ထားသော ကုန်ပစ္စည်းများကို တရားဝင်ခွင့်ပြုချက်မရဘဲ မတင်ဆောင်ရ။

၁၆၆။ **ယာဉ်ကို ကြိုး သို့မဟုတ် ဆွဲတံဖြင့်ဆွဲ** သွားလျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) ဆွဲသည့်ယာဉ်နောက်မြီးနှင့် အဆွဲခံယာဉ်ရှေ့အဖျားကြား အကွာအဝေးသည် ၃.၆၆ မီတာ (**၁၂ ပေ**) ထက် မပိုစေရ၊

(ခ) ဆွဲသည့်ယာဉ်နှင့် အဆွဲခံယာဉ်တို့အကြား ကြိုး သို့မဟုတ် ဆွဲတံရှိကြောင်းကို သိစေရန် ကြိုး သို့မဟုတ် ဆွဲတံ၏ အလယ်တွင် အချင်း ၃၀ စင်တီမီတာ (**၁၂ လက်မ**) ထက် မနည်းရှိသော အဖြူနှင့် အနီရောင်ထက်ဝက်စီ ဆေးသုတ် ထားသည့် **သံပြားဝိုင်း** သို့မဟုတ် အလျား အနံ ၃၀ စင်တီ မီတာ (၁၂ လက်မ) ထက်မနည်းရှိသော စတုရန်းပုံ **အနီ ရောင်အလံ** ကို တပ်ဆင်ထားရမည်၊

(ဂ) အဆွဲခံယာဉ်ကို ကြိုးဖြင့်ဆွဲပါက ၎င်းယာဉ်ကို ယာဉ်မောင်း လိုင်စင်ရရှိထားသော ယာဉ်မောင်းသူကသာ လိုက်ပါ ထိန်းသိမ်းရမည်၊

(ဃ) ဆွဲမည့်ယာဉ်သည် အမြန်နှုန်းကိုလျှော့၍ မောင်းနှင်ရမည်၊

(င) ယာဉ်ဆွဲသည့်အခါ၌ ယာဉ်တစ်စီးကိုသာ ဆွဲရမည်။

၁၆၇။ လမ်းပေါ်တွင် ယာဉ်ပျက်စီးချွတ်ယွင်းပါက ယာဉ်မောင်းသူ သို့မဟုတ် ယာဉ်အတွက် တာဝန်ရှိသူသည် ယာဉ်ကို အခြားယာဉ်များ အသွားအလာ ကင်းလွတ်သည့် လမ်းဘေးသို့ အမြန်ဆုံးရွှေ့ရမည်။ ထို့နောက် လမ်းဘေးမှ အမြန်ဆုံးဖယ်ရှားရမည်။

၁၆၈။ (က) မည်သည့်မော်တော်ယာဉ်မဆို လောင်စာဆီထည့်နေစဉ်တွင် မီးပိတ်၍ စက်သတ်ထားရမည်၊

(ခ) လောင်စာဆီထည့်နေစဉ် မည်သူမျှဆေးလိပ်မသောက်ရ။

၁၆၉။ တံတားပေါ်သို့ ဖြတ်ကျော်ခွင့်ပြုသည့် အလေးချိန်ကို သတ်မှတ်ထားလျှင် ယာဉ်မောင်းသူတိုင်း ထိုသတ်မှတ်ချက်ကို လိုက်နာရမည်။

၁၇၀။ (က) ယာဉ်မောင်းသူတိုင်းသည် ခြေကျင်လျှောက်သူ မည်သူ့ကိုမဆို မည်သည့်နေရာတွင်မှ မိမိယာဉ်ဖြင့် ထိခိုက်ခြင်းမဖြစ်စေရန် အမြဲဂရုပြုရမည်။ အထူးသဖြင့် လမ်းပေါ်၌ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများနှင့် နမော်နမဲ့ လမ်းလျှောက်နေသူများအား သတိထား၍ ဂရုပြုမောင်းနှင်ရမည်။ လိုအပ်လျှင် ဟွန်းတီး၍ သတိပေးရမည်၊

(ခ) ခြေကျင်လျှောက်သူများ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့်နေရာတွင် ဖြတ်ကူးနေသည်ကိုတွေ့လျှင် နည်းဥပဒေ ၁၅၂၊ နည်းဥပဒေခွဲ (ဃ) အရ ဂရုပြု မောင်းနှင်ရမည်။ ထိုနေရာ၌ မိမိရှေ့တွင် ယာဉ်ရှိနေလျှင် နည်းဥပဒေ ၁၄၇ အရ၊ ၎င်းယာဉ်ကို လုံးဝကျော်မတက်ရ၊

(ဂ) မြို့ပြင်လမ်းများတွင် အမြန်နှုန်းပို၍ မောင်းနှင်ခွင့်ပြုထားသဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန် နေရာသတ်မှတ်ခြင်း မရှိ၍လည်းကောင်း ရုတ်တရက်လမ်းဖြတ်ကူးမည့် ခြေကျင်လျှောက်သူများနှင့် တိရစ္ဆာန်များကို ဂရုပြုမောင်းနှင်ရမည်။

၁၇၁။ ယာဉ်များကို စနစ်တကျစုဖွဲ့၍ ယာဉ်တန်းဖြင့် မောင်းနှင်သွားလာလျှင် အောက်ပါအတိုင်းလိုက်နာရမည်–

(က) ယာဉ်တန်းတစ်တန်းလျှင် ယာဉ်အရေအတွက် စုစုပေါင်း ဆယ်စီးထက် မပိုစေရ။ ယာဉ်ဆယ်စီးထက် ပိုပါက နောက်ထပ်ယာဉ်တန်းများဖွဲ့၍ အချိန်ခြားပြီးသွားရမည်၊

(ခ) ယာဉ်တန်းတိုင်းတွင်ပါဝင်သော ရှေ့ဆုံးယာဉ်၌ **အနီရောင်** အလံကိုလည်းကောင်း၊ နောက်ဆုံးယာဉ်၌ **အပြာရောင်** အလံကိုလည်းကောင်း ယာဉ်မောင်းခန်း လက်ဝဲဘက်ပြင်ပတွင် မြင်သာအောင် ထောင်ထားရမည်။ အလံများသည် အလျားအနံ ၅၁ စင်တီမီတာ (၁ ပေ ၈ လက်မ) စီထက်မနည်းရှိသော စတုရန်းပုံစံဖြစ်ရမည်၊

(ဂ) ယာဉ်တန်းတို့တွင် ကြီးကြပ်ကွပ်ကဲသူ တစ်ဦးစီရှိရမည်။ ၎င်းသည် ယာဉ်တန်းကို စနစ်တကျနှင့် စည်းကမ်းရှိစွာ သွားလာရေးအတွက် တာဝန်ယူရမည်၊

(ဃ) ယာဉ်တန်းတွင်ပါဝင်သော ယာဉ်မောင်းသူတိုင်းသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာရမည်၊

(င) လူမှုရေးကိစ္စအတွက် ယာဉ်တန်းဖြင့် သွားလာခြင်းသည် ဤနည်းဥပဒေနှင့် မသက်ဆိုင်စေရ။

၁၇၂။ မည်သူမဆို ယာဉ်ကို အရမ်းကာရော သို့မဟုတ် အန္တရာယ်ဖြစ်လောက်အောင် သို့မဟုတ် မထိန်းသိမ်းနိုင်လောက်အောင် မမောင်းရ။ ယာဉ်တစ်စီးနှင့်တစ်စီး ပြိုင်မမောင်းရ။

၁၇၃။ **မော်တော်ဆိုင်ကယ်စီးသူ**သည် အောက်ပါအချက်များကို လိုက်နာရမည်–

(က) မော်တော်ဆိုင်ကယ်၏ လက်ကိုင်ကို လက်နှစ်ဘက်ဖြင့်ကိုင်၍ စီးရမည်။ လက်ဖြင့်အချက်ပြသည့်အခါမှသာ လက်တစ်ဖက်ဖြင့်ကိုင်၍ စီးနိုင်သည်။

(ခ) မော်တော်ဆိုင်ကယ် စီးသူ၏နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် ယာဉ်ကိုခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို ယာဉ်၏တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင် တင်၍စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်မစီးနိုင်သူကို မတင်ရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူကိုမျှ မတင်ရ၊

(ဂ) မော်တော်ဆိုင်ကယ်၏ နောက်တွင် ပစ္စည်းများတင်ပါက ၎င်းပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ၁၅ စင်တီမီတာ (၆ လက်မ) ထက် ပို၍လည်းကောင်း၊ ယာဉ်၏ နောက်ဘီးတာယာအစွန်းမှ ၃၁ စင်တီမီတာ (၁၂ လက်မ) ထက်ပို၍လည်းကောင်း အစွန်းထွက်ခြင်းမရှိစေရ။ ၎င်းပစ္စည်း၏ အမြင့်သည် ယာဉ်စီးသူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်စီးသူက ယာဉ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကိုမတင်ရ၊

(ဃ) လမ်းပေါ်တွင် ဖြောင့်တန်းစွာစီးရမည်။ အခြား မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်တို့နှင့် ပြိုင်မစီးရ။ အခြားယာဉ်မောင်းသူများ အနှောင့်အယှက် ဖြစ်စေလောက်အောင် မစီးရ၊

(င) မော်တော်ဆိုင်ကယ် စီးသူတိုင်းသည် မော်တော်ဆိုင်ကယ် ဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ ဆောင်းထားရမည်၊

(စ) မော်တော်ဆိုင်ကယ်စီးသူ၏ အဝတ်အစားများသည် အန္တရာယ် ဖြစ်စေနိုင်လောက်အောင် ပွဲလွင့်နေခြင်းမရှိစေရ၊

(ဆ) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မစီးရ။

၁၇၄။ (က) အနေးယာဉ်များသည် မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများအတိုင်း လိုက်နာရမည်၊

(ခ) ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းအဆင့်ရှိ အဖွဲ့ သို့မဟုတ် မြို့နယ်အဆင့်ရှိ အဖွဲ့က အနေးယာဉ်များသွားလာရေးအတွက် ကန့်သတ်ထားသော လမ်းများနှင့် နယ်နိမိတ်များရှိလျှင် အနေးယာဉ်များသည် ထိုကန့်သတ်ချက်အတိုင်း လိုက်နာရမည်၊

(ဂ) အနေးယာဉ်တိုင်းသည် လမ်း၏လက်ယာဘက်ဘေးမှ ကပ်၍သွားရမည်။ ရင်ပေါင်တန်းမသွားရ၊

(ဃ) အနေးယာဉ်သည် စထွက်လိုလျှင်လည်းကောင်း၊ အချင်းချင်းကျော်တက်လိုလျှင်လည်းကောင်း၊ ကွေ့လိုလျှင်လည်းကောင်း၊ လမ်းဖြတ်လိုလျှင်လည်းကောင်း၊ ရပ်လိုလျှင်လည်းကောင်း၊ အန္တရာယ်ကင်းမကင်းကြည့်ပြီး အချိန်လုံလောက်စွာဖြင့် ကြိုတင်အချက်ပြရမည်၊

(င) ကုန်းဆင်းများတွင် မည်သည့်အနေးယာဉ်မျှ မထိန်းသိမ်းနိုင်လောက်အောင် အရှိန်ပြင်းစွာဖြင့် မဆင်းရ၊

(စ) အနေးယာဉ်တွင် အန္တရာယ်ဖြစ်စေနိုင်လောက်အောင် ခရီးသည် သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ခရီးသည်နှင့် ကုန်ပစ္စည်းများကို ပိုမိုတင်ဆောင်ခြင်းမပြုရ၊

(ဆ) ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းများကို အတင်အချပြုလိုလျှင် လမ်းဘေးသို့ကပ်၍ ရပ်ပြီးမှ ပြုလုပ်ရမည်၊

(ဇ) ညအချိန်တွင် သွားလာသည့်အခါ မြင်းလှည်းနှင့် ဆိုက်ကားတို့ရှေ့၌ မီးများနှင့် နောက်၌ အရောင်ပြန်ပြား အနီပါရှိရမည်။ အခြားအနေးယာဉ်များတွင်မူ မီးအိမ်တစ်လုံးပါရှိရမည်၊

(ဈ) လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းပေါ်တွင် အနေးယာဉ်များ မသွားလာရ၊

(ည) သံခွေတပ်ဘီးပါသော လှည်းများကို မော်တော်ယာဉ်လမ်းပေါ်တွင် သွားလာခွင့်မရှိစေရ။

၁၇၅။ (က) ယာဉ်တိုက်ခိုက်မှုဖြစ်လျှင်ဖြစ်ချင်း ယာဉ်ကိုချက်ချင်းရပ်ထားရမည်။ တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် အနီးအနားရှိ အခြားသူတို့သည် အနီးဆုံးယာဉ်ထိန်းရဲ သို့မဟုတ် ပြည်သူ့ရဲစခန်းသို့ အမြန်ဆုံးအကြောင်းကြားရမည်။ ထို့ပြင် အခြားယာဉ်အသွားအလာများကို ပိတ်ဆို့နေလျှင် ယာဉ်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရာတွင် အထောက်အကူဖြစ်စေမည့် သက်သေခံအမှတ်အသားများ မပျောက်ပျက်စေဘဲ ထိုယာဉ်များကို လွတ်ကင်းစွာရွှေ့ထားရမည်။ ယာဉ်တိုက်ခိုက်မှုတွင် ဒဏ်ရာရသူများရှိပါက ယင်းတို့အား ဆေးရုံသို့အမြန်ဆုံး ပို့ဆောင်နိုင်ရန် လိုအပ်သောအကူအညီများပေးရမည်၊

(ခ) တိုက်ခိုက်သည့် ယာဉ်မောင်းသူသည် သေဆုံးခြင်း၊ အပြင်းအထန်ဒဏ်ရာရရှိခြင်း မရှိပါက ၎င်း၏အမည်၊ နေရပ်လိပ်စာ၊ ယာဉ်မောင်းလိုင်စင်အမှတ်၊ ယာဉ်မှတ်ပုံတင်အမှတ်တို့ကို ယာဉ်တိုက်ခံရသူအားပေးရမည်။ ယာဉ်တိုက်ခံရသူကလည်း မိမိအမည်နှင့် နေရပ်လိပ်စာကို ပြန်ပေးရမည်၊

(ဂ) ယာဉ်တိုက်ခိုက်မှုဖြစ်သည့်နေရာသို့ ယာဉ်ထိန်းရဲ သို့မဟုတ် ပြည်သူ့ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးဦး ရောက်ရှိလာလျှင် တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် လမ်းအသုံးပြုသော အခြားသူတို့သည် ၎င်း၏ ညွှန်ကြားချက်အတိုင်း လိုက်နာရမည်၊

(ဃ) ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားလျှင် နည်းဥပဒေခွဲ (က) ၏ လိုအပ်ချက်အရ ယာဉ်မောင်းသူက မိမိယာဉ်ကို ချက်ချင်း မရပ်ပေးဘဲ လိုအပ်သော အကူအညီမပေးလျှင်သော် လည်းကောင်း၊ ယာဉ်အတွက် တာဝန်ရှိသူက အနီးဆုံး ယာဉ်ထိန်းရဲ သို့မဟုတ် ပြည်သူ့ရဲစခန်းသို့ အမြန်ဆုံး အကြောင်းကြားခြင်း မရှိလျှင်သော်လည်းကောင်း ထိုသို့ ပျက်ကွက်သူများအား ရာဇသတ်ကြီးပုဒ်မဖြင့် အရေးယူ နိုင်သည်၊

(င) ပြည်နယ်နှင့်တိုင်းအလိုက် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှု များနှင့် စပ်လျဉ်း၍ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားပုံ၊ သေဆုံးသူ နှင့် ဒဏ်ရာရသူများ အရေအတွက်၊ ပစ္စည်းများ ပျက်စီး ဆုံးရှုံးမှုတန်ဖိုး၊ အပြစ်ရှိသူများအား အရေးယူမှု စသည့် စာရင်းအင်းများကို အပြည့်အစုံကောက်ခံခြင်း၊ စုစည်းခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုမှတ်ပုံတင်အဖွဲ့သည် ပြည်သူ့ ရဲတပ်ဖွဲ့၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

# အခန်း (၈)

## ခြေကျင်လျှောက်သူများ လိုက်နာရန်စည်းကမ်း

၁၇၆။ လမ်းနယ်ပေါ်၌ လမ်းလျှောက်သွားလာနေသူများ၊ ကလေးတွန်းလှည်း ဖြင့် သွားလာနေသူများ၊ မသန်မစွမ်းသုံး ဘီးတပ်ကုလားထိုင်ဖြင့် သွားလာ နေသူများ၊ မှတ်ပုံတင်ရန်မလိုသည့်တွန်းလှည်းဖြင့် သွားလာနေသူများ၊ ခေါင်း ရွက်ဗျပ်ထိုးဈေးသည်များ၊ အထမ်းသမားများ စသည့်ခြေကျင်လျှောက်သူ သည် ၎င်းနှင့်သက်ဆိုင်သည့် လမ်းညွှန်းများကို လိုက်နာရမည်။ သို့ရာတွင်

ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက သွားလာမှုကို ကြီးကြပ်ထိန်းသိမ်းနေသည့်အခါ ကြီးကြပ်ထိန်းသိမ်းသည့်အတိုင်း လိုက်နာရမည်။

၁၇၇။ (က) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းရှိလျှင် ထိုနေရာများပေါ်မှ သွားရမည်၊

(ခ) ခြေကျင်လျှောက်သူသည် သာမန်အားဖြင့် ယာဉ်သွားလမ်းပေါ်သို့ မဆင်းရ၊ ဆင်းလိုပါက ယာဉ်သွားလာမှုရှင်းမရှင်းကိုကြည့်ပြီး မရှင်းပါက မဆင်းရ၊

(ဂ) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းမရှိလျှင် တတ်နိုင်သမျှ လမ်း၏လက်ဝဲဘက်မှ ယာဉ်ကြောကိုမျက်နှာမူ၍ လမ်းနံဘေးကပ်လျှောက်ရမည်၊

(ဃ) ခြေကျင်လျှောက်သူများသည် လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်း မလျှောက်ရ။

၁၇၈။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ လမ်းကျော်တံတား၊ မျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့် နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်။ လမ်းပေါ်တွင် ကျွန်းရှိလျှင် ၎င်းကျွန်းပေါ်တွင် တစ်ထောက်နားပြီး ယာဉ်သွားလာမှုရှင်းမှ ဆက်လက်ဖြတ်ကူးရမည်။

၁၇၉။ (က) လမ်းဖြတ်ကူးရန် သတ်မှတ်ထားသော မျဉ်းကျား သို့မဟုတ် ခွင့်ပြုသည့်နေရာမရှိလျှင် ခြေကျင်လျှောက်သူသည် လမ်းဖြတ်မကူးမီ လက်ဝဲဘက်၊ လက်ယာဘက်နှင့် လက်ဝဲဘက် ပြန်ကြည့်ပြီး ယာဉ်သွားလာမှုရှင်းမှ အမြန်ဆုံးတည့်တည့် ဖြတ်ကူးရမည်။ ဖြတ်ကူးနေစဉ်တွင်လည်း ယာဉ်အသွားအလာကို ကြည့်ရမည်၊

(ခ) လမ်းညွှန်းမရှိသော လမ်းဆုံလမ်းခွများတွင် ဖြတ်ကူးလို လျှင် ခြေကျင်လျှောက်သူသည် ခေတ္တရပ်ပြီး ယာဉ်သွား လာမှု ရှင်းမရှင်းကိုကြည့်ရှု၍ ရှင်းမှ တစ်လုမ်းချင်း အမြန်ဆုံး ကူးရမည်။ ထောင့်ဖြတ် မကူးရ။ ကွေ့ဝင်သောယာဉ်များကို အထူးသတိထား၍ ဖြတ်ကူးရမည်၊

(ဂ) ယာဉ်ထိန်းအချက်ပြမီးရှိသော လမ်းဆုံလမ်းခွတွင် ဖြတ်ကူး လျှင် ခြေကျင်လျှောက်သူသည် ယာဉ်အတွက် မီးစိမ်းပြ နေ၍ ယာဉ်များသွားလာခွင့်ပြုသည့် လမ်းကို ဖြတ်မကူးရ။ ယာဉ်များရပ်ရန် မီးနီပြနေသည့်လမ်းကို ဖြတ်ကူးနိုင်သည်။ သို့သော် ကွေ့ဝင်လာသည့် ယာဉ်များကို သတိထား၍ ဖြတ်ကူးရမည်။ ခြေကျင်လျှောက်သူများအတွက် သီးခြား အချက်ပြမီးကိုပါ ထားရှိလျှင် ထိုအချက်ပြမီးက ခွင့်ပြု ညွှန်ပြမှသာ ဖြတ်ကူးရမည်။

၁၈၀။ (က) ခြေကျင်လျှောက်သူသည် မျဉ်းကျား သို့မဟုတ် ခွင့်ပြုထား သည့်နေရာမှ လမ်းဖြတ်ကူးသည့်အခါတိုင်း အန္တရာယ်မရှိ ဟု မယူဆရ။ ဘရိတ်ချွတ်ယွင်းသောယာဉ်၊ ကျော်တက် လာသောယာဉ် စသည်တို့၏ အန္တရာယ်များကို သတိပြု၍ ဖြတ်ကူးရမည်၊

(ခ) ခြေကျင်လျှောက်သူသည် မျဉ်းကျား သို့မဟုတ် ခွင့်ပြုထား သည့်နေရာမှ ဖြတ်ကူးသည့်အခါတိုင်း မျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာ၏ လက်ယာဘက်ခြမ်းမှ ဖြတ်ကူး ရမည်၊

(ဂ) ခြေကျင်လျှောက်သူသည် မျဉ်းကျား သို့မဟုတ် ခွင့်ပြုထား သည့်နေရာမှ ဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေ ရန် စကြံတွင် ရပ်မနေရ၊

(ဃ) မျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာတွင် ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးက သွားလာမှုကို ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ကြားမှုအတိုင်း ခြေကျင်လျှောက်သူက လိုက်နာရမည်။

၁၈၁။ မည်သူမဆိုလမ်းပေါ်တွင် ယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အောက်ပါအပြုအမူများကို မပြုလုပ်ရ-

(က) ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာမရှိဘဲ လမ်းပေါ်တွင် လမ်းလျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ကစားခြင်း စသည်များ၊

(ခ) ယာဉ်စီးရန်၊ ပစ္စည်းပေးရန်၊ အလှူခံရန် စသည့်ကိစ္စရပ်များအတွက် လမ်းပေါ်သို့ထွက်၍ ယာဉ်ကိုတားခြင်း၊

(ဂ) လမ်းနံဘေးတွင် ရပ်နားနေသောယာဉ် သို့မဟုတ် ရပ်နားရန်ဝင်နေသောယာဉ်ကို လမ်းပေါ်သို့ထွက်၍ စောင့်ရှောက်ကြပ်မတ်ခြင်း၊

(ဃ) ရပ်ထားသောယာဉ်များအကြား သို့မဟုတ် မြင်ကွင်းကွယ်နေသောနေရာမှ လမ်းပေါ်သို့ ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း။

၁၈၂။ ခြေကျင်လျှောက်သူများသည် တရားဝင်ခွင့်ပြုချက်အရ အစုအဝေးဖြင့် လမ်းပေါ်၌လျှောက်လိုလျှင် လမ်း၏လက်ဝဲဘက်မှ ယာဉ်ကြောကို မျက်နှာမူပြီး လမ်းနံဘေးသို့ကပ်၍ လျှောက်ရမည်။ ထို့ပြင် အစုအဝေး၏ရှေ့နှင့်နောက် သင့်တင့်သော အကွာအဝေးတွင် စောင့်ကြပ်သူများ ထားရမည်။ အလင်းရောင်နည်းသောအချိန်တွင် စောင့်ကြပ်သူများသည် မီးအိမ်များ ကိုင်ဆောင်ထားရမည်။

၁၈၃။ ကျောင်းရှေ့တွင် ကျောင်းသူကျောင်းသားများ လမ်းဖြတ်ကူးခြင်းကို ယာဉ်ထိန်းရဲ သို့မဟုတ် ကျောင်းမှ တာဝန်ချထားသူများဖြင့် ကြပ်မတ်ထိန်းသိမ်းရမည်။

၁၈၄။ အုပ်ထိန်းသူမပါသော အသက် ၆ နှစ်နှင့် အောက်ရှိကလေးများအား လမ်းနယ်ပေါ်၌ သွားလာခြင်းမရှိစေရ။

၁၈၅။ ခြေကျင်လျှောက်သူသည် ဘတ်စ်ကားစီးလိုလျှင် သတ်မှတ်နေရာမှ စောင့်ဆိုင်း၍ စီးရမည်။ ဆင်းလိုလျှင်လည်း သတ်မှတ်နေရာတွင် ဆင်းရမည်။ ဘတ်စ်ကားရပ်မှသာ သတိထား၍ အတက်အဆင်းပြုရမည်။

၁၈၆။ လူသွားစင်္ကြံနှင့် လမ်းပေါ်တွင် အရံအတားများ တပ်ဆင်ထားရှိလျှင် ခြေကျင်လျှောက်သူသည် ထိုအရံအတားများ၏ အောက်မှသော်လည်းကောင်း၊ အပေါ်မှသော်လည်းကောင်း ဖြတ်သန်းခြင်းမပြုရ။

၁၈၇။ ခြေကျင်လျှောက်သူများ လမ်းဖြတ်ကူးခြင်းကို ယာဉ်ထိန်းရဲက ကြီးကြပ်ထိန်းသိမ်းပေးနေလျှင် ၎င်းကညွှန်ပြသည့်အတိုင်း လမ်းဖြတ်ကူးရမည်။

၁၈၈။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးနေစဉ် သို့မဟုတ် လမ်းပေါ်တွင်လမ်းလျှောက်နေစဉ် သူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ပြည်သူ့ရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်များ အချက်ပေးသံဖြင့် လာနေသည်ကို ကြားသိလျှင် ထိုယာဉ်များကို ဦးစားပေးလျက် လမ်းပေါ်မှ အမြန်ဖယ်ပေးရမည်။

၁၈၉။ ခြေကျင်လျှောက်သူသည် စထွက်တော့မည့်ယာဉ်၏ နောက်တွင် မရပ်ရ။

၁၉၀။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ဖြတ်သန်းမသွားရန် သို့မဟုတ် လမ်းမလျှောက်ရန် တားမြစ်ကြောင်း ဆိုင်းဘုတ်ဖြင့် ဖော်ပြသည့်နေရာတွင် ခြေကျင်လျှောက်သူသည် ဖော်ပြချက်အတိုင်းလိုက်နာရမည်။

၁၉၁။ ဤအခန်းအရ ခြေကျင်လျှောက်သူများ ကျူးလွန်သည့်ပြစ်မှုအတွက် ဥပဒေ၏ ပုဒ်မ ၂၀ ပါပြဋ္ဌာန်းချက်အရ ပြစ်ဒဏ်စီရင်ခြင်းခံရမည်။

# အခန်း (၉)

## စက်ဘီးစီးသူများ လိုက်နာရန်စည်းကမ်း

၁၉၂။ မော်တော်ယာဉ်လမ်းပေါ်တွင် စက်ဘီးစီးလျှင် မော်တော်ယာဉ်များနည်းတူ လမ်းစည်းကမ်းများကို လိုက်နာရမည်။ စက်ဘီးကို မစီးဘဲ တွန်း၍သွားလာပါက ခြေကျင်လျှောက်သူများ လိုက်နာရန်စည်းကမ်းအတိုင်း လိုက်နာ၍ သွားလာနိုင်သည်။ သို့ရာတွင် ခြေကျင်လျှောက်သူများအား အနှောင့်အယှက်မဖြစ်စေရ။

၁၉၃။ စက်ဘီးစီးလိုလျှင် စက်ဘီးတွင်ပါဝင်သော အစိတ်အပိုင်းများအခြေအနေ အထူးသဖြင့် ဘရိတ်များနှင့် ခြေနင်းများကောင်းမွန်ရမည်။ တာယာများ ကောင်းမွန်ပြီး လေလုံလောက်စွာရှိရမည်။ စက်ဘီးတွင် သင့်လျော်သော အကွာအဝေးမှကြားနိုင်သော အချက်ပေးခေါင်းလောင်း တပ်ဆင်ထားရှိရမည်။ စက်ဘီးအခြေအနေ ကောင်းမကောင်းကို စက်ဘီးစီးသူကစစ်ဆေးပြီး ကောင်းမွန်မှသာ စီးရမည်။

၁၉၄။ စက်ဘီးစီးသူသည် ထိုင်ခုံပေါ်တွင်ခွပြီး ခြေထောက်နှစ်ဘက်သည် သက်ဆိုင်သည့် ခြေနင်းများပေါ်တွင် နေသားတကျတင်၍ နင်းနိုင်ရမည်။ ခြေနင်းမမီသော စက်ဘီးကိုမစီးရ။

၁၉၅။ စက်ဘီးစီးသူသည် သာမန်အားဖြင့် စက်ဘီးလက်ကိုင်တန်းကို လက်နှစ်ဘက်ဖြင့်ကိုင်၍ စီးရမည်။ လက်နှစ်ဘက်စလုံးလွှတ်၍ မစီးရ။

၁၉၆။ စက်ဘီးစီးသူသည် လမ်း၏လက်ယာဘက်သို့ တတ်နိုင်သမျှကပ်၍ စီးရမည်။ ရင်ပေါင်တန်းမစီးရ။

၁၉၇။ စက်ဘီးစီးသူသည် စက်ဘီးအရှိန်လျှော့ရန်၊ ကွေ့ရန်၊ ကျော်တက်ရန်၊ တည့်တည့်သွားရန်၊ ရပ်ရန်စသည်တို့အတွက် လက်ဖြင့်အချက်ပြတတ်ရမည်။ အချက်ပြရာတွင် ကြိုတင်ပြရမည်။

၁၉၈။ စက်ဘီးစီးသူသည် စက်ဘီး၏နောက်တွင် ပစ္စည်းတင်စင်ပါရှိမှသာ ထိုစင်ပေါ်၌ လူပိုတစ်ဦးသာ တင်ဆောင်နိုင်သည်။ ၎င်းပစ္စည်းတင်စင်မှလွဲ၍ အခြားမည်သည့်နေရာတွင်မှ လူပိုထပ်မံမတင်ရ။

၁၉၉။ စက်ဘီးစီးသူသည် စက်ဘီး၏နောက်တွင် ပစ္စည်းတင်စင်ပါရှိလျှင် ထိုစင်ပေါ်၌တင်ဆောင်နိုင်သည့် ပစ္စည်းအားလုံး၏ အတိုင်းအတာသည် အလျား ၆၁ စင်တီမီတာ (၂ ပေ)၊ အနံ (၂ ပေ) နှင့် အမြင့် (၂ ပေ) ထက် မပိုစေရ။ စက်ဘီး၏လက်ကိုင်တန်းရှေ့တွင် ခြင်းငယ်တစ်လုံးကို တပ်ဆင်ထားပါက ထိုခြင်းငယ်အတွင်း၌သာ ပစ္စည်းများရှိစေရမည်။ ထိုခြင်းငယ်သည် လက်ကိုင်တန်းနှင့် ရှေ့မီးတို့အား ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းကို မထိခိုက်စေရ။ တင်ဆောင်သောပစ္စည်းများ၏ အလေးချိန်သည် စက်ဘီးကို မထိန်းသိမ်းနိုင်လောက်အောင် မများစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

၂၀၀။ စက်ဘီးစီးသူသည် မောင်းနှင်သွားလာနေသော မော်တော်ယာဉ်၏ နောက်မှသော်လည်းကောင်း၊ ဘေးမှသော်လည်းကောင်း ကပ်၍မစီးရ။ အခြားယာဉ်ကိုကိုင်တွယ်၍ ခိုမလိုက်ရ။

၂၀၁။ စက်ဘီးစီးသူသည် ကုန်းတက်တွင် ဖြောင့်တန်းစွာ မစီးနိုင်လျှင် အခြားယာဉ်များ အနှောင့်အယှက်မဖြစ်စေရန် စက်ဘီးပေါ်မှဆင်း၍ တွန်းသွားရမည်။ ကုန်းဆင်းတွင် စက်ဘီးကိုဘရိတ်များဖြင့်ထိန်း၍ ဆင်းရမည်။ အရှိန်ပြင်းစွာဖြင့် စီးမဆင်းရ။

၂၀၂။ စက်ဘီးစီးသူသည် သွားလာနေသည့် ယာဉ်တစ်စီးနှင့် တစ်စီးအကြား ယာဉ်ကြောတစ်ခုနှင့်တစ်ခုအကြား အခြားယာဉ်များကို အနှောင့်အယှက်ဖြစ်လောက်အောင် ဝင်လိုက်ထွက်လိုက်မစီးရ။

၂၀၃။ စက်ဘီးစီးသူသည် လမ်းပေါ်၌ မိမိစက်ဘီးကို ဤအခန်းပါ သမားရိုးကျနည်းဖြင့်သာ စီးရမည်။ ထိုနည်းအတိုင်းမဟုတ်ဘဲ အဆန်းထွင် မစီးရ။ ယာဉ်ကြောကို မျက်နှာချင်းဆိုင် မစီးရ။

၂၀၄။ လူသွားစင်္ကြံ၊ လမ်းအလယ်ရှိ အလျားလိုက် မျဉ်းဖြူအမှတ်အသားများ၊ လမ်းပေါ်ကျွန်းနှင့် ကျွန်းအမှတ်အသားများတို့ပေါ်၌ စက်ဘီးမစီးရ။

၂၀၅။ ပြည်သူတို့ဆိုင်ရာနေရာတွင် စက်ဘီးများရပ်နားရန် သတ်မှတ်ထားသည့်နေရာ၌သာ စက်ဘီးကိုရပ်နားထားရမည်။ သတ်မှတ်ထားသည့် နေရာမရှိပါက လမ်းဘေးကပ်၍သော်လည်းကောင်း၊ ခြေကျင်လျှောက်သူများအား အနှောင့်အယှက်မဖြစ်စေဘဲ လူသွားစင်္ကြံပေါ်၌သော်လည်းကောင်း ရပ်နားထားနိုင်သည်။

၂၀၆။ စက်ဘီး၏ရှေ့တွင် မီးအဖြူရောင်တစ်လုံး၊ စက်ဘီး၏နောက်တွင် အရောင်ပြန်ပြား အနီတစ်ခုနှင့် ခြေနင်းများတွင် အရောင်ပြန်ပြားများကို တပ်ဆင်ထားရှိရမည်။ နောက်အရောင်ပြန်ပြား အနီအပြင် မီးအနီရောင်ကို တပ်ဆင်လိုလျှင် တပ်ဆင်နိုင်သည်။ ညအချိန်၌ မီးထွန်း၍စီးရမည်။

၂၀၇။ သေရည်သေရက် သောက်စား၍သော်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍သော်လည်းကောင်း မူးယစ်နေစဉ် စက်ဘီးမစီးရ။

၂၀၈။ မိုးရွာနေစဉ် စက်ဘီးစီးသူသည် စက်ဘီးကိုပို၍ သတိထားစီးရမည်။ မိုးကာအင်္ကျီကို ဝတ်ဆင်ထားလျှင် ဘေးတစ်ဖက်တစ်ချက်သို့ လွင့်ပျံ့မှုမရှိစေရန် ဝတ်ဆင်ရမည်။

၂၀၉။ မြို့နယ်နိမိတ်အတွင်း စက်ဘီးဖြင့်သွားလာသူများအတွက် စက်ဘီးလမ်းများကို သီးခြားသတ်မှတ်ပေးပါက ထိုလမ်းကိုအသုံးပြုရန် စက်ဘီးစီးသူများအတွက် စည်းကမ်းချက်များကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော ပြည်နယ်/တိုင်း အဆင့်ရှိ အဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့၊ လမ်းဆောက်လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့် အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ချမှတ်ရမည်။

၂၁၀။ စက်ဘီးတွင် စက်တပ်ပြီး စီးလိုပါက မော်တော်ယာဉ် မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ပြီးမှ စီးရမည်။

# အခန်း (၁၀)

## လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ

၂၁၁။ လမ်းညွှန်များကို အောက်ပါအတိုင်း ခွဲခြားထားသည်-

(က) အန္တရာယ်သတိပေးခြင်း၊

(ခ) တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း၊

(ဂ) အမိန့်ပေးခြင်း၊

(ဃ) ညွှန်ပြခြင်း။

၂၁၂။ လမ်းအမှတ်အသားများကို အောက်ပါအတိုင်းခွဲခြားထားသည်-

(က) ဆေးရေးအမှတ်အသားများ၊

(ခ) လမ်းဘေးကပ်တိုး အမှတ်အသားများ၊

(ဂ) အဖြူ/အနီကျား လမ်းဘေးတိုင်များ။

၂၁၃။ အချက်ပြများကို အောက်ပါအတိုင်း ခွဲခြားထားသည်-

(က) လမ်းအသုံးပြုသူများ လမ်းပေါ်တွင် သွားလာနေစဉ် အချက်ပြများ၊

(ခ) ယာဉ်အသွားအလာ ကြီးကြပ်ထိန်းသိမ်းသူ၏ အချက်ပြများ၊

(ဂ) အချက်ပြမီးများ။

# အခန်း (၁၁)

## အထွေထွေ

၂၁၄။ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်အလို့ငှာ-

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနသည် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

၂၁၅။ The Burma Motor Vehicles Rules, 1915, The Burma Hired Motor Vehicles Rules, 1935 နှင့် The Motor Vehicles International Circulation Rules, 1933 တို့ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

(ပုံ) ဗိုလ်ချုပ် တင်ထွန်း

ဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၃၇၇-ပဆ/ခွဲ (၂) ၈၉

ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး

အစိုးရအဖွဲ့ရုံး

တရားရုံးချုပ်

ရှေ့နေချုပ်ရုံး

စာရင်းစစ်ချုပ်ရုံး

ဝန်ကြီးဌာနအားလုံး

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာနအကြီးအကဲအားလုံး

ညွှန်ကြားရေးမှူးချုပ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်
ဝေရေးလုပ်ငန်း
} သို့ ဤအမိန့်ကြော်ငြာစာကို မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံလျက် ပေးပို့ပါသည်။

အမိန့်အရ

(ခင်ရီမြင့်)

ရုံးအဖွဲ့မှူး

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ

ပ၊ စ၊ လ / ၁၉၂၄/ ၈၉/ ကုန်းလမ်းဦးစီး/ ၂၀၀၀ + ၂၅/၉၀/မနလစ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

# ရထားပို့ဆောင်ရေး ဝန်ကြီးဌာန

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)

အမှတ် ၃၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ ကအ – ၃၀၁/၈၉

ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

အကြောင်းအရာ။ **၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ၊ အခန်း ၁၀၊ 'လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ'နှင့် ပတ်သက်သည့် ညွှန်ကြားချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၃၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြုလျက် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများကို ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၈၉ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါနည်းဥပဒေများ အခန်း ၁၁ ပုဒ်မ ၂၁၄ (ခ)အရ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ၁၉၈၉ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ အခန်း ၁၀၊ "လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ" ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပူးတွဲပါညွှန်ကြားချက်များကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

(ခင်မောင်သန်း)

ညွှန်ကြားရေးမှူးချုပ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

## အခန်း (၁)

# လမ်းညွှန်များ

၁။ **လမ်းညွှန်များကို အောက်ပါအတိုင်း ခွဲခြားထားသည်–**

(က) အန္တရာယ် သတိပေးခြင်း၊

(ခ) တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း၊

(ဂ) အမိန့်ပေးခြင်း၊

(ဃ) ညွှန်ပြခြင်း။

၂။ **အန္တရာယ် သတိပေးလမ်းညွှန်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) လမ်းအသုံးပြုသူများ၏ ရှေ့တွင် မည်သည့်အန္တရာယ်မျိုးရှိသည်ကို သတိပေးသည့်အနေဖြင့် သက်ဆိုင်သည့် သင်္ကေတရေးဆွဲထားသော မှန်ကူကွက်ပုံ ဆိုင်းဘုတ်ဖြင့် ဖော်ပြရမည်၊

(ခ) ဆိုင်းဘုတ်တွင် အောက်ခံ အဝါရောင်ပေါ်၌ အနားကွပ်ကို အနက် ရောင်ဖြင့် လည်းကောင်း၊ သင်္ကေတကို အနက်ရောင်ဖြင့် လည်းကောင်း ရေးဆွဲရမည်၊

(ဂ) ၆၁ စင်တီမီတာ (၂ ပေ) ပတ်လည်ရှိ အတိုင်းအတာထက် မငယ်သော ထောင့်မှန် မှန်ကူကွက်ပုံဖြင့် ဖော်ပြရမည်။

(ဃ) အန္တရာယ်ရှိသည့်နေရာသို့ မရောက်မီ မြို့အတွင်း၌ ၅၀ မီတာနှင့် ၁၀၀ မီတာ( ၁၆၅ ပေနှင့် ၃၃၀ ပေ) အကွာအဝေးအတွင်းတွင် လည်းကောင်း၊ မြို့ပြင်၌ ၁၅၀ မီတာနှင့် ၂၅၀ မီတာ (၄၉၅ ပေနှင့် ၈၂၅ ပေ) အကွာအဝေးအတွင်းတွင် လည်းကောင်း ဖော်ပြရမည်။ မြို့ပြင်၌ အမြန်နှုန်း ပို၍ မောင်းနှင်ခွင့် ပြုထားသဖြင့် အန္တရာယ်ရှိသည့် နေရာသို့ မရောက်မီ သက်ဆိုင်သည့် သတိပေးဆိုင်းဘုတ်ကို နှစ်ကြိမ်ဖော်ပြရမည်။ ထို့သို့ ဖော်ပြရာတွင် ဒုတိယဆိုင်းဘုတ်ကို အန္တရာယ်ရှိသည့် နေရာမှ ၁၀၀ မီတာ (၃၃၀ ပေ) အကွာအဝေးတွင် ဖော်ပြရမည်။ အန္တရာယ်ရှိသည့်နေရာ၏ အကွာအဝေးကို ဆိုင်းဘုတ်အတွင်း သင်္ကေတအောက်၌ လည်းကောင်း သို့မဟုတ် ဆိုင်းဘုတ်အောက်တွင် သီးခြား အဝါရောင် စတုဂံပြားတွင် အနက်ရောင်ဂဏန်းဖြင့် ဖော်ပြနိုင်သည်၊

(င) **နောက်ဆက်တွဲ (က)** တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။

၃။ **တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မဝင်ရ၊ မကွေ့ရ၊ မရပ်ရ၊ မရပ်နားရ စသည့်တားမြစ်/ကန့်သတ်ချက်များကို လမ်းအသုံးပြုသူများ လိုက်နာစေရန် သက်ဆိုင်သည့်သင်္ကေတရေးဆွဲထားသော စက်ဝိုင်းပုံဆိုင်းဘုတ်ဖြင့် ဖော်ပြရမည်၊

(ခ) ဆိုင်းဘုတ်တွင် အောက်ခံအဖြူရောင်ပေါ်၌ ဘေးအနားသားကို အနီရောင်ဖြင့် လည်းကောင်း၊ သင်္ကေတကို အနက်ရောင်ဖြင့် လည်းကောင်း ရေးဆွဲရမည်။ တားမြစ်ချက်တွင် အထက်လက်ဝဲဘက်မှ အောက်လက်ယာဘက်သို့ အနီရောင်ထောင့်

ဖြတ်မျဉ်းဖြင့် ရေးဆွဲ ဖော်ပြရမည်။ ဘေးအနားသားများနှင့် ထောင့်ဖြတ်မျဉ်းတို့၏ ဖြက်တို့သည် တူညီရမည်။ ထူးခြားသည့် တားမြစ်ချက်နှင့် ကန့်သတ်ချက်များဖြစ်သော–

(၁) မရပ်နားရ၊

(၂) မဆိုင်းရ/ မရပ်နားရ၊

(၃) ရှေ့တွင် ဆုံမည့်ယာဉ်ကြောများကို ဦးစားပေးရန်၊

(၄) ရပ်ရန်။

လမ်းညွှန်းအသီးသီး၏ ပုံသဏ္ဌာန်၊ အရောင်နှင့်အရွယ်တို့မှာ အောက်ပါအတိုင်းဖြစ်ရမည်–

"မရပ်နားရ" နှင့် "မဆိုင်းရ/ မရပ်နားရ" ဆိုင်းဘုတ်များသည် စက်ဝိုင်းပုံဖြစ်ပြီး အောက်ခံအပြာရောင်ပေါ်၌ ဘေးအနားသားများနှင့် ထောင့်ဖြတ်မျဉ်း/ ကြက်ခြေခတ်မျဉ်းတို့ကို အနီရောင်ဖြင့် ရေးဆွဲရမည်။ အနားကွပ် (သို့) အနားသားများနှင့် ထောင့်ဖြတ်မျဉ်း /ကြက်ခြေခတ်မျဉ်းတို့၏ဖြက်တို့သည် တူညီရမည်။ ၆၁ စင်တီမီတာ ( ၂ ပေ) အချင်း ထက်မငယ်သော စက်ဝိုင်းပုံဖြစ်ရမည်။ "ရှေ့တွင် ဆုံမည့် ယာဉ်ကြောများကို ဦးစားပေးရန်" ဆိုင်းဘုတ်သည် ထောင့်တစ်ထောင့်ကို အောက်စိုက်၍ ထောင်ထားသော အနားညီ တြိဂံပုံဖြစ်ပြီး အောက်ခံအဖြူရောင်ပေါ်၌ ဘေးအနားသားများကို အနီရောင်ဖြင့်လည်းကောင်း၊ "ဦးစားပေး" စာသားကို တြိဂံအတွင်း၌ အနက်ရောင်ဖြင့် လည်းကောင်း ရေးဆွဲရမည်။ ဘေးအနားသားများ၏အလျားသည် ၆၁ စင်တီမီတာ (၂ ပေ) စီ ထက် မလျော့စေရ။ "ရပ်ရန်" ဆိုင်းဘုတ်သည် အနားရှစ်ဘက်ရှိသော ပုံဖြစ်ပြီး အောက်ခံအနီ ရောင်ပေါ်၌ ဘေးအနားသားများနှင့်"ရပ်"စာသားတို့ကို

အဖြူရောင်ဖြင့်ရေးဆွဲရမည်။ ၆၁ စင်တီမီတာ (၂ ပေ) ဖြက်ထက် မငယ်သော အနားရှစ်ဘက်ရှိသော ပုံဖြစ်ရမည်၊

(ဂ) ၆၁ စင်တီမီတာ (၂ ပေ) အချင်းထက် မငယ်သောစက်ဝိုင်းပုံဖြင့် ဖော်ပြရမည်၊

(ဃ) စတင် လိုက်နာရမည့်နေရာတွင် ဖော်ပြရမည်။ အမြန်နှုန်းမောင်းနှင်ခွင့် ပြုထားသည့် လမ်း၌မူ ယာဉ်မောင်းသူအားကြိုတင်သတိပေးသည့်အနေဖြင့် တားမြစ်ချက်/ကန့်သတ်ချက်ကို လိုက်နာရမည့်နေရာသို့ မရောက်မီ (သင့်လျော်သည့်အကွာအဝေး)မှ သက်ဆိုင်သည့် ဆိုင်းဘုတ်ကို စတင်ပြသနိုင်သည်။ ထိုသို့ပြသသည့် ဆိုင်းဘုတ်အောက်၌ သီးခြားအောက်ခံအဖြူရောင်ပေါ်၌ အနားကွပ်အနီရောင် စတုဂံပြားပေါ်တွင် အနက်ရောင်ဂဏန်းဖြင့် သက်ဆိုင်သည့် တားမြစ်ချက်/ ကန့်သတ်ချက်ရှိသော နေရာသို့ အကွာအဝေးကို ဖော်ပြရမည်၊

(င) **နောက်ဆက်တွဲ (ခ)** တွင် အသေးစိတ် ရှင်းလင်း ဖော်ပြထားသည်။

၄။ **အမိန့်ပေး လမ်းညွှန်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) လမ်းအသုံးပြုသူများအား မလွဲမသွေလိုက်နာစေလိုသည့် အချက်တို့ကို သက်ဆိုင်သည့် သင်္ကေတ ရေးဆွဲထားသော စက်ဝိုင်းပုံဆိုင်းဘုတ်ဖြင့် ဖော်ပြရမည်။

(ခ) ဆိုင်းဘုတ်တွင် အောက်ခံအပြာရောင်ပေါ်၌ သင်္ကေတသို့မဟုတ်စာသားကို အဖြူရောင်ဖြင့် ရေးဆွဲရမည်၊

(ဂ) ၆၁ စင်တီမီတာ (၂ ပေ) အချင်းထက်မငယ်သော စက်ဝိုင်းပုံဖြင့် ဖော်ပြရမည်။ မီးရောင်ဖြင့် ဖော်ပြသောဆိုင်းဘုတ်ကိုအသုံးပြုပါက ၃၀ စင်တီမီတာ (၁ ပေ) အချင်းထက်မငယ်စေရ၊

(ဃ) စတင်လိုက်နာရမည့် နေရာတွင် ဖော်ပြရမည်။ အမြန်နှုန်း မောင်းနှင်ခွင့်ပြုထားသည့်လမ်း၌မူ ယာဉ်မောင်းသူအား ကြို တင်သတိပေးသည့်အနေဖြင့် အမိန့်ပေးချက်ကို လိုက်နာရမည့် နေရာသို့ မရောက်မီ သင့်လျော်သည့်အကွာအဝေးမှ သက်ဆိုင် သည့် ဆိုင်းဘုတ်ကို စတင်ပြသနိုင်သည်။ ထိုသို့ ပြသသည့် ဆိုင်းဘုတ်အောက်၌ သီးခြားအပြာရောင် စတုဂံပြားပေါ်တွင် အဖြူရောင်ဂဏန်းဖြင့် သက်ဆိုင်သည့် အမိန့်ပေးချက်ရှိသော နေရာသို့အကွာအဝေးကို ဖော်ပြရမည်၊

(င) နောက်ဆက်တွဲ (ဂ) တွင် အသေးစိတ် ရှင်းလင်းဖော်ပြထား သည်။

၅။ **ညွှန်ပြသည့် လမ်းညွှန်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) လမ်းအသုံးပြုသူများ သွားလာရာတွင် အထောက်အကူဖြစ်စေ ရန်အတွက် စတုရန်းပုံ၊ စတုဂံပုံ၊ မြားပုံသဏ္ဌာန်၊ စက်ဝိုင်းပုံ ဆိုင်းဘုတ် တစ်ခုခုဖြင့် ညွှန်ပြလိုသည့်အချက်များကို သင့် လျော်သလို ရေးသားဖော်ပြရမည်။ ညွှန်ပြချက်များတွင် လမ်း များ ပေါက်ရောက်သည့်နေရာနှင့် အကွာအဝေးများ၊ အရေးကြီး နေရာများ၊ မြို့/ရွာအမည်များ၊ ယာဉ်မောင်းသူများ သိရှိ စေလိုသော အခြားအချက်များ စသည်တို့ပါဝင်သည်၊

(ခ) ဆိုင်းဘုတ်များတွင် အောက်ပါအတိုင်း အရောင်ခွဲခြား၍ ဖော်ပြရမည်–

(၁) လမ်းများ ပေါက်ရောက်သည့်နေရာနှင့် အကွာအဝေးများကို ညွှန်ပြသည့်ဆိုင်းဘုတ်များ၊ နေရာများကို ညွှန်ပြသည့် ဆိုင်းဘုတ်များနှင့် မြို့/ရွာအမည် ဆိုင်းဘုတ်များတွင် အောက်ခံရောင် အဖြူပေါ်၌ အနက်ရောင် အနားကွပ်

(သို့) အနားသားညွှန်ပြလိုချက်များကို အနက်ရောင်ဖြင့် ရေးဆွဲဖော်ပြရမည်၊

(၂) အထက်ပါညွှန်ပြချက်များမှ လွဲ၍ အခြားညွှန်ပြချက်များကို အောက်ခံအပြာရောင်ပေါ်တွင် အဖြူရောင်ဖြင့် ဖော်ပြရမည်။ အောက်ခံ အပြာရောင်တွင် သင်္ကေတကို အနက်ရောင်ဖြင့် ဖော်ပြလိုပါက ၎င်းကို အဖြူရောင် တြိဂံပုံသို့မဟုတ်အဖြူ ရောင်စတုရန်းပုံအတွင်း ရေးဆွဲ(သို့)ရေးသားဖော်ပြရမည်။

(ဂ) အနည်းဆုံး အတိုင်းအတာ ၉၁ စင်တီမီတာ (၃ ပေ) ပတ်လည်ရှိ စတုရန်းပုံ၊ သို့မဟုတ် အလျား ၁.၂၂ မီတာ (၄ ပေ) နှင့် အနံ ၉၁ စင်တီမီတာ (၃ ပေ)ရှိ အလျားလိုက် စတုဂံကို အလျားလိုက်သော်လည်းကောင်း၊ ဒေါင်လိုက်သော် လည်းကောင်း၊ သို့မဟုတ် အလျား ၉၁ စင်တီမီတာ (၃ ပေ)နှင့်အနံ ၃၁ စင်တီမီတာ (၁ ပေ) ရှိ မြားပုံသဏ္ဌာန်ဖြင့် လည်းကောင်း ဖော်ပြရမည်၊

(ဃ) ဘတ်စ်ကားမှတ်တိုင်အဖြစ် ဖော်ပြပါက အချင်း ၁၅ စင်တီမီတာ (၆ လက်မ) ထက် မငယ်သော အောက်ခံအဝါရောင် စက်ဝိုင်း ပုံ ဆိုင်းဘုတ်တွင် ဘတ်စ်ကားလိုင်းအမှတ်ကို အနက်ရောင် ဖြင့် ရေးဆွဲဖော်ပြရမည်၊

(င) သက်ဆိုင်သည့် လမ်းဆုံ၊ လမ်းခွ၊ လမ်းစနစ်ပြောင်းသည့် နေရာ၊ လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများ ဖြစ်သော ဓာတ်ဆီဆိုင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ တယ်လီ ဖုန်း၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဆေးခန်း စသည့်နေရာ များ၊ လူဖြတ်ကူးနေရာ၊ မြို့၊ ရွာ မရောက်မီ၊ မြို့အတွင်း၌ ဖြစ်ပါက ၅၀ မီတာ (၁၆၅ ပေ) အကွာအဝေးအတွင်း တွင် လည်းကောင်း၊ မြို့ပြင်၌ ဖြစ်ပါက ၁၅၀ မီတာ (၄၉၅ ပေ)-

**အကွာ အဝေးထက် မနည်းတွင် လည်းကောင်း ဖော်ပြရမည်။ မော်တော်ယာဉ်ကို ကန့်သတ်ချက်ဖြင့် ရပ်နားခွင့်ပြုသည့်နေရာ နှင့် ဘတ်စ်ကားမှတ်တိုင်နေရာ ဆိုင်းဘုတ် တို့ကို ၎င်းတို့နှင့် သက်ဆိုင်သည့် နေရာ၌သာ ဖော်ပြရမည်။** မြားပုံသင်္ကေတန် ဆိုင်းဘုတ်ကို အသုံးပြုလျှင် ၎င်းဆိုင်းဘုတ်မှ ညွှန်ပြသည့်နေရာ အထိ အကွာအဝေးကို ဖော်ပြနိုင်သည်။ ဆိုင်းဘုတ်နှင့် ညွှန်ပြ သည့်နေရာ ကွာလှမ်းနေ၍ လိုအပ်ပါက နောက်ထပ် ဆိုင်းဘုတ် များဖြင့် ဖော်ပြနိုင်သည်။

(စ) **နောက်ဆက်တွဲ (ဃ)** တွင် အသေးစိတ် ရှင်းလင်းဖော်ပြထား သည်။

၆။ **လမ်းညွှန်ဆိုင်းဘုတ်များ။** အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ယာဉ်မောင်းသူများ အလွယ်တကူနှင့် ထင်ရှားစွာ မြင်နိုင်စေရန် သာမန်အားဖြင့် လမ်း၏ လက်ယာဘက်နံဘေးမှ ဖော်ပြရမည်။ မိုးပျံလမ်းညွှန်ဆိုင်းဘုတ်ဖြစ်ပါက ယာဉ်အမိုးနှင့် လွတ်ကင်းစေ ရမည်။ အရေးကြီးသော လမ်းညွှန်များကို အလင်းရောင်နည်း ချိန်၌ ထင်ရှားစွာ မြင်နိုင်စေရန် မီးဖြင့် သော်လည်းကောင်း၊ အရောင်ပြန်ပစ္စည်းများဖြင့် သော်လည်းကောင်း၊ တောက်ပသော ဆေးဖြင့် သော်လည်းကောင်း ဖော်ပြရမည်၊

(ခ) အသုံးပြုသည့် လမ်းညွှန်းအရ နှစ်လမ်းမောင်းလမ်းတွင် လမ်းဘေး နှစ်ဘက်တွင် ဖော်ပြရသကဲ့သို့ လမ်းတစ်ဘက်တည်း တွင်သာ ဖော်ပြရသည်လည်း ရှိသည်။ လမ်းဘေးနှစ်ဘက်တွင် ဖော်ပြရသည့် လမ်းညွှန်းဆိုင်းဘုတ်ဖြစ်လျှင် ၎င်းလမ်းညွှန်ချက် သည် ထိုဆိုင်းဘုတ်နှစ်ခုအကြား နေရာနှင့်သာ သက်ဆိုင်စေ ရမည်၊

(ဂ) သက်ဆိုင်ရာလမ်းညွှန်း၏ နယ်ဆုံးဆိုင်းဘုတ်ကို ဖော်ပြရလျှင် နယ်ဆုံးသင်္ကေတကို **စက်ဝိုင်းပုံ၌** အထက်လက်ယာဘက်မှ အောက်လက်ဝဲဘက်သို့ ထောင့်ဖြတ်မျဉ်းဖြင့် ရေးဆွဲရမည်။ထောင့်ဖြတ်မျဉ်း၏ဖြက်သည်၁၂စင်တီမီတာ(၄ $\frac{၃}{၄}$ လက်မ)ထက် မငယ်စေရ။ ဆိုင်းဘုတ်၏ အောက်ခံ အရောင်အဖြူဖြစ်ပါက နယ်ဆုံး သင်္ကေတ အနက်ရောင်ကို လည်းကောင်း၊ ဆိုင်းဘုတ်၏ အောက်ခံအရောင် အပြာဖြစ်ပါက နယ်ဆုံးသင်္ကေတ အနီရောင်ကို လည်းကောင်း အသုံးပြုရမည်။ အမြန်မောင်းနှင်မှုကို ထိန်းသိမ်းသော လမ်းညွှန်းအဖြစ်သာ အသုံးပြုရမည်။ **နောက်ဆက်တွဲ (င)** တွင် နယ်ဆုံးသင်္ကေတ ဆိုင်းဘုတ်များကို ဖော်ပြထားသည်။

(ဃ) တိုင်ထောင်၍ ဖော်ပြရာတွင် တိုင်၏အရောင်သည် အောက်ပါအတိုင်း ဖြစ်ရမည်–

(၁) အန္တရာယ် သတိပေးချက်များကို အဝါ၊ အနက်ကျား ၃၁ စင်တီမီတာ (၁ ပေ) ခြားစီ၊

(၂) ထူးခြားသည့် တားမြစ်ချက်နှင့် ကန့်သတ်ချက်များ အပါအဝင် တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို အဖြူ၊ အနီကျား ၃၁ စင်တီမီတာ (၁ ပေ) ခြားစီ၊

(၃) အမိန့်ပေးချက်များကို အပြာ၊ အဖြူကျား ၃၁ စင်တီမီတာ (၁ ပေ)ခြားစီ၊

(၄) ညွှန်ပြချက်များကို အပေါ်ပိုင်း အဖြူနှင့် အောက်ပိုင်း အနက် ထက်ဝက်စီ။

(င) ထောင်ထားသည့် မြေပြင်မှ ဆိုင်းဘုတ်၏ အောက်ခြေအထိ အမြင့်သည် ၁.၈၃ မီတာ (၆ ပေ)ထက် မနိမ့်စေရ၊

(စ) အသုံးပြုလိုပါက နည်းဥပဒေများ၏ အခန်း (၇)၊ နည်းဥပဒေ ၁၃၄၊ နည်းဥပဒေခွဲ(ခ)အတိုင်း လိုက်နာရမည်။

၇။ သင်္ကေတဖြင့် ဖော်ပြသော လမ်းညွှန်း၏အဓိပ္ပာယ်ကို ပိုမိုရှင်းလင်းစေရန် လိုအပ်လျှင် ထိုသင်္ကေတ၏ ဆိုင်းဘုတ်အောက်၌ သီးခြားစတုဂံပြားပေါ်တွင် စာဖြင့် ရေးသားဖော်ပြနိုင်သည်။

၈။ **လမ်းပေါ်တွင် လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အသုံးပြုသော ဆိုင်းဘုတ်များ။** လမ်းပေါ်တွင် လုပ်ငန်းဆောင်ရွက်နေစဉ် လမ်းအသုံးပြုသူများအား သတိပေးရန်အတွက် ဆိုင်းဘုတ်များဖြင့် ဖော်ပြရန် သက်ဆိုင်ရာအဖွဲ့ အစည်းများတွင် တာဝန်ရှိသည်။ လမ်းအသုံးပြုသူများကလည်း ထိုဆိုင်းဘုတ်များ၏ ဖော်ပြချက်အတိုင်း လိုက်နာရမည်။

အခန်း (၂)

# လမ်းအမှတ်အသားများ

၉။ မော်တော်ယာဉ်များ သွားလာမှု သို့မဟုတ် လမ်းအသုံးပြုသူများအား လမ်းကို စည်းကမ်းနည်းလမ်းတကျ အသုံးပြုစေရန် အလို့ငှာ လမ်းအမှတ်အသားများကို သတ်မှတ်ပေးရန်လိုအပ်သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ယူဆလျှင် ၎င်းအဖွဲ့သည် ဗဟိုမှတ်ပုံတင်အဖွဲ့၊ လမ်းဆောက်လုပ်ထိန်းသိမ်းရန် တာဝန်ရှိသည့်အဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ လမ်းအမှတ်အသားများတွင် အောက်ပါများ ပါဝင်သည်–

(က) လမ်းအလယ်ရှိ အလျားလိုက် မျဉ်းဖြူများ သို့မဟုတ် လမ်းတွင် မြှုပ်ထားသည့် အမှတ်အသားများ၊ ကပ်ထားသည့် အမှတ်အသားများ၊

(ခ) ယာဉ်ကြောများကို သတ်မှတ်သည့် အလျားလိုက် မျဉ်းဖြူများ သို့မဟုတ် လမ်းတွင် မြှုပ်ထားသည့် အမှတ်အသားများ၊ ကပ်ထားသည့် အမှတ်အသားများ၊

(ဂ) လမ်းပေါ်တွင် ညွှန်ပြသည့် မြားပုံအမှတ်အသားများ၊

(ဃ) ကန့်လန့်ဖြတ် ရပ်မျဉ်းဖြူများ သို့မဟုတ် လမ်းတွင် မြှုပ်ထားသည့်၊ ကပ်ထားသည့် အမှတ်အသားများ၊

(င)	ခြေကျင်လျှောက်သူများအတွက် မျဉ်းဝါအမှတ်အသားများ၊

(စ)	လမ်းပေါ် မျဉ်းဝါကျွန်း အမှတ်အသားများ၊

(ဆ)	မျဉ်းဝါပြတ် ဘတ်စ်ကား မှတ်တိုင်နေရာ အမှတ်အသားများ၊

(ဇ)	လမ်းဘေးကတ်တုံးအမှတ်အသားများ၊

(ဈ)	အဖြူ/အနီကျားလမ်းဘေးတိုင်များ၊

(ည)	ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ခွင့်ပြုသော အခြားအမှတ် အသားများ။

၁၁။	လမ်းပေါ်တွင် အသုံးပြုသော လမ်းအမှတ်အသားများသည် ယာဉ်၏ ဘီးများ မချော်စေသော ပစ္စည်းများဖြင့် ပြုလုပ်ရမည့်အပြင် လမ်းမျက်နှာပြင်မှ ၆ မိလီမီတာ(၁/၄ လက်မ) ထက် ပိုမမြင့်စေရ။ လမ်းတွင် အမှတ်အသားကို မြှုပ်၍အသုံးပြုပါက လမ်းမျက်နှာပြင်မှ ၁.၅ စင်တီမီတာ (၅/၈ လက်မ)ထက် ပို၍ မမြင့်စေရ။ ရောင်ပြန် အမှတ်အသားများကိုလည်း အသုံးပြုနိုင်သည်။

၁၂။	လမ်းအမှတ်အသားများနှင့် ရှင်းလင်းချက်များ၏ အသေးစိတ်ကို **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားသည်။

### အခန်း (၃)

# အချက်ပြများ

၁၃။ မော်တော်ယာဉ်မောင်းသူ၊ မော်တော်ဆိုင်ကယ်စီးသူ၊ အနေးယာဉ်မောင်းသူ/စီးသူ/ တွန်းသူ/ ဆွဲသူနှင့် စက်ဘီးစီးသူများသည် လမ်းပေါ်တွင် သွားလာနေစဉ် မိမိသွားလိုရာဘက်သို့ လက်ဖြင့် လည်းကောင်း၊ ယာဉ်တွင် တပ်ဆင်ထားသော အချက်ပြမီးဖြင့် သော်လည်းကောင်း၊ လမ်းအသုံးပြုသော အခြားသူများ ကြိုတင်သိရှိစေရန် သတ်မှတ်ထားသည့်အတိုင်း ကြိုတင်အချက်ပြရမည်။ ၎င်းအချက်ပြများကို **နောက်ဆက်တွဲ (ဆ)** တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။

၁၄။ ယာဉ်သွားလာမှု ချောမွေ့စေရန် ကြီးကြပ်ထိန်းသိမ်းပေးနေသည့် ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ်ခြင်း ခံရသူက လက်ဖြင့် ဖြစ်စေ၊ ဝီစီသံနှင့်လက်တွဲ၍ ဖြစ်စေ၊ အချက်ပြကိရိယာဖြင့် ဖြစ်စေ၊ အခြား သင့်လျော်သောနည်းဖြင့် ဖြစ်စေ ပြသသည့်အချက်ပြများကို လမ်းအသုံးပြုသူများက လိုက်နာ ရမည်။ ကြီးကြပ်ထိန်းသိမ်းပေးသူ၏ လက်ဖြင့် အချက်ပြသောပုံများကို **နောက်ဆက်တွဲ(ဇ)**တွင် ရှင်းလင်းဖော်ပြထားသည်။

၁၅။ ယာဉ်ထိန်း အချက်ပြမီးများ ထပ်ဆင်ထားပါက အချက်ပြသည့်အတိုင်း လမ်းအသုံးပြုသူများက လိုက်နာရမည်။ ယာဉ်ထိန်းအချက်ပြမီးများ၏ အချက်ပြပုံများကို **နောက်ဆက်တွဲ (ဈ)**နှင့် **(ဈ - ၁)** တွင် ရှင်းလင်းဖော်ပြထားသည်။

နောက်ဆက်တွဲ (က)

## အန္တရာယ်သတိပေးလမ်းညွှန်များ



ပုံ ၁

ရှေ့တွင် လက်ဝဲလမ်းကွေ့ရှိသည်



ပုံ ၂

ရှေ့တွင် လက်ယာလမ်းကွေ့ရှိသည်



ပုံ ၃

ရှေ့တွင် လက်ဝဲနှစ်ဆစ်ချိုး လမ်းကွေ့ရှိသည်



ပုံ ၄

ရှေ့တွင် လက်ယာနှစ်ဆစ်ချိုး လမ်းကွေ့ရှိသည်




ပုံ ၅

ရှေ့တွင် ကုန်းဆင်း ရှိသည်



ပုံ ၆

ရှေ့တွင်ကုန်းတက်ရှိသည်




ပုံ ၇

ရှေ့တွင် လမ်းကျဉ်းရှိသည်



ပုံ ၈

ရှေ့တွင် လက်ဝဲသို့ လမ်းကျဉ်းသည်



ပုံ ၉

ရှေ့တွင် လက်ယာသို့လမ်းကျဉ်းသည်



ပုံ ၁၀

ရှေ့တွင် လမ်းမညီ(လှိုင်းထသည်)



ပုံ ၁၁

ရှေ့တွင် လမ်းခုံးနေသည်



ပုံ ၁၂

ရှေ့တွင် လမ်းချိုင့်နေသည်
လမ်းရေကျော်သည်



ပုံ ၁၃

ရှေ့တွင် လမ်းချော်သည်



ပုံ ၁၄

ရှေ့တွင် တောင်/ကမ်းပါး ပြိုလေ့ရှိသည်



ပုံ ၁၅

ရှေ့တွင် လူကူးလမ်းရှိသည်



ပုံ ၁၆

ရှေ့တွင် ကျောင်းရှိသည်



ပုံ ၁၇

ရှေ့တွင် လမ်းပြင်နေသည်



ပုံ ၁၈

ရှေ့တွင် မီးပွိုင့်ရှိသည်



ပုံ ၁၉

ရှေ့တွင် လေယာဉ်ကွင်းရှိသည်



ပုံ ၂၀

ရှေ့တွင် တစ်လမ်းမောင်းရှိသည်



ပုံ ၂၁

ရှေ့တွင် နှစ်လမ်းမောင်းရှိသည်



ပုံ ၂၂

ရှေ့တွင် တူညီသောလမ်းလေးခွဆုံရှိသည်



ပုံ ၂၃

ရှေ့တွင်လက်ဝဲဘက်လမ်းသွယ်ရှိသည်



ပုံ ၂၄

ရှေ့တွင်လက်ယာဘက်လမ်းသွယ်ရှိသည်



ပုံ ၂၅

ရှေ့တွင် "တီ"ပုံသဏ္ဍာန်လမ်းဆုံရှိသည်



ပုံ ၂၆

ရှေ့တွင် လက်ဝဲဘက်လမ်းခွဲ ရှိသည်



ပုံ ၂၇

ရှေ့တွင် လက်ယာဘက်လမ်းခွဲ ရှိသည်



ပုံ ၂၈

ရှေ့တွင်"ဝိုင်"ပုံသဏ္ဍာန် လမ်းဆုံ ရှိသည်



ပုံ ၂၉

ရှေ့တွင် လက်ဝဲနှင့်လက်ယာ
လမ်းသွယ်များ နီးကပ်စွာရှိသည်



ပုံ ၃၀

ရှေ့တွင် လက်ယာနှင့်လက်ဝဲ
လမ်းသွယ်များ နီးကပ်စွာ ရှိသည်



ပုံ ၃၁

ဆုံမည့်ယာဉ်ကြောများကို ဦးစားပေးရန်
ရှေ့တွင် လမ်းရှိသည်



ပုံ ၃၂

ရှေ့တွင် ရပ်ရမည်



ပုံ ၃၃

ရှေ့တွင် အဝိုင်းပတ်ရှိသည်



ပုံ ၃၄

ရှေ့တွင် တံခါးရှိ ရထားလမ်းရှိသည်



ပုံ ၃၅

ရှေ့တွင် တံခါးမဲ့ရထားလမ်းရှိသည်။



ပုံ ၃၆

ရှေ့တွင် အန္တရာယ်ရှိသည်

(အန္တရာယ်သတိပေးချက်များ ၁ မှ ၃၅ အထိတို့တွင် မပါဝင်သော အခြား အန္တရာယ်များကို အထက်ပါသင်္ကေတပါသော ဆိုင်းဘုတ်အောက်၌ သီးခြား စတုဂံပြား ပေါ်တွင် စာသားဖြင့် တိုတောင်းရှင်းလင်းစွာ ဖော်ပြရမည်)

နောက်ဆက်တွဲ (ခ)

တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်း လမ်းညွှန်များ



ပုံ ၃၇

မော်တော်ကား မဝင်ရ



ပုံ ၃၈

မော်တော်ဆိုင်ကယ် မဝင်ရ



ပုံ ၃၉

စက်ဘီး မဝင်ရ



ပုံ ၄၀

၃ တန်ကျော် ကုန်တင်ယာဉ် မဝင်ရ



ပုံ ၄၁

နောက်တွဲပါယာဉ် မဝင်ရ



ပုံ ၄၂

တိရစ္ဆာန်ဆွဲယာဉ် မဝင်ရ

နောက်ဆက်တွဲ (ခ)။ ။ အဆက်



ပုံ ၄၃

လက်တွန်း/ လက်ဆွဲလှည်းမဝင်ရ



ပုံ ၄၄

ထရက်တာ၊ (လယ်ထွန်စက်) မဝင်ရ



ပုံ ၄၅

မော်တော်ယာဉ်များ မဝင်ရ



ပုံ ၄၆

လက်ဝဲ မကွေ့ရ



ပုံ ၄၇

လက်ယာ မကွေ့ရ



ပုံ ၄၈

ဂ– ကွေ့ မကွေ့ရ



ပုံ ၄၉

ဟွန်းမတီးရ




ပုံ ၅၀

ကျော်မတက်ရ




ပုံ ၅၁

အမြန်နှုန်း ကန့်သတ်ချက်
( ပို၍မမောင်းရ )




ပုံ ၅၂

ကုန်နှင့်ယာဉ် ( )တန်ကျော်
မဝင်ရ



ပုံ ၅၃

အလျား ( )ကျော်ယာဉ် မဝင်ရ



ပုံ ၅၄

အနံ ( ) ကျော်ယာဉ် မဝင်ရ

နောက်ဆက်တွဲ (၁)။ ။ အဆက်





ပုံ ၅၅

အမြင့် ( )ကျော်ယာဉ် မဝင်ရ




ပုံ ၅၆

အနှေးယာဉ်များ သို့မဟုတ် ကုန်တင်ယာဉ်များ မဝင်ရ (စက်ဝိုင်းပုံအတွင်းတွင် စာသားဖြင့် ရေးသားဖော်ပြရန်)



ပုံ ၅၇

မည်သည့်ယာဉ်မျှ မဝင်ရ

(အနီရောင်စက်ဝိုင်းအတွင်းရှိ အဖြူရောင်စတုဂံ "မဝင်ရ" စာသားများကို ရေးလိုလျှင် အနက်ရောင်ဖြင့် ရေးရမည်။)

## ထူးခြားသည့်တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ



ပုံ ၅၈
မရပ်နားရ (ကြာကြာမရပ်ဆိုင်းရ)




ပုံ ၅၉
ကန့်သတ်ချက်ရှိသော မရပ်နားရနေရာ

ခရီးသည် သို့ မဟုတ် ကုန်ပစ္စည်း တင်ရန်ချရန်အတွက် (ခေတ္တခဏသာ) ယာဉ်ကို ရပ်ဆိုင်းခွင့်ပြုခြင်းမှ အပ၊ ယာဉ်များကို မရပ်နားစေလိုသည့်နေရာများတွင်သာ ပုံ ၅၈ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ ယာဉ်များကို မရပ်နားစေလိုသည့် လမ်း၏ အစနှင့်အဆုံးနေရာတို့တွင် ၎င်း ဆိုင်းဘုတ်များကို ပြသထားပြီး၊ ဆိုင်းဘုတ်များတွင် "အစ"နှင့်"အဆုံး" စာသားများ ရေးသားထားရမည်။ မရပ်နားရ ကန့်သတ်ချက်ကို အချိန်နာရီဖြင့် လည်းကောင်း၊ နေ့ဖြင့်လည်းကောင်း ကန့်သတ်လိုပါက ပုံ ၅၉ တွင် ဖော်ပြထားသည့်အတိုင်း အဖြူရောင် စတုရန်းပုံအတွင်း၌ ပုံ ၅၈ ပါ စက်ဝိုင်းပုံကို ဖော်ပြလျက်၊ ထို စက်ဝိုင်းပုံအောက်ရှိ စတုရန်းပုံအတွင်း အနက်ရောင်ဂဏန်း / စာသားတို့ဖြင့် ကန့်သတ်ချက်ကို ရေးသားရမည်။ ကန့်သတ်ချက်ရှိသော မရပ်နားရနေရာများတွင် အစနှင့် အဆုံးနေရာတို့၌ ၎င်းဆိုင်းဘုတ်များကို ပြသထားပြီး ဆိုင်းဘုတ်များတွင် "အစ" နှင့် "အဆုံး" စာသားများ ရေးသားထားရမည်။



ပုံ ၆၀

**မဆိုင်းရ၊ မရပ်နားရ (မဆိုင်းရ၊ မနားရ၊ မရပ်ရ)**

ယာဉ်များကို လုံးဝ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုစေလိုသည့် နေရာများတွင်သာ ပုံ ၆၀ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ ယာဉ်များ (မဆိုင်းရ၊ မရပ်ရ၊ မနားရ) မဆိုင်းရ/ မရပ်နားရသော လမ်း၏ အစနှင့်အဆုံး နေရာတို့တွင် ၎င်းဆိုင်းဘုတ်များကို ပြသထားပြီး၊ ဆိုင်းဘုတ်များတွင် "အစ" နှင့် "အဆုံး" စာသားများကို ရေးသားထားရမည်။



ပုံ ၆၁

**ရှေ့တွင်ဆုံမည့် ယာဉ်ကြောများကို ဦးစားပေးရန်**

ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသောလမ်းဆုံ လမ်းခွများ၌ ရှေ့တွင်ဆုံမည့် ယာဉ်ကြောများတွင် သွားလာနေသည့် ယာဉ်များကို ဦးစားပေးရန် လိုအပ်လျှင် ပုံ ၆၁ ပါဆိုင်းဘုတ်ကို အသုံးပြုရမည်။ ဤဆိုင်းဘုတ်ရှိကြောင်းကို ယာဉ်မောင်းသူအား ကြိုတင် သိရှိစေရန်

အပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီပြသရမည်။ ဤဆိုင်းဘုတ်နေရာသို့ရောက်ရှိပြီး ယာဉ်သွားလာမှု ရှင်းပါက ဆက်မောင်းသွားနိုင်သည်။ ယာဉ်သွားလာမှု ရှိနေပါက ၎င်းတို့ကို ဦးစားပေးရန် ဆိုင်းဘုတ်နေရာတွင်ရပ်ပြီး လမ်းရှင်းမှ ဆက်မောင်းသွားရမည်။





ပုံ ၆၂ ရပ်ရန်


ယာဉ်ရှိန်း အချက်ပြမီးနှင့် ကြီးကြပ် ထိန်းသိမ်းရန် တာဝန်ရှိသူ မရှိသော လမ်းဆုံလမ်းခွများတွင် ယာဉ်ကို ရပ်စေလိုပြီး၊ လမ်းရှင်းမှ ဆက်လက်မောင်းနှင်စေလိုလျှင် ပုံ ၆၂ ပါ ဆိုင်းဘုတ်ကို အသုံးပြုရမည်။ ဤဆိုင်းဘုတ်ရှိကြောင်းကို ယာဉ်မောင်းသူအား ကြိုတင်သိရှိစေရန် အပိုဒ် ၂ ပါပြဋ္ဌာန်းချက်နှင့်အညီ ပြသရမည်။ ယာဉ်သွားလာမှုများရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဤဆိုင်းဘုတ်နေရာတွင် ရပ်ရမည်။ လမ်းရှင်းမှ ဆက်မောင်းသွားရမည်။

နောက်ဆက်တွဲ (ဂ)

## အမိန့်ပေးခြင်း လမ်းညွှန်းများ



ပုံ ၆၃
လက်ဝဲဘက်သို့ ကွေ့ရမည်




ပုံ ၆၄
လက်ယာဘက်သို့ ကွေ့ရမည်



ပုံ ၆၅
ရှေ့တည့်တည့်သို့ သွားရမည်



ပုံ ၆၆
ရှေ့တည့်တည့် သို့မဟုတ်
လက်ဝဲဘက်သို့ ကွေ့သွားရမည်




ပုံ ၆၇
ရှေ့တည့်တည့်သို့မဟုတ်လက်ယာဘက်သို့
ကွေ့သွားရမည်



ပုံ ၆၈
မြားပြရာဘက်သို့ သွားရမည်

နောက်ဆက်တွဲ (ဂ)။ ။ အဆက်






ပုံ ၆၉
အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီး ပတ်မောင်းရမည်

ပုံ ၇၀
သတ်မှတ်သည့်အမြန်နှုန်းထက် လျော့မမောင်းရ

**မှတ်ချက်။** ။ အမိန့်ပေးခြင်းလမ်းညွှန်များ၏ ရှင်းလင်းချက်များကို ဆက်လက်ဖော်ပြထားသည်။

## အမိန့်ပေးခြင်းလမ်းညွှန်များ၏ ရှင်းလင်းချက်

**စကားချီး။** တားမြစ်ခြင်းနှင့်ကန့်သတ်ခြင်း လမ်းညွှန်အများစုသည် ယာဉ်မောင်းသူအား မလုပ်ဆောင်စေလိုသည့် လမ်းညွှန်များဖြစ်သကဲ့သို့ အမိန့်ပေးခြင်းလမ်းညွှန်များသည် ယာဉ်မောင်းသူအား လုပ်ဆောင်စေလိုသည့် လမ်းညွှန်းများ ဖြစ်သည်။ အမိန့်ပေးခြင်း လမ်းညွှန်များသည် အပြာရောင်စက်ဝိုင်းပုံသာ ဖြစ်သည်။ အခြား ပုံသဏ္ဍာန်ဖြင့် လမ်းညွှန်များသည် အမိန့်ပေးခြင်းနှင့် အကျုံးမဝင်စေရ။

တစ်ဖက်တွင်ဖော်ပြထားသော အမိန့်ပေးခြင်းလမ်းညွှန်များအသီးသီး၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်–

**ပုံ ၆၃၊ လက်ဝဲဘက်သို့ ကွေ့ရမည်**

လမ်းလေးခွ၊ သို့မဟုတ် "တီ" ပုံသဏ္ဍာန် စသည့် လမ်းဆုံ၌ လက်ဝဲဘက်ကိုသာ ကွေ့စေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

**ပုံ ၆၄၊ လက်ယာဘက်သို့ ကွေ့ရမည်**

လမ်းလေးခွ၊ သို့မဟုတ် "တီ" ပုံသဏ္ဍာန် စသည့် လမ်းဆုံ၌လက်ယာဘက်ကိုသာ ကွေ့စေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

**ပုံ ၆၅၊ ရှေ့တည့်တည့်သို့ သွားရမည်**

လမ်းလေးခွဆုံတွင် ဖြစ်စေ၊ လက်ဝဲ/လက်ယာဘက်တွင် လမ်းသွယ်များရှိသည် ဖြစ်စေ၊ လမ်းခွဲများ ရှိသည်ဖြစ်စေ ရှေ့တည့်တည့်သို့သာ သွားစေလိုလျှင် လမ်းဆုံ/လမ်းသွယ်/လမ်းခွဲတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

**ပုံ ၆၆၊ ရှေ့တည့်တည့်၊ သို့မဟုတ် လက်ဝဲဘက်သို့ ကွေ့သွားရမည်**

လမ်းလေးခွနှင့် ၎င်းထက်များသော လမ်းဆုံများတွင် ရှေ့တည့်တည့်ရှိသော လမ်းနှင့် လက်ဝဲဘက်ရှိသော လမ်းကွေ့ကိုသာ အသုံးပြုစေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

## ပုံ ၆၇၊ ရှေ့တည့်တည့်၊ သို့မဟုတ် လက်ယာဘက်သို့ ကွေ့သွားရမည်

လမ်းလေးခွနှင့် ၎င်းထက်များသော လမ်းဆုံနေရာများတွင် ရှေ့တည့်တည့်ရှိသော လမ်းနှင့် လက်ယာဘက်ရှိသော လမ်းကွေ့ကိုသာ အသုံးပြုစေလိုလျှင် လမ်းဆုံတွင် ဤလမ်းညွှန်းကို ပြသထားရမည်။

## ပုံ ၆၈၊ မြားပြရာဘက်သို့ သွားရမည်

လမ်းတွင် ကျွန်းသို့မဟုတ်အတားအဆီးရှိနေသဖြင့် ထိုကျွန်း/အတားအဆီး၏ လက်ယာဘက်မှသာ သွားစေလိုလျှင် ထိုကျွန်းအတား အဆီးတွင် ဤလမ်းညွှန်းများကို ပြသထားရမည်။ ယာဉ်မောင်းသူသည် လမ်းညွှန်းတွင်ပါရှိသည့် မြားပြရာဘက်သို့သာ သွားရမည်။

## ပုံ ၆၉၊ အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီး ပတ်မောင်းရမည်


အဝိုင်းပတ်တွင် လက်ယာဘက်မှစပြီး ပတ်မောင်းရမည်ဖြစ်သဖြင့် ဤလမ်းညွှန်းကို အဝိုင်းပတ်နှင့်ဆုံသော လမ်းနံဘေးများတွင် ပြသထားရမည်။

## ပုံ ၇၀၊ သတ်မှတ်သည့် အမြန်နှုန်းထက် လျှော့မမောင်းရ


လမ်းမကြီးများတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက် လျှော့မမောင်းစေလိုသော နေရာများ၌ ဤလမ်းညွှန်းကို ပြသထားရမည်။

နောက်ဆက်တွဲ (ဃ)

## ညွှန်ပြခြင်း၊ လမ်းညွှန်းများနှင့် ရှင်းလင်းချက်




ပုံ ၇၁





ပုံ ၇၂

**လမ်းဆုံကျသောမြို့မှ ပေါက်ရောက်သည့် အခြားမြို့များသို့ခရီးအကွာအဝေး ညွှန်ပြသည့် ဆိုင်းဘုတ်များ**

ပုံ ၇၁ သည်  လမ်းဆုံကျသော မိတ္ထီလာမြို့ကို နမူနာပြု၍၊ ၎င်းမြို့မှပေါက်ရောက်သည့် မန္တလေး၊ သာစည်၊ ကျောက်ပန်းတောင်းနှင့် မြင်းခြံမြို့များသို့ ခရီးအကွာအဝေးများညွှန်ပြသည့် ဆိုင်းဘုတ်ဖြစ်သည်။

ပုံ ၇၂ သည်  ပုံ ၇၁ ပါ မြို့များသို့သွားသော ခရီးလမ်းတွင်ရှိသည့် အခြားမြို့များနှင့် အကွာအဝေးများကိုပါ ဖော်ပြ၍ ညွှန်ပြသည့် ဆိုင်းဘုတ်ဖြစ်သည်။

**မှတ်ချက်။**  ။ ပုံ ၇၁ သို့မဟုတ် ပုံ ၇၂ ဆိုင်းဘုတ်ကို သင့်လျော်သလို အသုံးပြုနိုင်သည်။ ဆိုင်းဘုတ်ကို မြို့အဝင်နေရာများတွင် ဖော်ပြထားရမည်။





ပုံ ၇၃

မြို့လမ်းခွဲနှင့် အကွာအဝေးကို ညွှန်ပြသည့်ဆိုင်းဘုတ်

နမူနာ— ရန်ကုန်မြို့မှ မြောက်ဘက်သို့ ခရီးသွားရာတွင် ထောက်ကြံ့လမ်းဆုံ၌ လက်ယာဘက်သို့ ခွဲထွက်သောလမ်းသည် ပဲခူးမြို့သို့ ၃၄ မိုင်၊ လက်ဝဲဘက်သို့ ခွဲထွက်သောလမ်းသည် ပြည်မြို့သို့ ၁၅၈ မိုင်ရှိကြောင်း ညွှန်ပြထားသည်။

ဤဆိုင်းဘုတ်ကို ထောက်ကြံ့လမ်းဆုံ မရောက်မီဖော်ပြထားရမည်။




ပုံ ၇၄

နေရာတစ်ခုခုကို ညွှန်ပြသည့်ဆိုင်းဘုတ်

ပုံ ၇၄ ပါ ဆိုင်းဘုတ်သည် မြို့၊ ရွာ၊ စခန်း၊ လေဆိပ်၊ စေတီပုထိုး စသည့် နေရာတစ်ခုခုကို ညွှန်ပြရန်အတွက် လမ်းခွဲနေရာ၌ ဖော်ပြထားရမည်။ အကွာအဝေးကိုပါ ဖော်ပြနိုင်သည်။ အထက်ဆိုင်းဘုတ်သည် ၁၀ မိုင်အကွာအဝေးတွင် ဟဲဟိုးလေဆိပ်ရှိကြောင်း ညွှန်ပြသောဆိုင်းဘုတ် (နမူနာ) ဖြစ်သည်။




ပုံ ၇၅ မြို့၊ ရွာအမည်ကို ဖော်ပြသည့်ဆိုင်းဘုတ်

ပုံ ၇၅ပါ ဆိုင်းဘုတ်ကို မြို့ အဝင်တွင် ဖော်ပြထားရမည်။ ရွာအတွက်မူ သင့်လျော်မည့်နေရာတွင် ဖော်ပြရန် ဖြစ်သည်။



ပုံ ၇၆



ပုံ ၇၇




ပုံ ၇၈

တစ်လမ်းမောင်းဖြစ်ကြောင်း ညွှန်ပြသည့်ဆိုင်းဘုတ်များ


ပုံ ၇၆ သည် ရှေ့တူရူရှိ တစ်လမ်းမောင်းကို ဖော်ပြသည်။

ပုံ ၇၇ သည် လက်ဝဲဘက်သို့ သွားသည့် တစ်လမ်းမောင်းကို ဖော်ပြသည်။


ပုံ ၇၈ သည် လက်ယာဘက်သို့ သွားသည့် တစ်လမ်းမောင်းကို ဖော်ပြသည်။



ပုံ ၇၉



ပုံ ၈၀



ပုံ ၈၁

လမ်းဆုံးကို ညွှန်ပြသည့် ဆိုင်းဘုတ်များ

ပုံ ၇၉ သည် ရှေ့တွင်ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။

ပုံ ၈၀ သည် လက်ဝဲဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။

ပုံ ၈၁ သည် လက်ယာဘက်လမ်းတွင် ဆက်မသွားနိုင်သော လမ်းဆုံးရှိကြောင်းကို ဖော်ပြသည်။



ပုံ ၈၂

ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန်နေရာကို ညွှန်ပြသည့်ဆိုင်းဘုတ်

ဆိုင်းဘုတ်၏ အဖြူရောင် တြိဂံပုံအတွင်းတွင် အနက်ရောင်လူသွားနေပုံကို ရေးဆွဲရမည်။




ပုံ ၈၃

**အချိန်ပိုင်းဖြင့် မော်တော်ယာဉ်ရပ်နားခွင့်ပြုသည့် ဆိုင်းဘုတ်**

အချိန်ဖြင့် ရပ်နားခွင့်ပြုရာ၌ ယာဉ်ရပ်နားမီတာ အသုံးပြုသောနေရာတွင် "မီတာ" ဟုလည်းကောင်း၊ လက်မှတ် အသုံးပြုသော နေရာတွင် "လက်မှတ်"ဟုလည်းကောင်းဆိုင်းဘုတ်၏ အောက်ပိုင်းတွင် စာသားအဖြူဖြင့် ရေးသားထားရမည်။




ပုံ ၈၄

**လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများကို ညွှန်ပြသည့်ဆိုင်းဘုတ်**


လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများဖြစ်သော ဓာတ်ဆီဆိုင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ တယ်လီဖုန်း၊ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဆေးခန်း စသည့်နေရာများကို ဆိုင်းဘုတ်၏ အဖြူရောင် စတုရန်းပုံအတွင်းတွင် အနက်ရောင်သင်္ကေတရုပ်ပုံဖြင့် ရေးဆွဲရမည်။ ဆေးခန်းသင်္ကေတရုပ်ပုံကိုမူ အနီရောင်ဖြင့်သာ ရေးဆွဲရမည်။ အကွာအဝေးကို ဖော်ပြလိုပါက အဖြူ

နောက်ဆက်တွဲ (ဃ)။ ။ အဆုံး

ရောင်စတုရန်းအောက်ရှိ အပြာရောင်တွင် အဖြူရောင်ဂဏန်းဖြင့် ဖော်ပြရမည်။ အထက်ဆိုင်းဘုတ်သည် ၂ ဖာလုံ အကွာအဝေးတွင် ဓာတ်ဆီဆိုင် ရှိကြောင်း ညွှန်ပြသော ဆိုင်းဘုတ် (နမူနာ) ဖြစ်သည်။



ပုံ ၈၅



ပုံ ၈၆

ဘတ်စ်ကား မှတ်တိုင် ဆိုင်းဘုတ်များ

ဘတ်စ်ကားလိုင်း တစ်လိုင်းတည်းသာ ရှိသော မှတ်တိုင်နေရာကို ပုံ ၈၅ ဖြင့် လည်းကောင်း၊ ဘတ်စ်ကားလိုင်း တစ်လိုင်းထက် ပို၍ ရှိသော မှတ်တိုင်နေရာကို ပုံ ၈၆ ဖြင့် လည်းကောင်း ဖော်ပြရမည်။

နောက်ဆက်တွဲ (င)

## နယ်ဆုံးသင်္ကေတဆိုင်းဘုတ်များ



ပုံ ၈၇
အမြန်နှုန်း မိုင် ၃၀ ထက်
ပိုမမောင်းရ နယ်ဆုံး



ပုံ ၈၈
အမြန်နှုန်း မိုင် ၃၀ ထက်
လျှော့မမောင်းရ နယ်ဆုံး

ပုံ ၈၇ ပါ နယ်ဆုံးဆိုင်းဘုတ်သည် အမြန်နှုန်းမိုင် ၃၀ ထက် ပိုမမောင်းရန် သတ်မှတ်ထားသည့် နေရာအဆုံးကို ပြသခြင်းဖြစ်သည်။ ထိုသို့ ပြသလျှင် ထိုနေရာမှ စ၍ အမြန်နှုန်း မိုင် ၃၀ ထက် ပို၍ မောင်းခွင့်ပြုသော်လည်း အမြန်နှုန်း မိုင် ၅၀ ထက် ပိုမမောင်းရ။

ပုံ ၈၈ ပါ နယ်ဆုံးဆိုင်းဘုတ်သည် အမြန်နှုန်း မိုင် ၃၀ ထက် လျှော့မမောင်းရန် သတ်မှတ်ထားသည့် နေရာအဆုံးကို ပြသခြင်းဖြစ်သည်။ ထိုသို့ ပြသလျှင် ထိုနေရာမှ စ၍ အရှိန်လျှော့မောင်းရမည်ဖြစ်သဖြင့် အမြန်နှုန်း မိုင် ၃၀ ထက် ပိုမမောင်းရ။

## လမ်းအမှတ်အသားများ

၁။ လမ်းအလယ်ရှိ အလျားလိုက် မျဉ်းဖြူအမှတ်အသားများ



ပုံ ၈၉ အလယ်မျဉ်းပြတ်

(က) အလယ်မျဉ်းပြတ်၏ ဗြက်သည် အနည်းဆုံး ၁၅ စင်တီမီတာ (၆ လက်မ) ရှိရမည်။


(ခ) မျဉ်းပြတ်၏အလျားသည် အနည်းဆုံး ၂ မီတာ ( ၆ပေ ၆ လက်မ) ရှိရမည်။ မျဉ်းပြတ်တစ်ခုနှင့်တစ်ခုကြားရှိ အကွာအဝေးသည်သာမန်အားဖြင့် မျဉ်းပြတ်၏အလျားနှင့် တူညီရမည်။ သို့သော် လိုအပ်လျှင် ပိုနိုင်သည်၊

(ဂ) နှစ်လမ်းမောင်းတွင် မျဉ်းပြတ်ကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။ ဂ-ကွေ့လည်း ကွေ့နိုင်သည်။ တစ်လမ်းမောင်းလမ်းတွင်မူ မျဉ်းပြတ်ကိုဖြတ်၍ ယာဉ်ကြော ကူးပြောင်းနိုင်သည်၊

(ဃ) အန္တရာယ်ကင်းရှင်းလျှင် မျဉ်းပြတ်ကို ဖြတ်၍ ရှေ့ယာဉ်ကို ကျော်တက်နိုင်သည်၊

(င) မျဉ်းပြတ်များကို ခွ၍ မမောင်းရ၊

(စ) မျဉ်းပြတ်ပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



ပုံ ၉၀ အလယ်မျဉ်း


(က) အလယ်မျဉ်း၏ ဖြက်သည် အနည်းဆုံး၁၅ စင်တီမီတာ (၆လက်မ)ရှိ၍ တစ်ဆက်တည်း ရေးဆွဲရမည်၊

(ခ) ဤမျဉ်းကို ဖြတ်ကျော်၍ မကွေ့ရ။ ဂ–ကွေ့ မကွေ့ရ။ ယာဉ်ကြောလည်း မကူးပြောင်းရ၊

(ဂ) ဤမျဉ်းကိုဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ၊

(ဃ) ဤမျဉ်းကို ခွ၍ မမောင်းရ၊

(င) ဤမျဉ်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီး မစီးရ။



ပုံ ၉၁
အလယ်မျဉ်းပြိုင်နှစ်ကြောင်း

(က) အလယ်မျဉ်းတစ်ကြောင်း၏ ဖြက်သည် အနည်းဆုံး ၁၀ စင်တီမီတာ (၄လက်မ) နှင့် မျဉ်းပြိုင်နှစ်ကြောင်း ကြားရှိ အကွာအဝေးသည် ၁၀ စင်တီမီတာ (၄လက်မ) မှ ၁၈ စင်တီမီတာ (၇ လက်မ )အထိထားရှိနိုင်သည်၊


(ခ) မျဉ်းပြိုင်နှစ်ကြောင်းကို အန္တရာယ်ဖြစ်နိုင်သည့် လမ်းကွေ့ လမ်းကောက်များ၊ တံတားကျယ်များ၊ မြင်ကွင်းကွယ်နေသော ကုန်းထိပ်များ စသည့်နေရာများတွင် အသုံးပြုရမည်၊

(ဂ) မျဉ်းပြိုင်နှစ်ကြောင်းကို လုံးဝ ဖြတ်မကျော်ရ။ ဂ–ကွေ့ မကွေ့ရ။ ခွမမောင်းရ၊


(ဃ) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ရှေ့မှ ယာဉ်ကို လုံးဝ ကျော်မတက်ရ၊

(င) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ယာဉ်ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ၊

(စ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်း မလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



ပုံ ၉၂
နှစ်လမ်းမောင်း



ပုံ ၉၃
တစ်လမ်းမောင်း

အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်များဖြင့် ရေးဆွဲထားခြင်း–

(က) ကစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်အသီးသီး၏ ဖြက်သည် အနည်းဆုံး ၁၀ စင်တီမီတာ (၄ လက်မ)နှင့် မျဉ်းနှစ်ကြောင်းကြားရှိ အကွာအဝေးသည် ၁၀ စင်တီမီတာ (၄ လက်မ)မှ ၁၈ စင်တီမီတာ (၇ လက်မ)အထိ ထားရှိနိုင်သည်၊

(ခ) မျဉ်းပြတ်၏ အလျားသည် အနည်းဆုံး ၂ မီတာ (၆ ပေ ၆ လက်မ) ရှိရမည်။ မျဉ်းပြတ် တစ်ခုနှင့်တစ်ခုကြားရှိ အကွာအဝေးသည် သာမန်အားဖြင့် မျဉ်းပြတ်၏ အလျားနှင့် တူညီရမည်။ သို့သော် လိုအပ်လျှင် ပိုနိုင်သည်၊


(ဂ) မျဉ်းပြတ်ရှိသော ယာဉ်ကြောများဘက်မှ ယာဉ်သည် မျက်နှာချင်းဆိုင်လာသောဘက်မှ ယာဉ် အန္တရာယ် ကင်းရှင်းလျှင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။ သို့ရာတွင် ဂ–ကွေ့မကွေ့ရ၊

(ဃ) မျဉ်းပြတ်ရှိသော ယာဉ်ကြောများဘက်မှ ယာဉ်သည် အလယ်မျဉ်းနှစ်ကြောင်းကို ဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ။ ခွ မမောင်းရ၊

(င) တစ်ဆက်တည်းမျဉ်းရှိသော ယာဉ်ကြောများဘက်မှ ယာဉ်သည် တစ်ဆက်တည်းမျဉ်းကို လုံးဝဖြတ်မကျော်ရ၊

(စ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီး မစီးရ။

## ယာဉ်ကြောများကို သတ်မှတ်သည့် အလျားလိုက် မျဉ်းဖြူ အမှတ်အသားများ



ပုံ ၉၄ တစ်လမ်းမောင်းလမ်း

(က) လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း ရှေ့နောက် လွယ်ကူစွာနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရန်အတွက် ယာဉ်ကြောများကို တစ်ဆက်တည်းမျဉ်း၊ မျဉ်းပြတ်တို့ဖြင့် သတ်မှတ်သည်၊

(ခ) မျဉ်းများ၏ ဖြက်သည် အလယ်မျဉ်း၏ ဖြက်ထက် ကျဉ်း၍ အနည်း ဆုံး ၁၀ စင်တီမီတာ ( ၄လက်မ) ရှိရမည်၊

(ဂ) လမ်းဆုံလမ်းခွတွင် ကန့်လန့်ဖြတ်ရေးဆွဲထားသော ရပ်မျဉ်းသို့ မရောက်မီ အနည်းဆုံး မီတာ ၃၀ ( ပေ ၁၀၀) မှ စ၍ ရပ်မျဉ်း အထိ တစ်ဆက်တည်းမျဉ်းဖြင့် ယာဉ်ကြောများကို ခွဲခြား ထားရမည်၊

(ဃ) မျဉ်းပြတ်များဖြင့် ခွဲခြားထားသောယာဉ်ကြောများတွင် ယာဉ် များသည် ယာဉ်ကြောတစ်ခုမှ တစ်ခုသို့ ကူးပြောင်းနိုင်သည်။ ယာဉ်ကြောကူးပြောင်းရာတွင် အလိုက်သင့်အလျားသင့် တစ်ခု ပြီးမှ တစ်ခု ကူးပြောင်းရမည်။ နောက်မှ လိုက်လာသောယာဉ် ကို အနှောင့်အယှက် မဖြစ်စေရ။ လမ်းဆုံလမ်းခွ မရောက်မီ တစ်ဆက်တည်းမျဉ်း နေရာတွင် ယာဉ်ကြော လုံး၀ မကူး ပြောင်းရ၊

(င) မျဉ်းပြတ်နေရာတွင် ရှေ့ယာဉ်ကို ကျော်တက်နိုင်သည်။ တစ် ဆက်တည်းမျဉ်းနေရာတွင်မူ ကျော်မတက်ရ။

**မှတ်ချက်။** မျဉ်း၀ါဖြင့် သတ်မှတ်သော ယာဉ်ကြောသည် ဘတ်စ်ကားများအတွက်သာ ဖြစ်သည်။



**ပုံ ၉၅ နှစ်လမ်းမောင်းလမ်း**

(က) တစ်လမ်းမောင်းလမ်း၏ ရှင်းလင်းချက် (က)ပါအတိုင်း ဖြစ် သည်၊

နောက်ဆက်တွဲ (စ) ။ ။ အဆက်

(ခ) တစ်လမ်းမောင်းလမ်း၏ ရှင်းလင်းချက် (ခ) ပါအတိုင်းဖြစ်သည်၊

(ဂ) တစ်လမ်းမောင်းလမ်း၏ ရှင်းလင်းချက် (ဂ) ပါအတိုင်း ဖြစ်သည်၊

(ဃ) သာမန်အားဖြင့် လက်ယာဘက်ယာဉ်ကြောတွင် မောင်းနှင်ရမည်။ လက်ဝဲဘက်သို့ ကွေ့လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ လက်ဝဲယာဉ်ကြောသို့ ကူးပြောင်းပြီးမှ ကွေ့ရမည်၊

(င) ရှေ့ယာဉ်ကို ကျော်တက်လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ ကျော်တက်ရမည်၊

(စ) အလယ်မျဉ်းပြတ်ရှိသော နေရာများတွင်သာ ဂ-ကွေ့ကွေ့နိုင်သည်။

လမ်းပေါ်တွင် ညွှန်ပြသည့် မြှားပုံအမှတ်အသား



ပုံ ၉၆



ပုံ ၉၇
မြှားဖြူများ



ပုံ ၉၈


**နောက်ဆက်တွဲ (၈) ။ ။ အဆက်**

(က) လမ်းဆုံလမ်းခွသို့ မရောက်မီ သွားနိုင်သည့် ယာဉ်ကြောကို ညွှန်ပြသော မြားများပုံဖြစ်သည်၊

(ခ) မြား၏ အလျားသည် အနည်းဆုံး ၂ မီတာ ( ၆ပေ ၆ လက်မ) ရှိရမည်။ ရှေ့နှင့်နောက် မြားဟစ်ခုနှင့် တစ်ခုကြားရှိ အကွာအဝေးသည် အနည်းဆုံး ၃၀ မီတာ (၁၀၀ ပေ) ခန့်ရှိရမည်။


မှတ်ချက်။ မြားဝါများသည် ဘတ်စ်ကားများအတွက်သာ ဖြစ်သည်။

ကန့်လန့်ဖြတ်ရပ် မျဉ်းဖြူအမှတ်အသားများ



ပုံ ၉၉

ရပ်မျဉ်းဖြူများ




ပုံ ၁၀၀

ရပ်မျဉ်းအပြင် "ရပ်"စာသားဖြင့် ထပ်ဆင့်ဖော်ပြခြင်း


(က) အထက်ပါပုံ ၉၉ နှင့် ပုံ ၁၀၀ တွင် ရပ်မျဉ်းများကို ဖော်ပြထားသည်။ ယာဉ်ရပ်သောအခါ ၎င်းမျဉ်း၏ နောက်တွင်သာ ရပ်ရမည်။ ရပ်ထားသောယာဉ်၏ ယာဉ်မောင်းသူသည် လက်ဝဲ လက်ယာတို့မှ ယာဉ်နှင့် ခြေကျင်လျှောက်သူများ သွားလာမှု

ကို ကောင်းစွာ မြင်နိုင်သည့်နေရာတွင် ၎င်းမျဉ်းကို ရေးဆွဲရမည်၊

(ခ) ရပ်မျဉ်း၏ဖြက်သည် ၁၅ စင်တီမီတာ (၆ လက်မ)မှ ၄၆ စင်တီမီတာ (၁၈ လက်မ) အထိ ရှိနိုင်သည်၊

(ဂ) ရပ်မျဉ်းရှိကြောင်း သိစေရန်အတွက် လမ်းပေါ်တွင် "ရပ်" စာသားကိုပါ အဖြူရောင်ဖြင့် ရေးဆွဲနိုင်သည်။ ၎င်းစာသား၏ အောက်ခြေမှ ထိပ်အထိ ၂ မီတာ ( ၆ ပေ ၆လက်မ)ထက် မငယ်စေရ။ ရပ်မျဉ်းမှ စာသားထိပ်အထိ အကွာအဝေး အနည်းဆုံး ၃ မီတာ (၁၀ ပေ) ရှိရမည်။

## ခြေကျင်လျှောက်သူများအတွက် မျဉ်းဝါအမှတ်အသားများ




ပုံ ၁၀၁ လူကူးမျဉ်းကျားအဝါ

(က) ခြေကျင်လျှောက်သူများ အန္တရာယ်ကင်းရှင်းစွာ လမ်းကို ဖြတ်ကူးနိုင်ရန်နေရာသတ်မှတ်ချက်ကို မျဉ်းကျားအဝါဖြင့် ဖော်ပြ၍ လူနှင့် ယာဉ်အသွားအလာများသော နေရာများတွင်အသုံးပြုရမည်၊

(ခ) မျဉ်းကျား၏ **အနံသည် အနည်းဆုံး ၃** မီတာ (၁၀ ပေ) ရှိရမည်။ လိုအပ်ပါက ၄ မီတာ (၁၃ ပေ) အထိ တိုးချဲ့နိုင်သည်၊

(ဂ) မျဉ်းတစ်ခုနှင့်တစ်ခု ကြားအကွာအဝေးသည် သာမန်အားဖြင့် မျဉ်း၏ဖြက်နှင့် တူညီရမည်။ သို့ရာတွင် မျဉ်းဖြက်၏ နှစ်ဆထက်မပိုစေရ။ မျဉ်း၏ဖြက်သည် ၃၀ စင်တီမီတာ (၁ ပေ)မှ ၄၆ စင်တီမီတာ( ၁ပေ ၆ လက်မ)အထိ ရှိရမည်၊

(ဃ) မျဉ်းကျားရှိကြောင်းကို ယာဉ်ထိန်းအချက်ပြမီးဖြင့် သတိပေးလိုပါက၊ ၎င်းမီးကို မျဉ်းကျားမှ ၅ မီတာ (၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် ပြသရမည်။ သို့မဟုတ် **ရှေ့တွင် လူကူးလမ်းရှိသည်**ဟု အန္တရာယ် သတိပေး လမ်းညွှန်းဖြင့် မီတာ ၅၀ (၁၆၅ ပေ) အကွာအဝေးတွင် ဖော်ပြရမည်။




**ပုံ ၁၀၂ လူကူးမျဉ်းဝါများ**

(က) ယာဉ်ထိန်းအချက်ပြမီး၊ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ ထိန်းသိမ်းသော လမ်းဆုံလမ်းခွတွင် လူဖြတ်ကူးရန်အတွက် မျဉ်းဝါနှစ်ကြောင်းကို ရပ်မျဉ်း၏ ရှေ့တွင် ရေးဆွဲရမည်၊

(ခ) မျဉ်းဝါတစ်ကြောင်း၏ ဖြက်သည် ၁၅ စင်တီမီတာ (၆လက်မ) မှ ၄၆ စင်တီမီတာ ( ၁ ပေ ၆ လက်မ) အထိ ရှိရမည်၊ မျဉ်းကြောင်း တစ်ခုနှင့်တစ်ခုကြားရှိ အကွာအဝေးသည် အနည်းဆုံး ၂ မီတာ ( ၆ ပေ ၆ လက်မ) ရှိရမည်၊

(ဂ) ရပ်မျဉ်း၏ထိပ်နှင့် အနီးဆုံး မျဉ်းဝါ၏ အကွာအဝေးသည် အနည်းဆုံး ၁.၅ မီတာ( ၅ ပေ) ခန့်ရှိရမည်၊



ပုံ ၁၀၃ လူကူးမျဉ်းဝါပြတ်

(က) လူကူး မျဉ်းဝါပြတ်များကို ယာဉ် အသွားအလာ များသော ကျောင်းရှေ့၊ ဆေးရုံရှေ့၊ ဘတ်စ်ကားမှတ်တိုင်အနီးစသည့်နေရာများ၌ အသုံးပြုရမည်၊

(ခ) မျဉ်းဝါပြတ်နှစ်ကြောင်းကြားရှိ လူကူးလမ်း၏ အကျယ်သည် ၃ မီတာ (၁၀ ပေ) မှ ၄ မီတာ (၁၃ ပေ) အထိ ရှိရမည်၊

(ဂ) မျဉ်းဝါပြတ် တစ်ခု၏အလျားသည်အနည်းဆုံး ၆၁ စင်တီမီတာ (၂ ပေ) နှင့် ဖြက်သည် အနည်းဆုံး ၃၀ စင်တီမီတာ (၁ ပေ) ရှိရမည်။ ၎င်းတို့၏ကြား အကွာအဝေးသည် ၎င်း၏ အလျားနှင့် တူညီရမည်၊

(ဃ) လူကူးမျဉ်းဝါပြတ်ရှိသည့် နေရာသို့ မရောက်မီ အနည်းဆုံး မီတာ ၅၀ ( ၁၆၅ ပေ) အကွာအဝေး၌ ရှေ့တွင် လူကူးမျဉ်း ရှိသည်၊ သို့မဟုတ် ရှေ့တွင် ကျောင်းရှိသည်ဟု အန္တရာယ် သတိပေးလမ်းညွှန်းကို ဖော်ပြရမည်။

## ပုံ ၁၀၁၊ ပုံ ၁၀၂၊ ပုံ ၁၀၃ လူကူးမျဉ်းဝါနေရာများတွင် ယာဉ်မောင်းသူများ လိုက်နာရမည့်အချက်များ

(က) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာသို့ မရောက်မီ အနည်းဆုံးမီတာ ၅၀ (၁၆၅ ပေ) အကွာအဝေးမှ အရှိန်လျှော့၍ သတိဖြင့် မောင်းနှင် ချဉ်းကပ်ရမည်။ ဖြတ်ကူးသူများရှိနေလျှင် မျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်မှ အနည်းဆုံး ၅ မီတာ(၁၆ ပေ ၆ လက်မ) အကွာအဝေးတွင် ယာဉ်ကို ရပ်ပြီး လမ်းဖြတ်ကူး သူများ ရှင်းမှ ဆက်မောင်းရမည်၊

(ခ) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်ပေါ်တွင် မည်သည့် အကြောင်းကြောင်းနှင့်မျှ ယာဉ်လုံးဝ မရပ်ရ။ ထိုမျဉ်းများပေါ်တွင် ယာဉ်ပျက်စီး ချွတ်ယွင်း၍ ရပ်သွားပါက ထိုမျဉ်းများနှင့်လွတ် ကင်းသည့် လမ်းဘေးနေရာသို့ အမြန်ဆုံး ရွှေ့ရမည်၊

နောက်ဆက်တွဲ (စ) ။ ။ အဆက်


(ဂ) လူကူးမျဉ်းကျား၊ သို့မဟုတ်မျဉ်းဝါပြတ်နေရာ၌ရပ်ထားသော ယာဉ်ကိုကျော်မတက်ရ။ သွားနေသော ရှေ့ယာဉ်ကိုလည်း ကျော်မတက်ရ၊

(ဃ) လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ယာဉ်ထိန်းရဲ၊ သို့မဟုတ် တာဝန်ပေးအပ်ခံရသူက ကြီးကြပ်ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာရမည်၊


(င) လမ်းဆုံလမ်းခွတွင် ရပ်မျဉ်းနောက်၌သာ ယာဉ်ကို ရပ်ရမည်။ လူကူးမျဉ်းဝါပေါ်တွင် ယာဉ်မရပ်ရ၊

(စ) လမ်းဆုံလမ်းခွ၌ ယာဉ်ကွေ့လျှင် ကွေ့မည့်လမ်းပေါ်တွင် ဖြတ်ကူးသူများကို အထူးဂရုစိုက်ရမည်။

## လမ်းပေါ်မျဉ်းဝါကျွန်းအမှတ်အသားများ



ပုံ ၁၀၄
လမ်းအလျားလိုက်ကျွန်း



ပုံ ၁၀၅



ပုံ ၁၀၆

လမ်းခွဲကျွန်းများ

## လမ်းခွဲကျွန်းများ


(က) ယာဉ်များ ဖြတ်ကျော်ခြင်း မပြုစေလိုသည့် လမ်းပေါ်ကျွန်း အမှတ်အသားများကို မျဉ်းဝါများဖြင့် ရေးဆွဲသတ်မှတ်ရမည်၊

(ခ) ကျွန်းပတ်လည်ရေးဆွဲထားသော မျဉ်းဝါ၏ ဖြက်သည် အနည်းဆုံး ၃၀ စင်တီမီတာ ( ၁ ပေ)ရှိရမည်။ ကျွန်းအတွင်း၌မျဉ်းဝါ ကျားများပါ ရေးဆွဲနိုင်သည်၊


(ဂ) ကျွန်းပေါ်တွင် ယာဉ်များ ရပ်ခြင်း၊ ဖြတ်ကျော်ခြင်း မပြုရ၊

(ဃ) ကျွန်းရှိသော လမ်းကို ဖြတ်ကူးသူသည် ကျွန်းပေါ်တွင် တစ်ထောက်နားပြီး ယာဉ်သွားလာမှု ရှင်းမှ ဆက်လက်ဖြတ်ကူးနိုင်သည်။ ကျွန်းအတွင်း လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း မပြုရ။

## မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာ အမှတ်အသားများ



ပုံ ၁၀၇
လမ်းဘေးယာဉ်ကြောမှခွဲ၍ သီးခြားသတ်မှတ်ထားသော ဘတ်စ်ကား မှတ်တိုင်နေရာများ



ပုံ ၁၀၈

လမ်းဘေးယာဉ်ကြောအတွင်း သတ်မှတ်ထားသော
ဘတ်စ်ကားမှတ်တိုင်နေရာများ

(က) မြို့တွင်း ယာဉ်သွားလာမှုများပြားသောလမ်းတွင် ခရီးသည်များ အတင်အချအတွက် ဘတ်စ်ကားမှတ်တိုင်နေရာများကို လမ်းဘေး၌ မျဉ်းဝါပြတ်များဖြင့် သတ်မှတ်ရမည်၊

(ခ) မျဉ်းဝါပြတ်တစ်ခု၏ အလျားသည် အနည်းဆုံး ၆၁ စင်တီမီတာ (၂ ပေ)နှင့် ဖြက်သည် အနည်းဆုံး၁၅ စင်တီမီတာ(၆ လက်မ) ရှိရမည်။ မျဉ်းဝါပြတ်တစ်ခုနှင့်တစ်ခု၏ကြားရှိ အကွာအဝေးသည် မျဉ်းဝါပြတ်၏အလျားနှင့် တူညီရမည်၊


(ဂ) ဘတ်စ်ကားမှတ်တိုင်နေရာ၏ အကျယ်အဝန်းသည် အနည်းဆုံးဘတ်စ်ကားကြီးတစ်စီး ရပ်ဆိုင်းရန်လုံလောက်သော နေရာဖြစ်ရမည်၊

(ဃ) လမ်း၏တစ်ဘက်တစ်ချက်တွင် ထားရှိသော ဘတ်စ်ကားမှတ်တိုင်နေရာ တစ်ခုနှင့်တစ်ခုသည် မျက်နှာချင်းဆိုင် မရှိစေရ၊ ထိုမှတ်တိုင်နေရာတစ်ခုနှင့် တစ်ခု ဖားလွှယ်ခတ်အကွာအဝေးသည် အနည်းဆုံး ဘတ်စ်ကားကြီး နှစ်စီးစာ ရှိရမည့် အပြင်


**နောက်ဆက်တွဲ (စ) ။ ။အဆက်**

မှတ်တိုင်နေရာများတွင် ဘတ်စ်ကားများ ရပ်ဆိုင်းသည့်အခါ နောက်မြီးချင်းသာ စားလွယ်ခုတ်အနေအထား ရှိရမည်။

## လမ်းဘေးကပ်တုံး အမှတ်အသားများ



ပုံ ၁၀၉



ပုံ ၁၁၀

အဖြူ / အနီလမ်းဘေးကပ်တုံးများ    အဝါ / အနက် လမ်းဘေးကပ်တုံးများ

(က) ပုံ ၁၀၉ ပါ လမ်းဘေးကပ်တုံး ရှိသော လမ်းတစ်လျှောက်တွင် ယာဉ်များ လုံးဝ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။ ၎င်းအမှတ်အသားကို အဝိုင်းပတ်များ၊ လမ်းခွဲကျွန်းများ၊ အန္တရာယ်ရှိသော လမ်းကွေ့များ၊ လမ်းဆုံလမ်းခွများ စသည့်နေရာများတွင် အသုံးပြုရမည်၊

(ခ) ပုံ ၁၁၀ ပါ လမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်ကို ခေတ္တ ခဏသာ ရပ်ဆိုင်းနိုင်သော်လည်း လုံးဝ ရပ်မထားရ။ ၎င်းအမှတ်အသားကို လမ်းပိတ်ဆို့စေနိုင်သည့် ဈေး၊ ကျောင်း၊ ဆေးရုံ၊ လူအဝင်အထွက်များသော ရုံး စသည်တို့၏ နေရာများတွင် အသုံးပြုရမည်၊

(ဂ) လမ်းဘေးကပ်တုံးများတွင် အရောင်တစ်မျိုးစီ၏ အလျားသည် အနည်းဆုံး ၄၆ စင်တီမီတာ ( ၁ ပေ ၆ လက်မ) စီရှိရမည့် အပြင် ဆေးများကို ကပ်တုံးအပြည့်သုတ်ရမည်။

## အဖြူ/အနီကျား လမ်းဘေးတိုင်များ



ပုံ ၁၁၁

(က) ပုံ ၁၁၁ ပါ တိုင်များကို ချောက်ကမ်းပါးရှိသော လမ်းဘေး၊ အန္တရာယ် ဖြစ်ပေါ်နိုင်သော လမ်းကွေ့လမ်းကောက် စသည့် နေရာများတွင် စိုက်ထူထားရမည်၊

(ခ) ၎င်းတိုင်များရှိသော လမ်းဘေးတစ်လျှောက်တွင် ယာဉ်များ လုံးဝရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရသည့်အပြင် ယာဉ်အချင်း ချင်း ကျော်မတက်ရ။ ၎င်းတိုင်များကို တွေ့လျှင် ယာဉ်အရှိန် လျှော့၍ သတိဖြင့် မောင်းနှင်ရမည်၊


(ဂ) ၎င်းတိုင်များပတ်လည်တွင် အဖြူ/အနီတစ်ကွက်စီ၏ ဗြက်သည် အနည်းဆုံး ၁၅ စင်တီမီတာ (၆ လက်မ) ရှိရမည်။

နောက်ဆက်တွဲ (ဆ)

## မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့် အချက်ပြပုံများ



ပုံ ၁၁၂
လက်ဝဲစတီယာရင်




ပုံ ၁၁၃
လက်ယာစတီယာရင်

ပုံ ၁၁၂ နှင့် ပုံ ၁၁၃ သည် လက်ယာဘက်သို့ ကွေ့ရန်၊ သို့မဟုတ် လက်ယာဘက် ယာဉ်ကြောသို့ ပြောင်းရန်၊ သို့မဟုတ် လက်ယာနံဘေးသို့ ကပ်ရန် အချက်ပြခြင်း။ မီးဖြင့်၊ လက်ဖြင့် အချက်ပြနည်းများကိုယာဉ်၏ နောက်မှ မြင်ရပုံ။




ပုံ ၁၁၄
လက်ဝဲစတီယာရင်



ပုံ ၁၁၅
လက်ယာစတီယာရင်

ပုံ ၁၁၄ နှင့် ပုံ ၁၁၅ သည် လက်ဝဲဘက်ကွေ့ရန်၊ သို့မဟုတ် လက်ဝဲဘက်ယာဉ်ကြောသို့ ပြောင်းရန်၊ သို့မဟုတ် လက်ဝဲနံဘေးသို့ ကပ်ရန် အချက်ပြခြင်း။ မီးဖြင့်၊ လက်ဖြင့်အချက်ပြနည်းများကို ယာဉ်နောက်မှ မြင်ရပုံ။



ပုံ ၁၁၆

လက်ဝဲစတီယာရင်



ပုံ ၁၁၇

လက်ယာစတီယာရင်

ပုံ ၁၁၆ နှင့် ပုံ ၁၁၇ သည် အရှိန်လျှော့နေသည်ဟု အချက်ပြခြင်း မီးအနီဖြင့်၊ လက်ဖြင့်အချက်ပြနည်းများကို ယာဉ်၏နောက်မှ မြင်ရပုံ။



ပုံ ၁၁၈

လက်ဝဲစတီယာရင်



ပုံ ၁၁၉

လက်ယာစတီယာရင်

ပုံ ၁၁၈ နှင့် ပုံ ၁၁၉သည် ရပ်မည်ဟု အချက်ပြခြင်း မီးအနီဖြင့်၊ လက်ဖြင့် အချက်ပြနည်းများကို ယာဉ်၏နောက်မှ မြင်ရပုံ။

မှတ်ချက်။ (၁) အချက်ပြမီးများနှင့် ဘရိတ်မီးများ ကောင်းမွန်နေလျှင် လက်ဖြင့် အချက်မပြဘဲ နေနိုင်သည်၊

(၂) ခြေကျင်လျှောက်သူများ ဖြတ်ကူးရန်နေရာသို့ အရှိန်လျှော့ပြီး ချဉ်းကပ်သောအခါ လက်ဖြင့်ပါ အချက်ပြရမည်။



ပုံ ၁၂၀
လက်ဝဲစတီယာရင်



ပုံ ၁၂၁
လက်ယာစတီယာရင်

ပုံ ၁၂၀ နှင့် ပုံ ၁၂၁ သည် ကျော်တက်နိုင်ကြောင်း အချက်ပြခြင်း လက်ယာဘက်မီးဖြင့်၊ လက်ဖြင့် အချက်ပြနည်းကို ယာဉ်၏ နောက်မှ မြင်ရပုံ။



ပုံ ၁၂၂
လက်ဝဲစတီယာရင်



ပုံ ၁၂၃
လက်ယာစတီယာရင်

ပုံ ၁၂၂ နှင့် ပုံ ၁၂၃ သည် တည့်တည့်သွားလိုကြောင်း အချက်ပြခြင်း လက်ဖြင့် အချက်ပြနည်းကို ယာဉ်၏ ရှေ့မှ မြင်ရပုံ။

## အနေးယာဉ်များအတွက် လက်ဖြင့်အချက်ပြပုံများ

(က) လက်ယာဘက်သို့ ကွေ့ရန် အချက်ပြပုံ



ပုံ ၁၂၄
မြင်းလှည်း



ပုံ ၁၂၅
ဆိုက်ကား



ပုံ ၁၂၆
တွန်းလှည်း



ပုံ ၁၂၇
ဆွဲလှည်း

(ခ) လက်ဝဲဘက်သို့ ကွေ့ရန် အချက်ပြပုံ



ပုံ ၁၂၈
မြင်းလှည်း



ပုံ ၁၂၉
ဆိုက်ကား




ပုံ ၁၃၀
တွန်းလှည်း



ပုံ ၁၃၁
ဆွဲလှည်း

(ဂ) ရပ်မည်ဟု အချက်ပြပုံ



ပုံ ၁၃၂
မြင်းလှည်း



ပုံ ၁၃၃
ဆိုက်ကား



ပုံ ၁၃၄
တွန်းလှည်း



ပုံ ၁၃၅
ဆွဲလှည်း

(ဃ) ကျော်တက်နိုင်ကြောင်း အချက်ပြပုံ



ပုံ ၁၃၆
မြင်းလှည်း



ပုံ ၁၃၇
ဆိုက်ကား




ပုံ ၁၃၈
တွန်းလှည်း



ပုံ ၁၃၉
ဆွဲလှည်း


(င) တည့်တည့်သွားလိုကြောင်း အချက်ပြပုံ



ပုံ ၁၄၀
မြင်းလှည်း



ပုံ ၁၄၁
ဆိုက်ကား



ပုံ ၁၄၂
တွန်းလှည်း



ပုံ ၁၄၃
ဆွဲလှည်း

နောက်ဆက်တွဲ (ဆ) ။ ။ အဆက်

## စက်ဘီးစီးသူများ လက်ဖြင့်အချက်ပြပုံ



ပုံ ၁၄၄

လက်ယာဘက်သို့ ကွေ့ရန်အချက်ပြပုံ



ပုံ ၁၄၅ ၁.၄၅

လက်ဝဲဘက်သို့ ကွေ့ရန်အချက်ပြပုံ



ပုံ ၁၄၆

အရှိန်လျှော့မည်ဟု အချက်ပြပုံ



ပုံ ၁၄၇

ရပ်မည်ဟု အချက်ပြပုံ



ပုံ ၁၄၈

ကျော်တက်နိုင်ကြောင်း အချက်ပြပုံ



ပုံ ၁၄၉

တည့်တည့်သွားလိုကြောင်း အချက်ပြပုံ

## ကြီးကြပ်ထိန်းသိမ်းပေးနေသည့် ယာဉ်ထိန်းရဲ၊ သို့မဟုတ် တာဝန်ပေးအပ်ခြင်း ခံရသူမှ လက်ဖြင့်အချက်ပြပုံများ



ပုံ ၁၅၀

(က) ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးရပ်ရန်။ အချက်ပြသူသည် လမ်းတစ်ဘက်သို့ မျက်နှာမူပြီး ၎င်း၏လက်နှစ်ဘက်စလုံးကို ဘေးသို့ဆန့်ထုတ်၍ ပခုံးအထက်သို့ (၃၀) ဒီဂရီမြှင့်လျက် လက်ဝါးနှစ်ဘက်ကို ဝဲယာသို့ ထောက်ပြထားရမည်၊



ပုံ ၁၅၁

(ခ) **ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးကို ရပ်ထားရာမှ လက်ယာဘက်ရှိယာဉ်များကို သွားခွင့်ပြုခြင်း။** ပုံ ၁၅၀ ပါ အချက်ပြအနေအထားမှ လက်ယာဘက် လက်ဝါးကို အတွင်းသို့ လှည့်၍ အချက်ပြသူ၏ မျက်နှာရှေ့အထိ တံတောင်ဆစ်မှ ကွေးချည် ဆန့်ချည်ပြုရမည်၊



ပုံ ၁၅၂

(ဂ) **ရှေ့၊ နောက်၊ ဝဲ၊ ယာရှိ ယာဉ်အားလုံးကို ရပ်ထားရာမှ လက်ဝဲဘက်ရှိယာဉ်များကို သွားခွင့်ပြုခြင်း။** ပုံ ၁၅၀ ပါ အချက်ပြအနေအထားမှ လက်ဝဲဘက် လက်ဝါးကို အတွင်းသို့ လှည့်၍ အချက်ပြသူ၏ ဦးခေါင်းနောက်ထိ တံတောင်ဆစ်မှ ကွေးချည် ဆန့်ချည်ပြုရမည်၊



ပုံ ၁၅၃

(ဃ) **ရှေ့၊ နောက် ယာဉ်များ ရပ်ရန်၊ ဝဲ၊ ယာယာဉ်များ သွားရန်။**
အချက်ပြသူသည် ရပ်စေလိုသည့်ယာဉ်များရှိသော လမ်းနှစ်ဘက် အနက် တစ်ဘက်သို့ မျက်နှာမူ၍ လက်ဝဲသို့မဟုတ် လက်ယာ လက်ကို ဘေးတစ်ဘက်သို့ ပခုံးနှင့်တစ် တန်းတည်းဆန့်ထုတ် ပြီး ကျန်လက်တစ်ဘက်ကို တံတောင်ဆစ်မှ (၉၀)ဒီဂရီထောင် ၍ လက်ဝါးများကို မျက်နှာမူသည့်ဘက်သို့ ပြသထားရမည်၊



ပုံ ၁၅၄

(င) **ခြေကျင်လျှောက်သူများ၊ ဖြတ်ကူးရန်အတွက် ယာဉ်များ ရပ်စေခြင်း။** ကြီးကြပ်ထိန်းသိမ်းပေးသူသည် လူကူးမျဉ်းကို ကျော်ပေး၍ ရှေ့နောက် ယာဉ်များကို ရပ်စေရန် ပုံ ၁၅၃ သို့ မဟုတ် ပုံ ၁၅၄ ပါအတိုင်း ပြသရမည်၊

(စ) **အလင်းရောင်နည်းချိန်၌ လက်ကိုင်မီးများဖြင့် အချက်ပြခြင်း။** ကြီးကြပ်ထိန်းသိမ်းပေးနေသူသည် လက်တစ်ဘက်တွင် မီးနီ၊ ကျန်တစ်ဘက်တွင် မီးဝါကို ကိုင်လျက် သွားစေလိုသည့်ယာဉ် အား မီးဝါဖြင့်လည်းကောင်း၊ ရပ်စေလိုသည့်ယာဉ်အား မီးနီ ဖြင့်လည်းကောင်း ပြသရမည်၊

(ဆ) **အချက်ပြမှုကို ဝီစီသံဖြင့် ကွဲသုံးခြင်း။** ကြီးကြပ်ထိန်းသိမ်း ပေးသူသည် လမ်းအသုံးပြုသူများက အချက်ပြမှုကို အာရုံစူးစိုက် စေရန်အတွက် ဝီစီသံကိုပါ တွဲ၍ အသုံးပြုနိုင်သည်။

## ယာဉ်ထိန်းအချက်ပြမီးများ

၁။ ယာဉ်ထိန်းအချက်ပြမီးများကို တပ်ဆင်အသုံးပြုပါက အောက်ပါသတ်မှတ်ချက်အတိုင်း အသုံးပြုရမည်–

(က) လမ်းဆုံလမ်းခွတွင် အနီ၊ အဝါ၊ အစိမ်းရောင် မီးသုံးမျိုးကို အထက်မှအောက်သို့ အစဉ်လိုက်တပ်ဆင်ရမည်။ အချက်ပြမီးလင်းမှု အစီအစဉ်မှာ အနီ–အစိမ်း–အဝါ–အနီဖြစ်ရမည်၊

(ခ) မြားပုံပါ မီးစိမ်းကိုပါ ပြသလိုပါက မီးစိမ်း၏ လက်ယာဘက်ဘေးတွင်ဖြစ်စေ၊ အောက်ဘက်တွင်ဖြစ်စေ တွဲ၍ တပ်ဆင်ပြသရမည်။ ထိုသို့တွဲ၍ တပ်ဆင်ရာ၌ လိုအပ်လျှင် မီးစိမ်းအစား မြားပုံပါ မီးစိမ်းကို အသုံးပြုနိုင်သည်။ လမ်းလေးခုထက် ပို၍ဆုံသော နေရာတွင် မီးသုံးမျိုး နှစ်စုံကို ယှဉ်၍ တပ်ဆင်ထားပါက မီးစိမ်းအစား မြားပုံပါ မီးစိမ်းကို ပြသရမည်၊

(ဂ) ယာဉ်သွားလာမှု နည်းပါးချိန်တွင် လမ်းဆုံလမ်းခွများ၌ သတိဖြင့် မောင်းနှင်ရန် မီးနီနှင့် မီးစိမ်းကို ပိတ်ပြီး မီးဝါကို မှိတ်တုတ် မီးဝါအဖြစ် ပြောင်းလဲပြသနိုင်သည်၊

(ဃ) လူကူးမျဉ်းကျားတွင်ဖြစ်စေ၊ တီ– ပုံသဏ္ဍာန် လမ်းဆုံတွင်ဖြစ်စေ မှိတ်တုတ် မီးဝါတစ်လုံး၊ သို့မဟုတ် တစ်လှည့်စီလင်းသော မီးဝါနှစ်လုံးတွဲ တပ်ဆင်ထားနိုင်သည်၊

(င) ရထားလမ်းဖြတ်ကူးနေရာနှင့် မ တင်နိုင်သောတံတား (Draw Bridge)တို့တွင် မှိတ်တုတ်မီးနီ တစ်လုံး၊ သို့မဟုတ် တစ်လှည့်စီလင်း သော မီးနီနှစ်လုံး တပ်ဆင်ထားနိုင်သည်၊

(စ) ခြေကျင်လျှောက်သူများအတွက် သီးခြား အချက်ပြမီးများအသုံး ပြုလျှင် လူမတ်တတ်ရပ်နေသည့် ပုံပါ မီးနီနှင့်လူလမ်းလျှောက် နေသည့် ပုံပါ မီးစိမ်းတို့ကို အထက်အောက်ပြသရမည်။

၂။ ယာဉ်ထိန်းအချက်ပြ မီးရောင်များ၏ သတ်မှတ်ချက်တို့မှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) **အနီ**။ အနီရောင်ပြလျှင် ရပ်မျဉ်းနောက်တွင် ယာဉ်ကို ရပ်ရမည်။ ရပ်မျဉ်း မရှိက အချက်ပြမီးတိုင် မရောက်မီရပ်ရမည်။ လူကူး မျဉ်းပေါ်တွင် မရပ်ရ၊

(ခ) **အဝါ**။ ရပ်မျဉ်း သို့မဟုတ် အချက်ပြမီးတိုင်သို့ မရောက်မီအဝါ ရောင်ပြလျှင် ယာဉ်ကို ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြ မီးတိုင် မရောက်မီ ရပ်ရမည်၊

(ဂ) **အစိမ်း**။ အစိမ်းရောင်ပြလျှင် မောင်းနှင်နိုင်သည်။သို့ရာတွင် လမ်းရှင်းမှ မောင်းနှင်ရမည်။ မီးစိမ်းကို မီရန် အရှိန်မြှင့်၍ လုမမောင်းရ၊

(ဃ) **မှိတ်တုတ် အနီ၊ သို့မဟုတ် တစ်လှည့်စီလင်းသော အနီ**။ ၎င်းအရောင်ပြလျှင်ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြမီးတိုင် သို့ မရောက်မီ ယာဉ်ကို ရပ်ရမည်၊ ထိုအချက်ပြမှု ရပ်လျှင် မောင်းနှင်နိုင်သည်၊


(င) **မှိတ်တုတ်အဝါ၊ သို့မဟုတ် တစ်လှည့်စီလင်းသော အဝါ**။ ၎င်းအရောင်ပြလျှင် သတိဖြင့်အရှိန်လျှော့၍ မောင်းနှင်ရမည်၊

(စ) **လူဖြတ်ကူးရန် အနီ/ အစိမ်း**။ ခြေကျင်လျှောက်သူများအတွက် အစိမ်းပြလျှင်၊ သတိဖြင့် အမြန်ဖြတ်ကူးရမည်။ အနီပြလျှင် ဖြတ်မကူးရ။

၃။ ယာဉ်ထိန်းအချက်ပြမီးများ၏ ပုံများကို **နောက်ဆက်တွဲ( ဈ–၁)**တွင် ဖော်ပြထားသည်။

၄။ ယာဉ်ထိန်းအချက်ပြမီးများကို ယာဉ်မောင်းသူများ ကောင်းမွန်စွာ မြင်သာသည့် လမ်း၏လက်ယာဘက်နံဘေးတွင် လည်းကောင်း၊ လမ်းပေါ် ကောင်းကင်ယံတွင်လည်းကောင်း ယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ် စေသော အစီအစဉ်ဖြင့် တပ်ဆင်မည်။

(က) အစဉ်လိုက်တပ်ဆင်ထားသော မီးလုံးသုံးမျိုး၏ အနေအထားများ




ပုံ ၁၅၅



ပုံ ၁၅၅ (က)

အချက်ပြမီးလင်းအစီအစဉ်မှာ အနီ- အစိမ်း-အဝါ- အနီ ဖြစ်သည်။ သာမန်အားဖြင့် လမ်းဆုံလမ်းခွတွင် ယာဉ်သွားလာမှု ထိန်းသိမ်းရန်အတွက် အသုံးပြုသည်။

(ခ) မြားပုံပါ မီးစိမ်း



ပုံ ၁၅၆


မီးစိမ်း၏ လက်ယာဘက်ဘေးတွင် တွဲ၍ တပ်ဆင်ထားခြင်း



ပုံ ၁၅၇

မီးစိမ်း၏ အောက်ဘက်တွင် တွဲ၍ တပ်ဆင်ထားခြင်း

ပုံ ၁၅၆ နှင့် ပုံ ၁၅၇တွင် လက်ယာဘက်ကွေ့ ယာဉ်များအတွက် လမ်းကို အမြဲသွားလာခွင့် ပြုထားကြောင်းကို ပြသသည်။



ပုံ ၁၅၈


**မီးစိမ်းအစား မြားပုံပါ မီးစိမ်း သုံးခြင်း**

ပုံ ၁၅၈ ပါ မြားသည် သွားခွင့်ပြုသည့်ဘက်သို့ ပြသသည်။



ပုံ ၁၅၉

တွဲ၍ တပ်ဆင်ရာ၌ မီးစိမ်းအစား မြားပုံကို အသုံးပြုခြင်း



ပုံ ၁၆၀

မီးသုံးမျိုးနှစ်စုံကို ယှဉ်၍တပ်ဆင်ထားပါက မီးစိမ်းအစား မြားပုံကို ပြသခြင်း

ပုံ ၁၅၉ ပါ မြားပုံများသည် လမ်းဆုံ၌ လမ်းခွဲပုံအခြေအနေပေါ် မူတည်၍ အသုံးပြုသည်။

ပုံ ၁၆၀ သည် လမ်းလေးခုထက်ပို၍ ဆုံသောနေရာတွင် မီးစိမ်းအစား မြားပုံများကို ပြသသည်။

နောက်ဆက်တွဲ (ဈ-၁)။ ။ အဆက်


(ဂ) မီးသုံးမျိုးတွင် မီးနီနှင့်မီးစိမ်းကို ပိတ်ပြီး မီးဝါကို မှိတ်တုတ် မီးအဖြစ် ပြောင်းလဲပြသခြင်း



ပုံ ၁၆၁


ယာဉ်သွားလာမှုနည်းပါးချိန်တွင် အသုံးပြုနိုင်သည်။

(ဃ) မှိတ်တုတ်မီးဝါနှင့် တစ်လှည့်စီလင်းသော မီးဝါများ



ပုံ ၁၆၂

မှိတ်တုတ်မီးဝါတစ်လုံး




ပုံ ၁၆၃


တစ်လှည့်စီလင်းသော မီးဝါနှစ်လုံး

လူကူးမျဉ်းကျားတွင် ဖြစ်စေ၊ "တီ" ပုံသဏ္ဍာန်လမ်းဆုံတွင် ဖြစ်စေ အသုံးပြုနိုင်သည်။

## (င) မှိတ်တုတ်မီးနီနှင့် တစ်လှည့်စီလင်းသော မီးနီများ



ပုံ ၁၆၄
မှိတ်တုတ်မီးနီတစ်လုံး



ပုံ ၁၆၅
တစ်လှည့်စီလင်းသော မီးနီနှစ်လုံး

ရထားလမ်း ဖြတ်ကူးနေရာ၊ မ တင်နိုင်သော တံတား(Draw Bridge) နှင့် တံတားရှင်တို့တွင် အသုံးပြုသည်။

## (စ) ခြေကျင်လျှောက်သူများအတွက်သီးခြား အချက်ပြမီးများ



ပုံ ၁၆၆



ပုံ ၁၆၇ (က)



ပုံ ၁၆၇ (ခ)

ပုံ ၁၆၆ သည် လူမတ်တတ်ရပ်နေပုံ မီးနီ ပြစဉ် **လမ်းဖြတ်မကူးရ**။

ပုံ ၁၆၇ (က) သည် လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ် **လမ်းဖြတ်ကူး နိုင်သည်**။

နောက်ဆက်တွဲ( ဈ-၁)။ ။ အဆုံး

ပုံ ၁၆၇ (ခ) သည် လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ် ဘေးမှမီးစိမ်းများ မှိတ်တုတ်ဖြစ်လာပါက မီးစိမ်းမှ မီးနီသို့ မကြာမီ ကူးပြောင်းမည် ဖြစ်ကြောင်း အချက်ပေးခြင်းဖြစ်ရာ–

(က) လမ်းဖြတ်ကူးပြီးဖြစ်နေလျှင် တစ်ဘက်သို့ အမြန်ဆုံး ရောက်အောင် ဖြတ်ကူးပါ၊ သို့မဟုတ်

(ခ) လမ်းဖြတ်ကူးစ အခြေအနေတွင် ရှိနေပါက မဖြတ်ကူးတော့ဘဲ စောင့်ဆိုင်းနေပါ။